# 機車法規是非題(မြန်မာ)

| 題號 | 答案 | 題　目 |
|---|---|---|
| 001 | ○ | သတ်မှတ်နှုန်းထက်ကျော်၍ မောင်းနှင်ခြင်းသည် ယာဉ်တိုက်မှုဖြစ်ခြင်းများအနက် အဖြစ်များဆုံးဖြစ်သည်။。 |
| 002 | X | အိပ်ရေးမဝ၊ ဦးနှောက်မကြည်လင်ပေမဲ့ကားကို သတိဖြင့်မောင်းလျှင် မောင်းနှင်၍ရသေးသည်။ |
| 003 | X | စက်တံခါးအဆင့်မကြာအောင်ဆေးမှုမသိမှီလိုက်ကြသောအခါ ယာဉ်လှည်းနှင့်သားဖြစ်မှုမဟုတ်ရသည်။ |
| 004 | ○ | လမ်းစည်းကမ်းကို လိုက်နာခြင်းသည် ယာဉ်အန္တရယ်ဖြစ်ပွားမှုကို လျှော့နည်းစေပါသည်။ |
| 005 | ○ | ယာဉ်တိုက်မှု မဖြစ်ပွားခင် သင့်တော်သည့် ကြိုတင်ပြင်ဆင်မှုကို ကြိုတင်ပြင်ဆင်ယာဉ်မောင်းခြင်းဟု ခေါ်သည်။ |
| 006 | X | ကားမမောင်းခင် လမ်းအကြောင်း နားလည်ခြင်းသည် ယာဉ်အန္တရယ်ကင်းခြင်းနှင့် မဆိုင်။ |
| 007 | X | ညသန်းခေါင်နှင့် အာရုံအချိန်တွင် ကားများနည်းပါးသဖြင့် လျှင်မြန်စွာမောင်းနှင်ခွင့် ရှိသည်။ |
| 008 | ○ | ညအချိန်နှင့် မိုးတွင်းလမ်းချောသောအချိန်များတွင် ယာဉ်ကိုအရှိန်လျှော့ မောင်းနှင်ခြင်းသည်  ဘေးအန္တရာယ်ကင်း မောင်းနှင်မှုကို တိုးစေနိုင်သည်။ |
| 009 | X | ညအချိန်ယာဉ်မောင်းစဉ် မျက်နှာချင်းဆိုင်မှလာသော ယာဉ်သည် အနီးကြည့်မီး မပြောင်းပါက မိမိလည်း အဝေးကြည့်မီးထွန်း၍ ၎င်းကိုအခက်ရအောင်လုပ်ဆောင်နိုင်သည်။ |
| 010 | ○ | ရေဝပ်သောလမ်းတွင် မောင်းနှင်ပါက အရှိန်လျှော့ မောင်းရမည်။။ |
| 011 | ○ | ခေါင်းမော့၍ အဝေးကြည့်ခြင်း၊ မြင်ကွင်းကြည်လင်ခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီးအန္တရာယ်ကင်းသော အကွာအဝေးရှိနေခြင်းစသည်တို့သည် ယာဉ်တိုက်မှုမဖြစ်အောင် ကာကွယ်စေသည့် အချက်တစ်ချက်ဖြစ်သည်။။ |
| 012 | ○ | ယာဉ်တိုက်မှုအခင်းဖြစ်ပါက ဖြေရှင်းရာတွင် မည်သူမှားသည်မှန်သည်ကို အငြင်းပွားမနေဘဲ အသက်ကယ်မှုအတွက် ဦးစားလုပ်ဆောင်ခြင်းဖြင့် အချိန်အလဟသကုန်ဆုံးခြင်း အသက်ဆုံးရှုံးခြင်းစသည်တို့ မဖြစ်အောင်ကာကွယ်ရမည်။။ |

| | | |
|---|---|---|
| 013 | X | ကြီးမားသောယာဉ်တိုက်မှု ဖြစ်ပွားပါက သွားလာမှုလမ်းအဆင်ပြေမှုရှိစေရန် အခင်းဖြစ်ပွားသောနေရာကို သက်ဆိုင်ရာ၏ ညွှန်ကြားမှုကို စောင့်စရာမလိုဘဲ မိမိသဘောဖြင့် ရှင်းလင်းနိုင်သည်။။ |
| 014 | ○ | အခင်းဖြစ်ပွားမှုကို ပြေလည်စွာညှိနှိုင်းဆွေးနွေးခြင်းအတွက် အခင်းဖြစ်ပွားသူတရားခံ၊ တရားဝင် ကိုယ်စားပြုသူ၊ ကြီးကြပ်ကာကွယ်သူ သို့မဟုတ် ဆက်ခံသူတို့ ဆောင်ရွက်သင့်သည်။ |
| 015 | X | ယာဉ်တိုက်မှု တရားခံသည် ဒဏ်ရာရသူဖြစ်ပါက ပြဿနာမတိုးများစေရန်အတွက် ဆေးရုံသို့သွားကုသရန် မလိုပါ။။ |
| 016 | ○ | ဆိုင်ကယ်မောင်းနှင်စဉ်ကွေ့ကောက်သောလမ်းဖြတ်သန်းလျှင်လမ်းဘက်မှန်ကိုအသုံးပြုပြီး တစ်ဘက်မှလာသောယာဉ်ကိုသတိထားပါက မောင်းနှင်စဉ်အန္တရာယ်ကင်းမည်ဖြစ်သည်။ |
| 017 | ○ | ဆိုင်ကယ်ကွေ့သောအခါ ကွေ့သောအဝိုက်သေးလေ ဗဟိုခွာအရှိန်ကြီးလေ၊ ထို့ကြောင့်အရှိန်ပြင်းကွေ့ခြင်းကိုရှောင်ကြဉ်ပါ။ |
| 018 | X | ဆိုင်ကယ်မောင်းနှင်စဉ်လမ်းကြားထိပ်ရောက်ရှိပါက အရှိန်လျှော့စရာအလို့ဘဲ၊ အရှိန်မြန်စွာမောင်းနှင်နိုင်သည်။ |
| 019 | X | ဆိုင်ကယ်အဆင်ပြေစွာကွေ့ကောက်သောလမ်းဖြတ်သန်းရန်အတွက် ဆိုင်ကယ်ကွေ့သောအခါ အရှိန်မြင့်တင်ရမည်။ |
| 020 | X | ဆိုင်ကယ်စီးသောအခါ မိမိကိုယ်ယာဉ်စည်းကမ်းလိုက်နာရန်တာလိုအပ်ပြီး၊ ယာဉ်မောင်းသူနှင့်သက်ဆိုင်သောခုခံကာကွယ်နည်းအယူအဆများရှိရန်မလိုပါ။ |
| 021 | X | မော်တော်ဆိုင်ကယ်စီးရာတွင် ရုတ်တရက် အရှိန်လျှော့ပြီး ဘရိတ်ဖမ်းမှသာ မော်တော်ဆိုင်ကယ် စွမ်းဆောင်ရည်နှင့် ဘရိတ်အကျိုးသက်ရောက်မှုကို သိရှိနိုင်သည်။ |
| 022 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ သေချာအောင်စစ်ဆေးလေ ထိခိုက်မှုနည်းလေ၊ ရုတ်တရက်အခြေအနေများအတွက် အချိန်မရွေး အသင့်ပြင်ဆင်ထားရမည်။ |
| 023 | ○ | ချိုးကွေ့ရာမှာ ဗဟိုခွာအားကြောင့် ယာဉ်ကို တိမ်းစောင်းရမည်။ ကိုယ်ခန္ဓာသည် ဆိုင်ကယ်နှင့်အတူ တိမ်းစောင်းလျှင် အကွေ့အချိုးလွယ်မည်။ |
| 024 | ○ | မော်တော်ဆိုင်ကယ် ဘရိတ်ဖမ်းရာမှာ ရှေ့နှင့် နောက်ဘရိတ်ကို အတူတကွ သုံးရမည်။ ဘရိတ်တစ်ခုတည်းကို သုံးလျှင် တဖက်စောင်း လျှောနိုင်သဖြင့် ယာဉ်ဟန်ချက်ပျက်သွားမည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 025 | X | မော်တော်ဆိုင်ကယ်ဘရိတ်ကို အမြန်ဆွဲ(ဖမ်း)လျှင် မောင်းသူ ကိုယ်ခန္ဓာနှင့် ဘရိတ်ဟန်ချက်ညီမှုကို ထိန်းနိုင်ပြီး ပြောင်းလဲလုပ်ဆောင်နိုင်စွမ်းကို တိုးမြှင့်နိုင်သည်။ |
| 026 | ○ | မော်တော်ဆိုင်ကယ်ဘရိတ်ကို အမြန်ဆွဲခြင်းမလုပ်ရ သို့မဟုတ်လျှင် ဘီးတုံ့ကနဲ ရပ်၍ အန္တရာယ်ရှိနိုင်မည်။ |
| 027 | ○ | မော်တော်ဆိုင်ကယ်ဘရိတ်ဖမ်းရာမှာ ရှေ့နောက်ဘရိတ်ကို အတူတကွ ဖမ်းရမည်၊ ရှေ့ဘရိတ် သို့မဟုတ် နောက်ဘရိတ် ကိုသာ သုံးပါက တာယာစောင်း၍ လျှောနိုင်မည်။ |
| 028 | ○ | မော်တော်ဆိုင်ကယ်စီးသောအခါ မလိုအပ်ပဲ အရေးပေါ်ဘရိတ်အုပ်ခြင်းကို ရှောင်ကျဉ်ပါ။ |
| 029 | ○ | မိုးရွာစဉ်တွင်မော်တော်ဆိုင်ကယ်သည် အရှိန်လျှော့ပြီး ဘရိတ်ဆွဲရန် ကြိုတင်ပြင်ဆင်ထားရမည်။ |
| 030 | X | အနိမ့်မြင့်မညီသော လမ်းကြမ်းပေါ်တွင် လမ်းကြောင်းအခြေအနေ ပြောင်းလဲမှုကြီးမားသဖြင့် လက်ကိုင်ကို ခပ်မြဲမြဲကိုင်၍ အရှိန်မြှင့်ပြီး လျှင်မြန်စွာ ဖြတ်ကူးရမည်။ |
| 031 | ○ | မော်တော်ဆိုင်ကယ် ရှေ့ပိုင်းရှိ ပစ္စည်းထည့်သည့်ခြင်းတွင် များလွန်း သို့မဟုတ် လေးလွန်းသော ပစ္စည်းများကို မထည့်ရ။သို့မဟုတ်လျှင် လက်ကိုင်လုပ်ဆောင်မှုကို ထိခိုက်သဖြင့် အန္တရာယ် ဖြစ်စေမည်။ |
| 032 | ○ | ချိုးကွေ့ သို့မဟုတ် ယာဉ်သွားလမ်း မပြောင်းခင်မှာ အကွေ့အချက်ပြမီး ဖွင့်ပြီး ရှေ့ကားနှင့် နောက်ကားကို သတိပေးရမည်။ ပြီးတော့မှ အကွေ့အချက်ပြမီးကို ပုံမှန်အတိုင်း ပြန်လုပ်ပေးရမည်။ |
| 033 | ○ | မော်တော်ဆိုင်ကယ်စီးနင်းရာမှာ မောင်းနေသော မော်တော်ကား ရှေ့ဘက်သို့ ရုတ်တရက် ချိုးကွေ့ဝင်မောင်းနှင်ခြင်းသည် အလွန်အန္တရာယ်ရှိသော ဆောင်ရွက်မှုဖြစ်သည်။ |
| 034 | ○ | ကားကိုစွမ်းသည်းတိုက်ရိုက်ခြင်းတိုက်ရိုက်နှင့် ကားအကြားစွမ်းသည်းတိုက်ရိုက်ကို အဆင့်အနေသွားမှတ်သားသူများကို ပုံအလိုက်ရယူကြည့်ရန် သက်သားမြတ်မည်။ |
| 035 | ○ | မော်တော်ကား နောက်ကြည့်မှန်မှ ကားအပြင်ရှိ အခြေအနေကို အားလုံးမကြည့်နိုင်ပေ။ ထို့ကြောင့် ရုတ်တရက်ယာဉ်တိုက်မှု မဖြစ်စေရန်အတွက် မော်တော်ဆိုင်ကယ်သည် နောက်ကြည့်မှန် မြင်ကွင်းကွယ်သောနေရာတွင် ကြာရှည်စွာ မစီးနင်းရပေ။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 036 | ○ | [အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ခြင်း] ဟူသော အသိတရားရှိသည့် ကားမောင်းသူသည် စည်းကမ်းဖောက်ဖျက်သော လူနှင့်ကားများကို အခြေအနေအရ မီးစင်ကြည့်ကပြီး မိမိရဲ့ လုံခြုံရေးကို မထိခိုက်စေရန်အတွက် ကြိုတင်ပြင်ဆင် ရမည်။ |
| 037 | ○ | ယာဉ်မောင်းသူက တပါးသူကို မိမိအမှားကြောင့် သေစေမှုဖြစ်ပါက တရားဥပဒေအားဖြင့် ရာဇဝတ်ဆိုင်ရာ (ပြစ်ဒဏ်ကျခံ)၊ တရားမဆိုင်ရာ (လျော်ကြေးပေး)၊ အုပ်ချုပ်ရေးဆိုင်ရာ (ကားမောင်းလိုင်စင်ကို ဖျက်သိမ်း) စသော တာဝန် ၃မျိုးကို ထမ်းဆောင်ရမည်။ |
| 038 | X | ကားမောင်းသူသည် အလျင်လိုသောကြောင့် မီးနီကို ဆက်မောင်းပါက ဒဏ်ငွေချခံရမည်။ စည်းကမ်းဖောက်ဖျက်မှုအမှတ် ၃ပွိုင့်ကို မမှတ်သားပေ။ |
| 039 | X | ကားမောင်းသူက မီးနီရာတွင် ဆက်မောင်းသဖြင့် တပါးသူအား ပြင်းထန်ဒဏ်ရာ ရရှိစေပါက ကားမောင်းလိုင်စင်ကို ဖျက်သိမ်းရန် မလိုပေ။ |
| 040 | ○ | ကားမောင်းသူက မီးပွိုင့်ရှိသော လမ်းဆုံတွင် မီးနီချိန် ညာဘက်ကွေ့ပါက ထိုင်ဝမ်ငွေ ၆၀၀-၁၈၀၀ ဒဏ်ငွေဆောင်ရမည်။ |
| 041 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ သတ်မှတ်သော ဦးတည်ချက်အလိုက် စီးနင်းရမည်။ ကျူးလွန်သူအား ဒဏ်ငွေချပြီး စည်းကမ်း ဖောက်ဖျက်မှုအမှတ် မှတ်သားမည်။ |
| 042 | X | လမ်းဆုံရောက်ခါနီးတွင် အဝေးမှ မီးပွိုင့်မီးဝါသို့ပြောင်းခြင်းကို မြင်ခဲ့လျှင် အလျင်လိုသောကြောင့် အချိန်ချွေတာရန်အတွက် အရှိန်မြှင့်၍ ဆက်မောင်းနိုင်သည်။ |
| 043 | X | လမ်းဆုံရောက်ခါနီးတွင် မီးပွိုင့်သည် ဘယ်ဘက်ကွေ့ရန် မီးစိမ်းသို့ ပြောင်းသွားသည်ကို တွေ့ လျှင် ချက်ခြင်း အတွင်းယာဉ်ကြောသို့ ပြောင်းပြီး အစဉ်အလိုက် ဘယ်ဘက်ကွေ့ရမည်။ |
| 044 | ○ | ကားမောင်းရာမှာ သင့်လျော်သော အရှိန်ထိန်း၍ ရှေ့ဘက်ရှိ အခြေအနေကို အချိန်မရွေး သတိထားရမည်။သို့မှသာကားမောင်းစဉ် စိတ်ဖိအားနှင့်အရဲစွန့်မှုကို လျှော့ပြီး လုံခြုံရေးကို မြှင့်တင်နိုင်သည်။ |
| 045 | ○ | ဥမင်လိုဏ်ခေါင်းတွင် မြင်ကွင်း မကြည်လင်ခြင်း၊ မြင်ကွင်းကျဉ်းခြင်း၊ လမ်းကြောင်း အခြေအနေသိရန် ခက်ခဲခြင်း၊ အလင်းရောင် ပြောင်းလဲမှု ကွာဟချက်အမျိုးအမျိုးရှိသဖြင့် ဥမင်လိုဏ်ခေါင်းဖြတ်ကျော်ရာမှာ ရှေ့မီးကို ဖွင့်ရမည်။ |

| | | |
|---|---|---|
| 046 | X | ဦးတည်ချက် မတူသောကား၂စီးသည် မီးပွိုင့်မရှိသော လမ်းဆုံလမ်းခွသို့ တပြိုင်နက် fရောက်ရှိပါက အကယ်၍နှစ်ဘက်ယာဉ်သည်တန်းတန်းမတ်မတ်သွားခြင်းဖြစ်လျှင် ဘယ်ဘက်ကားကို ဦးစား ပေး ရမည်။ |
| 047 | ◯ | မော်တော်ဆိုင်ကယ် စတင်မစီးနင်းခင်မှာ ပတ်ဝန်ကျင်ရှိ ကားနှင့်လမ်း အခြေအနေကို ဂရုစိုက်ရမည်။ ဖြတ်သန်းသွားလာနေသော ကားနှင့်လူများ  ဖြတ်သန်းသွားပြီးမှ စတင်စီးနင်းနိုင်မည်။ |
| 048 | ◯ | ကားယာဉ်မောင်းနှင်ရာမှာ ယာဉ်သွားလမ်းကို ထင်သလိုပြောင်းခြင်း သို့မဟုတ် မြွေကွဲသို့ ကွေ့ကောက်၍မောင်းနှင်ခြင်း မပြုရ၊ သို့မဟုတ်လျှင် အနောက်ရှိကားများ ပုံမှန်မောင်းနှင်ခြင်းကို ထိခိုက်နိုင်မည်။ |
| 049 | ◯ | အရှိန်ပြင်းပြင်းနှင့်မောင်းနှင်နေစဉ် ရုတ်တရက်ဘရိတ်ဖမ်းခြင်းကို ရှောင်ရှားရမည်၊သို့မှသာနောက်ကားက အနောက်မှဝင်မတိုက်နိုင်ပေ။ |
| 050 | X | အရှိန်ပြင်းပြင်းနှင့်မောင်းနှင်နေစဉ် ရုတ်တရက်ဘရိတ်ဖမ်းခြင်းနှင့်အရှိန်မြှင့်ခြင်းသည် မိမိကျွမ်းကျင်စွာစီးနင်း နိုင်မှုကို ဖေါ်ပြနိုင်သည်။ |
| 051 | ◯ | ကားတန်း အရှိန်လျှော့ရာမှာ ယာဉ်သွားလမ်းကို ထင်သလိုပြောင်းခြင်း မပြုရ သို့မဟုတ်လျှင် အခြားကားက ရှောင်ရန်အချိန်မရှိသောကြောင့်ဝင်တိုက်မိနိုင်မည်။ |
| 052 | ◯ | လမ်းသွယ်မှ ပင်မလမ်းသို့ ဝင်ရာမှာ ကားရပ်၍ကြည့်ရှု့ပြီး ဘေးကင်းခြင်းကို အတည်ပြုပြီးမှ ဆက်လက် မောင်းနှင် ရမည်။ |
| 053 | ◯ | မောင်းနှင်ဦးတည်ချက် ပြောင်းလဲရာမှာ အကွေ့အချက်ပြမီးဖွင့်ပြီး နောက်ကြည့်မှန် မှကြည့်ရမည်။ ထို့အပြင် ပတ်ဝန်းကျင်ရှိ ကားနှင့်လူ အခြေအနေကိုသိရှိရန်အတွက် ခေါင်းလှည့်၍ စစ်ဆေးကြည့်ရှုသည့် အကျင့်မျိုးရှိရမည်။ |
| 054 | X | အဆင့်မြင့်သူသည် အင်္ဂလိပ်လက်များကိုရှိသည်အတွက် သောသူများနှင့်ပတ်သက်မှု့ကို တစ်ဆင့်ဖြည့်သင့်သည်။ |
| 055 | X | ကားသောက်သွားခြင်းအခြေအနေမှတ်ပုံကို သီးသန့်အားမှတ်သားတဲ့လူများကို အမြစ်ထည့်သွင်းထားရန် ခြင်းခံရမည်။ |

| | | |
|---|---|---|
| 056 | ○ | မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် ယာဉ်တိုက်မှုဖြစ်၍ သူတပါး ဒဏ်ရာရခြင်းနှင့် သေမှုသေခင်းဖြစ်ပါက တမင်ပြုလုပ်ခြင်းဖြစ်လျှင် လူသတ်မှု သို့မဟုတ် ထိခိုက်မှုဖြင့်.အရေးယူခံရမည်။ |
| 057 | X | မိမိရှေ့ရှုသောလမ်းစဉ်သည် ယောက်ျားနှင့် ကျွန်ုပ်တို့ကို အာရှဖြစ်မွေးမွေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် အကြောင်းအချိူမရှိပဲ ရောက်ကျွန်းစေခြင်းအတွက် ရပ်နာခြင်းသည်မှာလက်ခံနိုင်သည်။ |
| 058 | ○ | ယာဉ်တိုက်မှုများသည် ယာဉ်မောင်းသူ သတိမပြုခြင်း၊ မှားယွင်းခြင်းနှင့် မကောင်းသောကားမောင်းမှုအကျင့်ကြောင့် ဖြစ်စေသည်။ |
| 059 | ○ | အရက်သောက်ပြီးနောက် အမြင်အာရုံလျှော့ကျပြီး တုံ့ပြန်ချက်နှေးကွေးသဖြင့် ယာဉ်တိုက်မှုဖြစ်နိုင်နှုန်း မြှင့်စေသည်။ |
| 060 | ○ | မော်တော်ဆိုင်ကယ်သည် ကားထိန်းချုပ်မှုအမှတ်အသားမရှိသော လူကူးမျဉ်းကြားကို ဖြတ်ကျော်သည့်အခါ အရှိန်လျှော့ပြီး ဖြည်းဖြည်မောင်းရမည်။ |
| 061 | X | မော်တော်ဆိုင်ကယ်စီးရာမှာ ယာဉ်ထိန်းစေတနာ့ဝန်ထမ်းညွှန်ပြမှုကို အရေးမထားနှင့်၊ အမှတ်အသားကိုသာ အဓိကထားရမည်။ |
| 062 | X | မော်တော်ဆိုင်ကယ်စွမ်းရည်ကောင်းခြင်းနှင့် ယာဉ်မောင်းသူမောင်းနှင်မှုသာ ကျွမ်းကျင်ပါက အမြန်သွားလမ်း သို့မဟုတ် မည်သည်.လမ်းကြောင်းတွင်မဆို စီးနင်းနိုင်သည်။ |
| 063 | ○ | မော်တော်ဆိုင်ကယ်စီး၍ လူတင်ပါက ပို၍သတိထားရမည်။ လူ့အသက် သည် အလွန်အရေးကြီးသည်၊ ခရီးသည် အသက်သည်  မောင်းနှင်သူ လက်ထဲတွင် ရှိသည်။ |
| 064 | ○ | ကားမောင်းမှု အကျင့်ဆိုးသည် မမှန်ကန်သော၊ မသင့်လျော်သော အကျင့်စရိုက်မှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဥပမာ တစီးနှင့်တစီးကပ်၍ မောင်းခြင်း၊ ထင်သလိုယာဉ်ကြောင်းပြောင်းလွဲကျော်တက်ခြင်း၊ လမ်းလု၍ ချိုးကွေ့ခြင်း၊ သတ်မှတ် အရှိန်ထက် ကျော်လွန်ခြင်း သို့မဟုတ် ကမန်းကတန်း မောင်းနှင်ခြင်း။ |
| 065 | ○ | ကားအချို့တစ်ရက်အချို့အမြင့်အားမတည့်မျှော်လင့်ခ်ကြီးကို ဆက်လက်တစ်ရက်အချို့ရရှိနိုင်ပါသည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 066 | ○ | မော်တော်ဆိုင်ကယ်သည် အကြီးစားယာဉ် နောက်ဘက် သို့မဟုတ် ဘေးဘက်တွင် စီးနင်းခြင်းကို တတ်နိုင်သလောက် ရှောင်ရှားရမည်။ရုတ်တရက်အခြေအနေ ဖြစ်ပေါ်လာပါက သင့်တော်အောင် ကြိုတင်၍ မလုပ်နိုင်ပေ။ |
| 067 | X | ဘရိတ်ဆွဲရာမှာ နဂိုအသံမဟုတ်ခြင်းသည် ပုံမှန်အခြေအနေ ဖြစ်သဖြင့် စစ်ဆေးပြုပြင်ရန် မလိုပေ။ |
| 068 | ○ | ဘရိတ်ဆွဲရာမှာ  နဂိုအသံမဟုတ်ခြင်းသည် ပုံမှန်အခြေအနေမဟုတ်ခြင်းဖြစ်သဖြင့် စစ်ဆေးပြုပြင်ရန် လိုအပ်သည်။ |
| 069 | ○ | ကားယာဉ်မျှတမှုများအား မသင်သန်းရန်နှင့် လမ်းကြောင်းယာဉ်မျှတမှုများကို ခြေရာခံရမည့် ယံုသုံးအချို့ဖြစ်သည်။ |
| 070 | X | နေရာရှိလျှင် မော်တော်ဆိုင်ကယ်သည် မည်သည့်နေရာတွင်မဆို ရှေ့သို့စီးခြင်းနှင့်ပြန်ကွေ့ခြင်း လုပ်နိုင်သည်။ |
| 071 | X | မော်တော်ဆိုင်ကယ်သည် လူကူးမျဉ်းကြားကို ဖြတ်ကျော်ရာမှာ ဖြတ်ကူးသူများရှိပါသော်လည်း မော်တော်ဆိုင်ကယ်သည် လူတစ်ဦးနှင့်တဦးကြားနေရာလွတ်မှ ဖြတ်ကူးနိုင်သည်။ |
| 072 | X | ကားထိန်းချုပ်မှုအမှတ်အသားမရှိသော လူကူးမျဉ်းကြား ဖြတ်ကျော်ရာမှာ လမ်းပိတ်ဆို့မှုမဖြစ်စေရန်အတွက် မော်တော်ဆိုင်ကယ်သည် အရှိန်မလျှော့ပဲ အမြန်စီးနင်းနိုင်သည်။ |
| 073 | X | ဘေးကင်းဦးထုပ်သည်  ပြင်းထန်စွာတိုက်ခံရပြီးနောက် ပြင်ပသဏ္ဍာန်မှာ ပျက်စီးခြင်းမရှိလျှင် အသစ်လဲရန် မလိုပေ။ |
| 074 | ○ | မော်တော်ဆိုင်ကယ် ဘရိတ်အချက်ပြမီးသည် နောက်ကားကို မိမိကား အခြေအနေကို သိရှိစေရန်ဖြစ်ပြီး ယင်းချွတ်ယွင်းချက်ကိုအလွယ်တကူ လစ်ဟင်းတတ်သည်။ မစီးနင်းခင်မှာ မစစ်ဆေးပဲ ကတိုက်ကရိုက်မောင်းထွက်လျှင် နောက်ကားကအကဲဖြတ်မှားသဖြင့် အနောက်မှလိုက်၍ တိုက်မိနိုင်သည်။ |
| 075 | ○ | မော်တော်ဆိုင်ကယ် လီဗါလျော့ခြင်း၊ တင်းလွန်းခြင်း စသော ပုံမှန် အခြေအနေမဟုတ်ပါက ချက်ခြင်း ပြုပြင်ရမည်။ |
| 076 | ○ | မော်တော်ဆိုင်ကယ် မစီးခင်မှာ ဘရိတ်စနစ်ကို အထူးစစ်ဆေးရမည်။ ပုံမှန် အခြေအနေမဟုတ်ပါက အမြန်ဘရိတ်ဆွဲခြင်းမလုပ်ရ ချက်ခြင်း စစ်ဆေးပြုပြင်ရမည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 077 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ လက်ကိုင်ဖုန်းကို သုံးပါက<br>အထူးအန္တရာယ်ရှိသောအချက်တချက် ဖြစ်သည်။<br>ယာဉ်မောင်းသူဟန်ချက်မညီခြင်းနှင့်အာရုံစိုက်မှုကိုပျံ့.လွင့်စေသောကြောင့်. မတော်တဆ<br>ယာဉ်တိုက်မှုဖြစ်လွယ်သည်။ |
| 078 | X | မော်တော်ဆိုင်ကယ်စီးရာ သို့မဟုတ် မီးနီကို စောင့်ရာမှာ လက်ကိုင်ဖုန်း သို့မဟုတ်<br>ကွန်ပြူတာဖြင့် သတင်းပို့လျှင် အချိန်ချွေတာ၍ သတင်းကို အချိန်မီ သိရှိနိုင်သည်။ |
| 079 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ ဘရိတ်မဖမ်းမီ လီဗါအရင်လွှတ်ပြီး<br>ဆီမပေးသည့်အနေအထားသို့ ထားရမည်။ |
| 080 | ○ | လှောင်များအား<br>အသင်းအဖြစ်ပြန်လည်စေခိုင်းရင်းနှီးနိုင်စေခိုင်းမီးအားချပြေးပြီးလွှန်းခဲ့သည်။ |
| 081 | X | ယာဉ်စည်းကမ်းဥပဒေကို လိုက်နာသူသည် ကောင်းမွန်သောယာဉ်မောင်းသမားသာ<br>ဖြစ်သည်။ ယာဉ်မောင်းအကျင့်သိက္ခာနှင့် မသက်ဆိုင်ပါ၊ |
| 082 | ○ | ညှာတာခြင်းနှင့် သဘောထားကြီးခွင့်လွှတ်ခြင်းသည် ယာဉ်မောင်းသမားကောင်းတစ်ဦး<br>အကျင့်စာရိတ္တဖြစ်သည်၊ |
| 083 | ○ | မီးပွိုင့်မီးစိမ်း၍ ကားမောင်းနှင်နေသော်လည်း မထင်မှတ်ဘဲဖြတ်ကူးလာမည့်<br>လူနှင့်ယာဉ်အန္တရာယ်များကို သတိထားရသည်၊ |
| 084 | ○ | ကျွန်တော်တို့ ကားမမောင်းမီ ကားကို စစ်ဆေးခြင်း၊ ၎င်းကားကောင်းမွန်အောင်<br>ထိန်းသိမ်းပြုပြင်ခြင်း၊ မောင်းနှင်စဉ် လူသွားလူလာနှင့်အခြားယာဉ်များအန္တရာယ်<br>မဖြစ်စေရန် ဂရုစိုက်မောင်းနှင်ခြင်းသည် ကားမောင်းသူ ကျင့်ဝတ်သိက္ခာတစ်ခု ဖြစ်သည်။ |
| 085 | X | အနောက်မှ မောင်းနှင် လိုက်ပါလာသော မော်တော်ယာဉ်သည် ဖုန်သဲလဲများ<br>မညစ်ပတ်မိစေရန် မိမိမော်တော်ယာဉ်ကို ကျော်တက်မောင်းနှင်သောအခါ<br>မိမိသည်လည်းထိုကားအား ၎င်းနည်းတူ ပြန်ကျော်တက်မည်၊ |
| 086 | ○ | ယာဉ်မောင်းသူသည် ယာဉ်မောင်းအကျင့်သိက္ခာ မရှိပါကမိမိအတွက်တင်မက<br>သူတစ်ပါးအတွက်လည်းအန္တရာယ်ရှိနိုင်သည်၊ |
| 087 | X | သက်ကြီးရွယ်အိုများနှင့်ကလေးငယ်များ လူကူးမျဉ်းကျားတွင် လမ်းဖြတ်ကူးသောအခါ<br>အချိန်နှောင့်နှေးနေပါက ၎င်းတို့အား လျင်မြန်စွာလမ်းကူးစေရန်<br>ဟွန်းတီးအချက်ပြပါမည်၊ |

| | | |
|---|---|---|
| 088 | ○ | ယာဉ်ကို စက်ရုံ၊ ကျောင်း၊ ကားဂိတ်၊ အစည်းအဝေးခန်းမ၊ ကစားကွင်း၊ ပြတိုက်နှင့် အားကစားကွင်းစသော လူသွားလူလာများသည့် နေရာသို့ ဝင်ထွက်သောအခါတွင်လည်းကောင်း၊ လူနေရပ်ကွပ်များသို့ ဝင်ရောက်မောင်းနှင်သောအခါတွင်လည်းကောင်း ယာဉ်လမ်းညွှန်ဆိုင်းဘုတ်တွင်ဖော်ပြထားသည့်အတိုင်း အရှိန်လျှော့မောင်းနှင်သင့်သည်၊ |
| 089 | X | ကားမောင်းမတော်တဆ ယာဉ်တိုက်မှုဖြစ်ခဲ့သော် တိုက်ခံရသောလူ မသေ/ ဒဏ်ရာမရသည်ကို တွေ့ရှိပါက ပြဿနာဖြစ်စေရန် ကားကိုလျင်မြန်စွာ မောင်း၍ ထွက်ခွါသွားမည်။ |
| 090 | X | ညအခါကားလမ်းမကြီးပေါ်တွင် ယာဉ်မောင်းနှင်စဉ် မိမိကားဦးစွာ မောင်းနှင်နိုင်ရန် အဝေးလင်းမီးသုံး၍သော်လည်းကောင်း ဟွန်းကို ကျယ်လောင်စွာတီးခြင်းဖြင့်လည်းကောင်း အခြားကားအား လမ်းဖယ်ပေးရန်အချက်ပြရမည်။ |
| 091 | X | ယာဉ်ထိန်းရဲနှင့် လုည့်ကင်းရဲများသည် ယာဉ်စည်းကမ်းမလိုက်နာသူများအား ဥပဒေအရ အရေးယူခြင်းမှာ ယာဉ်မောင်းသူကို ပြဿနာရှာခြင်းပင် ဖြစ်သည်၊ |
| 092 | X | ယာဉ်မောင်းသူသည် ယာဉ်မောင်းစည်းကမ်းကို မလိုက်နာခြင်းကို ယာဉ်ထိန်းရဲတွေ့ရှိပါက အရှိန်ကြီးနှင့် မောင်းနှင်ထွက်ပြေး သင့်သည်၊ |
| 093 | ○ | ယာဉ်မောင်းသူက ယာဉ်မောင်းနှင်စဉ်တွင် ညွှန်ပြဆိုင်းဘုတ်၊ ညွှန်ပြအမှတ်အသားများအတိုင်းပဲ မောင်းရသည်။ ယာဉ်ထိန်းရဲ ရှိမရှိနှင့်မဆိုင်ပါ။ |
| 094 | ○ | စက်မှုလူ့အဖွင့်အစည်းတွင် အချိန်သည် ဥစ္စာခနေဖြစ်သည်၊ အရှိန်လွန်နှင့်မောင်းနှင်လျှင် အန္တရာယ်များပါသည်၊ အသက်သည် ဥစ္စာခနေထက် တန်ဖိုးကြီးသည်ဟု မှတ်ယူရသည်။ |
| 095 | ○ | လိုဏ်ခေါင်းထဲမောင်းလျှင် ကားမီးဖွင့်ကာ အရှိန်ကို လျှော့မောင်းသင့်သည်၊ လမ်းလိုင်း လုံးဝမပြောင်းရပါ။ |
| 096 | ○ | ယာဉ်မမောင်းမီ စိတ်ငြိမ်ငြိမ်လေးရှိရသည်၊ ယာဉ်မောင်းစဉ်တွင် အာရုံစိုက်ရသည်။ |
| 097 | X | အရက်သောက်ပြီးနောက် မျက်စိမြင်၊ နားထောင်စွမ်းရည်နှင့် ဆုံးဖြတ်စွမ်းတို့သည် နှောင့်နှေးလာတတ်သည်။ သို့သော်ကားမောင်းသူသည် အလွန်နှစ်ချိုက်သည်။ ထို့ကြောင့် အရက်သောက်ပြီးနောက် ကား/မော်တော်ဆိုင်ကယ်ကိုမောင်းလို့ရသည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 098 | ○ | ယာဉ်မောင်းနေစဉ်တွင် ကားနှစ်စီးတစ်ပြေးတည်းမောင်းရင်း စကားပြောခြင်းမပြုရပါ၊ အာရုံ စိုက်ရသည်။ |
| 099 | ○ | မော်တော်ဆိုင်ကယ်မောင်းနှင်လျှင် တစ်မိနစ်တစ်စက္ကန့်ကိုမျှ မလုသင့်ပါ၊ တစ်မိနစ်တစ်စက္ကန့်တိုင်းကို အမှတ်မဲ့မပြုရပါ၊ |
| 100 | X | ကားလမ်းပေါ်တွင်အခြားယာဉ်တိုက်မှုဖြစ်ပွားသည်ကိုတွေ့ရှိပါက  မိမိကားလုံခြုံမှုရှိစေရန် ယာဉ်ကိုဆက်မောင်းသည်။ |
| 101 | ○ | ယာဉ်စည်းကမ်းဥပဒေနှင့် ကားအန္တရာယ် မဖြစ်ပွားစေရန် စနစ်တကျယာဉ်သွားလာရေးအတွက် စည်းမျဉ်းသတ်မှတ်ချက်များကို နားလည် ရှုံသာမက ကိုယ်တိုင်လိုက်နာဆောင်ရွက်မှသာလျှင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိသော လုံခြုံသောလမ်းပန်းဆက်သွားရေးကို ရရှိမည်ဖြစ်ပေသည်၊ |
| 102 | ○ | မော်တော်ဆိုင်ကယ်များသည် ကားယာဉ်ကြောအဖြစ်သတ်မှတ်ထားနေရာကို မောင်းနှင်ခြင်းမပြုရ၊ |
| 103 | X | ယာဉ်မောင်းသူတစ်ယောက်အနေဖြင့် ယာဉ်မောင်းကျွမ်းကျင်မှု တစ်ခုသာလိုအပ်သည် ယာဉ်စည်းကမ်း ဥပဒေမှာ သိပ်အရေးကြီးလှပါ။ |
| 104 | ○ | ယာဉ်တိုက်မှုဖြစ်ပွား၍ စစ်ဆေးမေးမြန်းမှုများပြုလုပ်ခြင်းခံရခြင်းသည် ယာဉ်မောင်းသူရှိသင့်သော တာဝန်ဝတ္တရား ဖြစ်သည်၊ |
| 105 | ○ | ယာဉ်ကားရပ်နားခြင်းများသည့် နေရာတွင် ယာဉ်ရပ်နားလျှင် သတ်မှတ်ထားသည့် အချိန်နှင့်နေရာ မှာပဲရပ်နိုင်သည်၊ ဖြစ်စလွယ် မရပ်ရပါ။ |
| 106 | X | ယာဉ်ထိန်းရဲများကင်းလှည့်၍ ယာဉ်စည်းကမ်းမလိုက်နာသူများအား နှိမ်နင်းဖမ်းဆီးခြင်းသည် ယာဉ်မောင်းသူအတွက်အန္တရာယ်ဖြစ်စေသည်၊ |
| 107 | ○ | ယာဉ်မောင်းသူသည် အရှေ့ကား ညာကွေ့၍ သော်လည်းကောင်း။ မျက်နှာချင်းဆိုင်မှကားလာ၍သော်လည်းကောင်း ကျော်တက်ခြင်းမပြုရပေ။ |
| 108 | ○ | တစ်ဖက်ယာဉ်ကြောမှ ကားမောင်းလာသောအခါ ကွေ့သောအခါနှင့် လမ်းဆုံလမ်းဝရောက်သောအခါ အထူးသတိပြုမောင်းနှင်သင့်သည်။ |
| 109 | ○ | မတ်ဆောက်သော ကုန်းတက်ကုန်းဆင်းများကို မောင်းနှင်ရာတွင် အရှိန်လျှော့၍ မောင်းနှင်ရသည်၊ ကားကွေ့ခြ။ ရပ်နားခြင်း၊ ကျော်တက်ခြင်းများမပြုရပါ။ |
| 110 | ○ | မော်တော်ဆိုင်ကယ်သည် သေးငယ်သော်လည်း ယာဉ်ကြောတွင်ဖြစ်သလို မကွေ့ရပါ။ |

| | | |
|---|---|---|
| 111 | ○ | မော်တော်ဆိုင်ကယ်အရှိန်မြင့်မြင့်မောင်းလေ ရပ်တန့်သောအခါတွင်အရှိန်မြင့်လေ<br>ရပ်တန့်မှုအကွာအဝေး ပိုရှည်လေဖြစ်သည်၊ |
| 112 | ○ | စိုစွတ်ပြီးချောသောလမ်းမှာမောင်းသောယာဉ် ရပ်လိုပါက ကားအရှိန်လျှော့ပြီးမှ<br>ဘရိတ်အုပ်သင့်သည်၊ |
| 113 | X | ကားကျော်တက်ရာ ယာဉ်ကြောအလယ်မှ မျဉ်ဝါနှစ်ကြောင်းကိုဖြတ်၍<br>တစ်ဖက်ယာဉ်ကြောအတွင်း ဝင်ရောက်မောင်းနှင်နိုင်သည်၊ |
| 114 | ○ | ယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှ ဖြတ်သန်းသွားလာမိသောယာဉ်နှင့် တခြားလူများသည်<br>ရဲစခန်းသို့ အမြန်ဆုံးအကြောင်းကြားရန်နှင့် တစ်တပ်တအားကူညီပေးရန်။<br>အခင်းဖြစ်ပွားသော နေရာတွင် ဝိုင်းဝန်းကြည့်ရှုခြင်းများမပြုလုပ်ရန် ယာဉ်တိုက်မှုဖြစ်ပြီး<br>တရားခံယာဉ်ထွက်ပြေးတိမ်းရှောင်သည်ကို တွေ့ရှိပါကရဲစခန်းအား<br>အကြောင်းကြားဆက်သွယ်သင့်သည်။ |
| 115 | X | မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ယာဉ်မောင်းနှင်လာစဉ် မော်တော်ဆိုင်ကယ်သည်<br>ကျော်တက်ခွင့်ရှိသည်၊ |
| 116 | ○ | မော်တော်ဆိုင်ကယ်ယာဉ်တိုက်မှုဖြစ်ပွားလျှင် အမှုဖြစ်ပွားသူသည် ရဲစခန်းသို့ချက်ချင်း<br>အကြောင်းကြားရသည်၊ |
| 117 | X | မော်တော်ဆိုင်ကယ်သည် သေးငယ်ပေါ့ပါးသောကြောင့် အခြားယာဉ်များနှင့်<br>ယာဉ်ဘောင်တန်း မောင်းနှင်ခွင့်ရှိသည်၊ |
| 118 | ○ | အနောက်ယာဉ်မှ မိမိ့ယာဉ်အားကျော်တက်လျှင် ယာဉ်အန္တရာယ်မဖြစ်စေရန်<br>မိမိယာဉ်မှတစ်ဖက်ယာဉ်အား ပြန်ကျော်တက်ခြင်းမပြုရပါ၊ |
| 119 | ○ | ရုတ်တရက် အရေးပေါ်ဘရိတ်သုံးရာတွင် အနောက်ယာဉ်သည် မိမိယာဉ်အား<br>မတိုက်မိစေရန်နှင့် ခရီးသည်လုံခြုံရေးကို အထူးသတိပြုကာကွယ်သင့်သည်၊ |
| 120 | ○ | ကားမောင်းစဉ် စက်ပစ္စည်းတစ်ခုခုချို့ယွင်းပါက ယာဉ်ကြောညာဘက်ခြမ်းသို့ ကပ်ရပါသ။<br>၊ထို့အပြင် ယာဉ်သွားလာများအား အနှောက်အယှက်မဖြစ်သောနေရာတွင် ရပ်နားပါ၊ |
| 121 | ○ | မော်တော်ဆိုင်ကယ်မောင်းနှင်သူ အခြေခံယဉ်ကျေးမှုများမှာ သနားကြင်နာတက်ခြင်း၊<br>ညှာတာအလျှော့ပေးခြင်း၊ ကိုယ့်ကိုယ်ထိန်းချုပ်နိုင်ခြင်းတို့ဖြစ်ပြီး<br>ယာဉ်မောင်းကျင့်ဝတ်သိက္ခာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်၊ |

| | | |
|---|---|---|
| 122 | X | မော်တော်ဆိုင်ကယ်ကို သတ်မှတ်ထားသောကာလအတိုင်း ပြုပြင်မွမ်းမံမှုများ ပြုလုပ်ထားပါက ယာဉ်မမောင်းမီ ယာဉ်စက်ပစ္စည်းများ စစ်ဆေးခြင်းသည် အချိန်နှောင့်နှေးစေပါသဖြင့် စစ်ဆေးရန် မလိုအပ်ပါ၊ |
| 123 | ○ | မော်တော်ဆိုင်ကယ် အရေးပေါ်ဘီရိတ်ဖမ်းရာတွင် မှောက်လွယ်သဖြင့် သတ်မှတ်ထားသော အရှိန်ဖြင့် စီးနင်းရမည်။ |
| 124 | ○ | ယာဉ်ကွေ့သောအခါတွင် အခြားယာဉ်နှင့်ယှဉ်မောင်းခြင်း၊ ကျော်တက်ခြင်းများမပြုရပါ၊ |
| 125 | ○ | ယာဉ်များရထားလမ်းကို ဖြတ်မောင်းသောအခါကားမှောက်ခြင်းစသော အန္တရာယ်များဖြစ်ပွားနိုင်ပါသဖြင့် ကားကျော်တက်ခြင်း အလုအယက်မောင်းခြင်း မပြုသင့်ပါ၊ |
| 126 | ○ | ကားများသည် ရီးခဲ့သည့် မီးခွက်မှုတွင် ကြားကြားထိန်းသိမ်းခြင်းဖြင့် မီးခွက်မှုကို ပြန်ကြည့်ရန် ကားထိန်းသိမ်းခြင်းကို လွှန်ပေးသည်။ ရီးခဲ့သည့် မီးခွက်မှုအတွက် ကားကြားထိန်းသိမ်းခြင်းဖြင့် ကားကြားသာ ကားသတ်သိမ်းပြီး ရီးခဲ့သည့် မီးခွက်အပေါ် ကားအောက်မှာ သွားလျက်ရှိသော ရနေရာမှ ကားကြားကို ထိန်းသိမ်းခြင်းကို ပြန်ကြည့်ရန် ဖြစ်သည်။ ထိန်းသိမ်းသောရနေရာမှ ကားကြားကို ရနေရာမှ ကားကြားကို ပြန်ကြည့်ရန် ကားသတ်သိမ်းပြီး မီးခွက်ကို ပြန်ကြည့်ရန် ဖြစ်သည်။ |
| 127 | ○ | ဈေးအဝ (သို့ )လူသွားလူလာများသောနေရာများကို ယာဉ်ဝင်ထွက်သွားလာပါက သွားလာလူများ အန္တရာယ် မဖြစ်ရန် ကားကို ဂရုစိုက်မောင်းနှင်သင့်သည်။ |
| 128 | ○ | ယာဉ်သည် တံတားပေါ်တွင်လည်းကောင်း၊ ဥမင်လိုဏ်ခေါင်းတွင်လည်းကောင်း၊ မီးသတ်ပူးစသောပစ္စည်းများရှေ့တွင် လည်းကောင်း၊ အဝိုင်းပတ်နေရာတွင်လည်းကောင်း၊ ရထားသံလမ်းဖြတ်ကူးရာနေရာတွင်လည်းကောင်း၊ လမ်းဆုံလမ်းဝတွင်လည်းကောင်း၊ လူကူးမျဉ်းကြားတွင်လည်းကောင်း၊ ကားလမ်းမကြီးတွင်လည်းကောင်း ကားစက်ပျက်ပါက ကားကို ယာဉ်သွားယာဉ်လာ အနှောက်အယှက်မရှိသောနေရာသို့ တွန်းသွားသင့်သည်။ |
| 129 | ○ | လမ်းဆုံလမ်းဝတွင်မီးပွိုင့်အနီ၊ အဝါတွေ့ရှိစဉ်(သို့)ယာဉ်ထိန်းရဲကားကိုရပ်ရန်အချက်ပြသောအခါတွင် ယာဉ်ကိုသတ်မှတ်ထားသောယာဉ်ရပ်နားမျဉ်းအတွင်း ယာဉ်ကိုရပ်နားသင့်သည်၊ |

| | | |
|---|---|---|
| 130 | X | မောင်းနှင်လာသောယာဉ်သည် လမ်းဆုံးလမ်းဝ ကားရပ်နားမျဉ်းကို မကျော်လွန်မီ<br>မီးပွိုင့်မီးဝါကို တွေ့ရှိပါက ကားကိုဆက်လက်မောင်းနှင်နိုင်သည်။ |
| 131 | ○ | မီးပွိုင့်မရှိသော မျဉ်းကျားရှေ့တွင်  မော်တော်ဆိုင်ကယ်ကို အရှိန်လျှော့မောင်းရမည်။ |
| 132 | X | မီးပွိုင့်မရှိသော မျဉ်းကျားရှေ့တွင်  ဟွန်းတီး၍ သတိပေးပြီးသည်နှင့်<br>မော်တော်ဆိုင်ကယ်ကို အရှိန်မြှင့်ပြီး မောင်းနှင်ဖြတ်သန်းသွားနိုင်သည်။ |
| 133 | ○ | မီးပွိုင့်နီစဉ်၊ ကားညာကွေ့အချက်ပြမီး အချက်မပြသေးပါက ညာမကွေ့ရပါ၊ |
| 134 | X | ကားမောင်းကျွမ်းကျင်မှုကိုပြရန် ယာဉ်မောင်းနှင်သောအခါ ဆေးလိပ်သောက်ရင်း<br>လက်တစ်ဖက်တည်းနှင့် မောင်းနှင်၍ရသည်၊ |
| 135 | X | ယာဉ်မောင်းပင်ပန်းနယ်မှုသည် ယာဉ်မောင်းနှုန်းနှေးသည့်အပြင်ယာဉ်အန္တရာယ်<br>မဖြစ်ပွားနိုင်ပါ၊ |
| 136 | ○ | ယာဉ်ဂရုစိုက်မောင်းနှင်ခြင်းသည် မိမိလုံခြုံမှုအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်၊ |
| 137 | ○ | ကြားကြားစီအတွင်းထိန်းသိမ်းခြင်းဖြင့် လယ်သုံးတိုက်ကာကြယ်များအတွက် ရှာရန်<br>ကြားကြားလိုအပ်သော "စက်လင်းသုံးကြယ်ခြင်း" ကို ရှာနိုင်ပါသည်။ ဤသတို့ဖြင့်<br>လယ်သုံးမှုအပေါ် လွှတ်ပြောင်းသွားမှုအား ရှာရန် စနစ်အကြောင်းကို ဖြေရှင်းနိုင်ပါသည်။ |
| 138 | ○ | မီးရထားလမ်းဖြတ်ကူးသည့် လမ်းဝရှိ မီးနီနှစ်လုံး တစ်လှည့်စီ လင်းသောအခါ မီးနီဟု<br>မှတ်ယူပြီး ယာဉ်နှင့်လမ်းသွားလမ်းလာများ ရပ်တန့်ကာ ရထားဖြတ်သန်းရန်<br>စောင့်ဆိုင်းရမည်။ |
| 139 | ○ | အနှေးယာဉ်မောင်းသူ၊ လမ်းသွားလာသူများသည် သတ်မှတ်ချက်အရ<br>ယာဉ်အန္တရယ်ကင်းရှင်းရေး ပညာပေးသင်တန်းတက်ရန် လက်မခံလျှင်<br>ဒဏ်ငွေတပ်ရမည်။ |
| 140 | ○ | အကြားကွေးတိုက်ကာကြယ်သူ၏ အချိန်ပြည့်ခြင်းနှင့် မိုက်ပုံအခြားတိုက်ကာကြယ်များ<br>အတွက် လွှန်ခဲ့သော "ကြယ်သားအင်းအား" နှင့် "လှုတ်ကြခြင်းအချိန်" များအတွက်<br>အခြားအလှုတ်သို့မဟုတ် အလှုတ်ခြင်းကို လုံးဝက်လက်များဖြင့် လဲခေတ်မှုကို<br>ရှာနိုင်ပါသည်။ |
| 141 | X | သေရည်အရက်သည် ဆိုင်ကယ်မောင်းနှင်သူ၏ မြင်ကွင်းအမြင်ကျယ်စေသည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 142 | ○ | လမ်းလျှောက်သူကိုဦးစားပေးခြင်းဆိုသည်မှာ ယာဉ်မောင်းနှင်သူသည် လမ်းလျှောက်သူကိုလေးစားပြီးဦးစားပေးလမ်းဖြတ်ကူးခွင့်ပေးခြင်းဖြစ်သည်။ |
| 143 | X | အကြီးစားယာဉ်၏ ကားကိုယ်ခန္ဓာမြင့်သောကြောင့် ယာဉ်မောင်းနှင်သူ၏တွေ့ရှိနိုင်သော ထောင့်မြင်ကွင်း ကျဉ်းသည်။ ထို့ကြောင့်ကားဘေးတွင် လိုက်ပါလာသောဆိုင်ကယ်ကို ထင်ရှားစွာမြင်တွေ့နိုင်သည်။ |
| 144 | X | လမ်းမရှိလမ်းပြမျဉ်းကျားများသည် မိုးရွာသောအခါဆိုင်ကယ်လျှောနိုင်မှုနှုန်းမမြင့်တက်ပါ။ |
| 145 | X | ဆိုင်ကယ်မောင်းနှင်နေစဉ် အထူးလုပ်ငန်းတာဝန်ကိုထမ်းဆောင်နေသောယာဉ်ကိုတွေ့ရှိပါက၊ သတ်မှတ်ချက်အရ ရှောင်ရှားစရာမလိုပါ။ |
| 146 | X | ဆိုင်ကယ်မောင်းနှင်လျှင် ဆိုင်ကယ်ဆီရှိမရှိသာဂရုစိုက်စရာလိုသည်။ သတ်မှတ်ထားသောအချိန်သို့အဟုတ်သတ်မှတ်ထားသောခရီးအကွာအဝေးရောက်ရှိပါက ဆိုင်ကယ်အားစစ်ဆေးစောင့်ရှောက်စရာမလိုအပ်ပါ။ |
| 147 | ○ | တိုက်မိခြင်းကို ရှောင်ရှားရန်စံနှုန်းသည် ကားနှစ်စီး ဘေးအန္တရာယ်ကင်းရှင်းရန် ထိန်းသိမ်းရမည့် သတ်မှတ်ထားသော အကွာအဝေးဖြစ်သည်။ |
| 148 | ○ | တုံ့ပြန်ချက်အကွာအဝေးဆိုသည်မှာ ကားမောင်းသူက မောင်းနှင်းရာတွင် ကြုံတွေ့လာသောမည်သည့်အခြေအနေကိုမဆို ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်သည့် အကွာအဝေးဖြစ်သည်။ |
| 149 | ○ | နောက်ကားက ရှေ့ကားကို လိုက်ရာတွင် အနည်းဆုံး ဘေးအန္တရာယ်ကင်းအကွာအဝေးသည် ကားရပ်လျှင်လိုအပ်သော အကွာအဝေးထက် ပို၍ခွါထားရမည်။ |
| 150 | ○ | မီးစိမ်းသည် ဖြတ်သန်းခွင့်ပြုသော်လည်း လုံခြုံမှုကို မပေးနိုင်ပေ။ သို့ဖြစ်ပါ၍ လမ်းဆုံသို့ရောက်လျှင် အရှိန်လျှော့ရမည်။ |
| 151 | ○ | လမ်းဆုံမရောက်မှီ မီးဝါလျှင် ရှေ့ဆုံးမှကားသည် ကြိုတင်ဘရိတ်အုပ်ပြီး အရှိန်လျှော့မှသာ၊ နောက်ကားမှ ဘရိတ်မီးတွေ့သဖြင့် နောက်မှဝင်မတိုက်မိအောင် ကာကွယ်နိုင်မည်။ |

| | | |
|---|---|---|
| 152 | ○ | ဦးတည်ရာလမ်းကြောင်းခွဲသည့်မျဉ်း ဆွဲထားသော နှစ်လမ်းမောင်းလမ်းမပေါ်တွင် ကားကျော်သည့်အခါ ကျော်တက်ချိန်နှင့် အကွာအဝေးကိုသတိပြုရမည်။ မျဉ်းပေါ်မောင်းချိန်ကြာလေလေ၊ ယာဉ်တိုက်မှုဖြစ်ပွား နိုင်ချေ မြင့်လေလေဖြစ်သည်။ |
| 153 | X | ဖြောင့်ဖြူးညီညာသော လမ်းအပိုင်း၌ မျဉ်းဝါနှစ်ကြောင်းဆွဲထားသော်လည်း မျက်နှာဆိုင်ဘက်မှ ကားမလာ သည့်အခါ ယင်း၏ယာဉ်ကြောတွင်းသို့ ဝင်မောင်းနိုင်သည်။ |
| 154 | ○ | ယာဉ်ကျော်တက်ရာမှာ ဘယ်ဘက်ရှိအချက်ပြမီးကို ဖွင့်ပြီး ရှေ့ကား ဘယ်ဘက်မှ မီတာဝက်ကျော်ခြား၍ ကျော်တက်ရမည်။ အန္တရာယ်ကင်းအကွာအဝေးသို့ရောက်ပြီးမှ ညာဘက်အချက်ပြမီးကို ဖွင့်ပြီး မူလယာဉ်သွားလမ်းသို့ ပြန်သွားရမည်။ |
| 155 | ○ | ယာဉ်ချိုးကွေ့၊ ဖြတ်ကူး သို့မဟုတ် ကျော်တက်ရာမှာ လုံလောက်သော အချိန်နှင့် အကွာအဝေးရှိရမည်။ |
| 156 | ○ | မော်တော်ဆိုင်ကယ်ကို စီးနှင်းခြင်းသည် လက်နှင့် အသိဉာဏ်အတူတကွ ယှဉ်တွဲသုံးရသည်၊ ကိုယ်ရောစိတ်ပါ ပင်ပန်းစေသော အလုပ်ဖြစ်သည်။ အချိန်မှန်အိပ် အချိန်မှန်စားသော ဘဝနေထိုင်မှုရှိမှသာ အန္တရာယ်ကင်းစွာ ယာဉ်မောင်းနိုင်မည်။ |
| 157 | ○ | မော်တော်ဆိုင်ကယ်ကို မစီးနှင်းခင်မှာ ကိုယ်ရောစိတ်ပါ  ငြိမ်းချမ်းအောင်ထားရမည်။ စီးနှင်းရာမှာ အာရုံစူးစိုက်မှသာ ဖြစ်ပေါ်လာသော အခြေအနေကို ရင်ဆိုင်ဆောင်ရွက်နိုင်မည်။ |
| 158 | X | ယာဉ်မမောင်းခင်မှာ အဖျားကျဆေး၊ စိတ်ငြိမ်ဆေးကို သုံးလျှင် ကိုယ်စိတ်ကျန်းမာခြင်းကို မထိခိုက်သဖြင့် ဆက်လက် မောင်းနှင်း နိုင်သည်။ |
| 159 | ○ | ကာကွယ်သူနှင့် နှစ်တိုင်းမှုများကို ကြည့်ရှုရန် ခြင်းနှင့် ခုနှစ်တိုင်း ကြည့်ရှုများကို မဟုတ်ပါ။ |
| 160 | ○ | ဆောက်လုပ်ရေး အမှတ်အသား၊ လမ်းကြောင်းပြောင်းလဲခြင်း အဖြူရောင်လေးထောင့်ဆိုင်းဘုတ် သို့မဟုတ် ဆောက်လုပ်ရေး သတိပေးကားရှိလျှင် ရှေ့ဘက်တွင်  လမ်းအစိတ်အပိုင်းများ ဆောက်လုပ်ပြုပြင်နေသည်ကို ဖေါ်ပြခြင်းဖြစ်သည်။ ယာဉ်က အရှိန်လျှော့၍ သတိနှင့် မောင်းနှင်ဖြတ်သန်းရမည်။ |
| 161 | ○ | ဆင်ခြေလျှောလမ်းတွင် ကုန်းတက်ရာမှာ မြွေလိမ်မြွေကောက်သွားခြင်း မပြုရ၊ ကုန်းဆင်းရာမှာ အင်ဂျင်ကိုပိတ်၍ သို့မဟုတ် ဂီယာမဲ့ အရှိန်ဖြင့် မောင်းခြင်းမပြုရ။ |

| | | |
|---|---|---|
| 162 | X | ဉမင်ဖြတ်ကူးရာမှာ ဉမင်တွင်း မီးရောင်လင်း၍မြင်ကွင်းကောင်းမွန်ပါလျှင် လျှပ်စစ်ချွေတာရန် ကားရှေ့မီးကို ဖွင့်ရန်မလိုပါ။ |
| 163 | X | ဉမင်တွင် မတော်တဆယာဉ်တိုက်မှု ဖြစ်ပေါ်လျှင် လူထိခိုက်မှုမရှိ၊ ယာဉ်သည်လည်းမောင်းလို့ရသေးပါက ယာဉ်တိုက်မှု တာဝန်ကို အကဲဖြတ်ရန်အတွက် အခင်းကိုထိန်းသိမ်းပြီး ကားကို ဖယ်ရှားရွှေ့ပြောင်းခြင်းမလုပ်ရ။ |
| 164 | ○ | ယာဉ်မောင်းသူသည် ယာဉ်မောင်းအကျင့်သိက္ခာ မရှိပါက သူ့ကံဆိုးခြင်းသာမက လူတိုင်း ကံဆိုးခြင်းလဲဖြစ်သည်။ |
| 165 | X | ချွတ်ယွင်းမှုကြောင့် အမြန်ယာဉ်သွားလမ်းတွင်ကားထိုးရပ်ခြင်း။ သွားလာနေသော ကားများသဖြင့် ကားပိတ်ဆို့ခြင်းနှင့် အန္တရာယ် ဖြစ် စေနိုင်သည်၊သို့သော် မိမိ အချိန်ချွေတာရန်အတွက်  ပြုပြင်ပြီးမှသာ မောင်းသွားမည်။ |
| 166 | X | ကားမမောင်းခင်မှာ စက်ကိရိယာကို စစ်ဆေးရန်မလိုပါ သို့ရာတွင် ဘေးအန္တရာယ်ကင်းရန်အတွက် မောင်းနှင်းရာမှာ မီတာဒိုင်ခွက် ဖေါ်ပြချက်ကို အချိန်မရွေး သတိထားရမည်။ |
| 167 | ○ | 「တည်ငြိမ်စွာယာဉ်မောင်း」 နည်းသည် ယာဉ်စမောင်းချိန်တွင် အရှိန်မြင့်မောင်းခြင်းမပြုရ၊ ဘယ်ညာကွေ့ရာတွင် ဖြည်းဖြည်းကွေ့ခြင်း၊ သတ်မှတ်သော အရှိန်ထက် ပို၍မမြန်ခြင်း ၊ ယာဉ်သွားလမ်းကို အရမ်းမပြောင်းလဲခြင်း၊ အန္တရာယ်ကင်းအကွာအဝေးကို ထိန်းသိမ်းခြင်း၊ ရတ်တရက်ဘရိတ်မဖမ်း ခြင်း၊ ယာဉ်သွားလမ်းကို မလုယကဲ်ခြင်း၊ မီးနီချိန်မှာ ဖြတ်မမောင်းခြင်း တို့ဖြစ်သည်။ |
| 168 | ○ | ယာဉ်တိုက်မှုဖြစ်စေသော အဓိကအကြောင်းအရင်းမှာ ကားနှစ်စီးကပ်၍မောင်းခြင်း၊ ထင်သလို ကားကျော်တက်ခြင်း၊ ထင်သလို ယာဉ်သွားလမ်းမပြောင်းလဲခြင်း၊ ယာဉ်သွားလမ်းလု၍ လှည့်ကွေ့ခြင်း၊ အချိန်လု၍အမြန်ကားမောင်းခြင်းတို့ကြောင့်ဖြစ်သည်။ |
| 169 | ○ | လှည့်ကွေ့ရာမှာ အကွေ့အချက်ပြမီး ကြိုတင်မဖွင့်ခြင်း၊ နောက်ကားလာသည်ကို ဂရုမစိုက်ခြင်းသည် ကားချိုးကွေ့ရာတွင် အမှုအခင်း ဖြစ်သည့် အဓိကအကြောင်းအရင်းဖြစ်သည်။ |

| | | |
|---|---|---|
| 170 | X | ကားမောင်းသူ အရက်သောက်လျှင် တုန့်ပြန်ချက် နှေးကွေးပြီး အမြင်အာရုံ ကောင်းစေသည်။ |
| 171 | X | အာမခံအရည်အချင်းကို မျှော်မှန်းသောလူတွင် ကာကြယ်လိုက်ရှားနိုင်ပါသည်။ |
| 172 | ○ | လမ်းပေါ်တွင် ဒဏ်ရာရရှိသူ တွေ့ရှိပါက ၁၁၀ သို့မဟုတ် ၁၁၉ သို့ချက်ခြင်းဖုန်းဆက်ပြီး ရဲဌါန သို့မဟုတ် ကျန်းမာရေးဌါနကို အကြောင်းကြားရမည်။ |
| 173 | ○ | ယာဉ်တိုက်မှု အမှုအခင်းကို ကူညီအမှုဖွင့်ခြင်း သို့မဟုတ် ဒဏ်ရာရရှိသူကို ကယ်ဆယ်ရာတွင်အကူအညီပေးခြင်းနှင့် ထူးချွန်သော ကားမောင်းသူကို အစိုးရက ဆုချီးမြှင့်နည်းများရှိ သည်။ |
| 174 | ○ | မော်တော်ဆိုင်ကယ်ကိုလက်ဖြင့်တွန်း၍ ရှေ့တိုးနောက်ဆုတ်ပြုလုပ်ခြင်း ဆိုင်ကယ်ရပ်သည့်နေရာတွင် ရပ်ရန်အတွက် နေရာကို ရွှေ့ရာမှာ အင်ဂျင်စက်ကိုရပ်ထားရမည်။ လက်နှစ်ဖက်ဖြင့် လက်ကိုင်ကို ကိုင်၍ လှုပ်ရှားမှုကိုဆောင်ရွက်ပြီး ပတ်ဝန်းကျင် အခြေအနေကို ဂရုစိုက်ရမည်။ ထိုင်ခုံတွင်ထိုင်၍ ခြေနှစ်ချောင်းဖြင့် နေရာရွှေ့ခြင်းမပြုရ။ |
| 175 | ○ | မော်တော်ဆိုင်ကယ် စက်နှိုးပြီးနောက် ဦးစွာအချက်ပြမီးဖွင့်ရမည်၊ နောက်ကြည့်မှန်မှကားနှင့်လမ်းသွားလမ်းလာရှိမရှိ စစ်ဆေးပြီး ခေါင်းလှည့်၍ ဘေးကင်းမှသာ သတ်မှတ်ထားသော ယာဉ်သွားလမ်းသို့ဝင်၍ မောင်းနှင်းရမည်။ |
| 176 | ○ | မော်တော်ဆိုင်ကယ်သည် လမ်းဆုံသို့ ရောက်လျှင် အရှိန်လျှော့ပြီး ရှေ့ဘက်လမ်း ဘယ်ညာအခြေအနေကို ဂရုစိုက်ရမည်။ အချက်ပြ၊ အမှတ်အသား၊ မျဉ်းကြောင်းများရှိသော လမ်းဆုံတွင် ၎င်းသတ်မှတ်ချက်အတိုင်း ကားရပ်ခြင်း သို့မဟုတ် ဆက်သွားခြင်းကို ဆုံးဖြတ်ရမည်။ |
| 177 | X | မော်တော်ဆိုင်ကယ်သည် [ မော်တော်ဆိုင်ကယ် ရပ်စောင့်ရန်အကွက် ] အမှတ်အသားရှိသော လမ်းဆုံသို့ ရောက်လျှင် ၎င်းအကွက်အတွင်းမှာ ရပ်စောင့်ရမည်။ စည်းကိုကျော်လွန်ခြင်း သို့မဟုတ် ကန့်လန့်ဖြတ် ယာဉ်သွားလမ်းတွင် ရပ်နားခြင်းမပြုရ။ သို့ရာတွင် [ဘယ်ဘက်ကွေ့ ရပ်စောင့်ရန်အကွက်]တွင် ရပ်စောင့်နိုင်သည်။ |

| | | |
|---|---|---|
| 178 | ○ | မော်တော်ဆိုင်ကယ်သည် လမ်းဆုံတွင် မီးနီတွေ့လျှင် ရပ်နားမျဉ်းရှေ့တွင် ရပ်ရမည်။ မီးစိမ်းပြောင်းချိန်မှာ စတင်မောင်းနှင်းလိုလျှင် ပတ်ဝန်းကျင်ရှိ အခြေအနေကို ဂရုစိုက်ရလိမ့်မည်၊ သို့မဟုတ်လျှင် သတ်မှတ်စည်းကမ်းမလိုက်နာသောယာဉ်ကြောင့် အရေးပေါ် ယာဉ်တိုက်မှုဖြစ်နိုင်မည်။ |
| 179 | ○ | မော်တော်ဆိုင်ကယ်သည် လမ်းဆုံတွင် မီးနီမှ မီးစိမ်းသို့ ပြောင်းလဲချိန်မှာ စိတ်လိုက်မာန်ပါအမြန်မောင်းလျှင် အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် မီးစိမ်းသို့ ပြောင်းလဲချိန်မှာ စတင်မောင်းရန် စိတ်မလောသင့်၊ တဖြည်းဖြည်းနှင့် ကြည့်ပြီးမှသာ ဆက်လက်မောင်းနှင်ရရမည်။ |
| 180 | ○ | မော်တော်ဆိုင်ကယ်သည် ဘတ်စကားဂိတ်ကို ဖြတ်ကျော်ရာမှာ ကားအတက်အဆင်းရှိသော ခရီးသည်များရှိလျှင် လမ်းကြောင်းသည် မည်မျှကျယ်သည်ဖြစ်စေ ဘတ်စကား ညာဘက်မှ ကျော်မတက်ရ၊ သို့မဟုတ်လျှင် ကားအတက်အဆင်းခရီးသည်များကို ထိခိုက်နိုင်မည်။ |
| 181 | ○ | မော်တော်ဆိုင်ကယ်စီးနှင်းရာမှာ ကားကြီးကားငယ်နှင့် အတူယှဉ်ပြိုင်မောင်းနှင်ခြင်းမပြုရ၊ ကားကြီးနောက်မှ လိုက်၍မောင်းနှင်ခြင်းမပြုရ၊ ကားကြီးကားငယ်ဘေးနှစ်ဘက်တွင် ယှဉ်တွဲ၍မောင်းနှင်ခြင်းမပြုရ။ |
| 182 | ○ | မော်တော်ဆိုင်ကယ်သည် ယာဉ်သွားလမ်းတွင် စီးနှင်းရာမှာ အကြီးစားကားက နောက်မှ လိုက်လာခြင်းတွေ့ရှိလျှင် အလျင်အမြန် လမ်းဖယ်ပေး သို့မဟုတ် ၎င်းနှင့်အဝေးသို.ရှောင်သွားသင့်သည်။ |
| 183 | ○ | မော်တော်ဆိုင်ကယ်သည်  မကောင်းသောလမ်း၊ ကျောက်ခဲခင်းသောလမ်း၊ ရွှံ့လမ်း၊ သဲမြေလမ်းကို ဖြတ်ကူးရာမှာ ဟန်ချက်ညီမျှမှုပိုနည်းသဖြင့် အရှိန်လျှော့ပြီး ဘရိတ်ဖမ်းရန် အချိန်မရွေး အဆင်သင့်ရှိရမည်။ |
| 184 | X | မော်တော်ဆိုင်ကယ်သည် ယာဉ်သွားလမ်းတွင် စီးနှင်းရာမှာ ရှေ့ဘက်တွင် ယာဉ်တိုက်မှုအမှုအခင်း၊ လမ်းပြုပြင်ဆောက်လုပ်မှု သို့မဟုတ် ကားပိတ်ဆို့မှုရှိလျှင် အရှိန်မြင့် ဖြတ်ကျော်ရမည်။ |
| 185 | ○ | မော်တော်ဆိုင်ကယ်သည် ဘတ်စကားဂိတ်ကို ဖြတ်ကျော်ရာမှာ  ကားအတက်အဆင်း ခရီးသည်များရှိလျှင် ဘတ်စကား ညာဘက်မှ ကျော်မတက်ရသည်.အပြင် |

| | | |
|---|---|---|
| | | ဘယ်ဘက်ရှိအမြန်ယာဉ်သွားလမ်းသို့ အရှိန်မြင့် ဝင်၍ကျော်တက်ခြင်းလည်း မပြုရပေ သို့မဟုတ်လျှင် နောက်မှလာသော ကားက တိုက်မိနိုင်သည်။ |
| 186 | ○ | မော်တော်ဆိုင်ကယ်သည် ကောက်ကွေ့သောလမ်းတွင် စီးနင်းရာမှာ အရှိန်လျှော့ရမည် သို့မဟုတ်လျှင် မြေပြင်မှဖဟိုခွါအားများခြင်း သို့မဟုတ် ကျောက်ခဲအကြေအစကြောင့် လမ်းချော်ပြီးလဲသွားနိုင်သည်။ |
| 187 | X | မော်တော်ဆိုင်ကယ်သည် မြို့တွင်းလမ်းတွင် ယှဉ်တွဲ၍ စီးနင်းခြင်းမပြုရ၊ ဆင်ခြေဖုံး အရပ်နှင့် တောင်ယာဒေသတွင် လမ်းကြောင်း အခြေအနေအရ ယှဉ်တွဲ၍ စီးနင်းနိုင်မည်။ |
| 188 | ○ | မော်တော်ဆိုင်ကယ်သည် လမ်းဆုံတွင်ချိုးကွေ့ရာမှာ အရှိန်လျှော့ပြီး မော်တော်ကားနှင့် အတူယှဉ်တွဲ၍ မောင်းနှင်ခြင်းမပြုရ သတိမူ၍ ၎င်းနှင့်ဝေးကွာအောင်ခွါရမည်။ သို့မဟုတ်လျှင် ကားအတွင်းဘီးများ ကွေ့ချိုးခြင်းအချင်းဝက်နုတ်ကွင်း အတွင်းသို့ရောက် ပြီးကြိတ်တိုးခြင်းခံရနိုင်သည်။ |
| 189 | ○ | မော်တော်ဆိုင်ကယ်မောင်းသူသည် ဘေးအန္တရာယ်ကင်းရှင်းရေးအသိတရား ရှိရမည်။ ကတိုက်ကရိုက်မဖြစ်စေရန် ကြိုတင်၍ ထွက်ရမည်။ ဘေးအန္တရာယ်ကင်းစွာ ရောက်ရှိခြင်းသည် အချိန်မီရောက်ရှိခြင်းထက် အရေးကြီးသည်။ |
| 190 | ○ | မော်တော်ဆိုင်ကယ်သည် အဆင်ပြေလွယ်ကူသော်လည်း အန္တရာယ်ရှိသော ပို့ဆောင်ရေးယာဉ်လည်းဖြစ်သည်။ ယာဉ်မောင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအဓိကအချက်မှာ လမ်းစည်းကမ်းကို လိုက်နာကျင့်သုံးခြင်းဖြစ်သည်။ ကောင်းမွန်သော ယာဉ်မောင်းနှင်မှုအကျင့် သိက္ခာကို မွေးမြူပြီး ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သည့်အတတ်ပညာကို တတ်ကျွမ်း၍လူ့အသက်ကိုတန်ဖိုးထားတတ်ပြီး၊ လမ်းကြောင်းသုံးအခွင့်အရေးကို လေးစားလိုက်နာရမည်။ |
| 191 | ○ | မော်တော်ဆိုင်ကယ်စီးနင်းရာမှာ ဘေးအန္တရာယ်ကင်းစေရန် သတ်မှတ်ထားသော အကွာအဝေးကို ထိန်း၍မောင်းနှင်ခြင်းသည် ရှေ့ကားအားတိုက်မိခြင်းမှ ရှောင်ရှားရန် အထိရောက်ဆုံး ဆောင်ရွက်မှုဖြစ်သည်။ |

| | | |
|---|---|---|
| 192 | ○ | မီးနီရာမှာ ဆက်လက်မောင်းနှင်ခြင်းသည် လမ်းဆုံတွင် ယာဉ်တိုက်မှုဖြစ်စေသော အဓိကအကြောင်းအရာတခုဖြစ်ပြီး အကြီးဆုံး စည်းကမ်းဖောက်မှုလည်း ဖြစ်သည်။ |
| 193 | ○ | မော်တော်ဆိုင်ကယ်သည် သတ်မှတ်ထားသော နေရာတွင် ရပ်ထားရမည်။ အခြားယာဉ်နှင့် လမ်းသွားလမ်းလာကို ပိတ်ဆို့ခြင်း မပြုရပေ။ ထင်သလို ရပ်ထားပါက ယာဉ်တိုက်ခံရမည့်.အန္တရာယ်ရှိနိုင်မည်။ |
| 194 | X | မော်တော်ဆိုင်ကယ်သည် လူကူးမျဉ်းကြားကို ဖြစ်ကူးရာမှာ အချက်ပြအမှတ်အသား၊ အမှတ်အသား ၊မျဉ်းကြောင်းအရ အရှိန်လျှော့၍ လမ်းသွားလမ်းလာကို ဦးစားပေးဖြတ်သန်းရမည်။ လမ်းသွားလမ်းလာက မီးနီရာမှာ လူကူးမျဉ်းကြားမှဆက်လက်၍ဖြတ်ကူးသွားပါက ဦးစားပေးရန်မလိုပါ။ |
| 195 | ○ | မော်တော်ဆိုင်ကယ်မောင်းနှင်ရာမှာ ရှေ့လမ်းဘေးနှစ်ဘက်ရှိ အခြေအနေကို အချိန်မရွေး ဂရုစိုက်ရမည်။ မြို့တွင်းလမ်းပိုင်းတွင် လမ်းဘေးတွင် ရပ်ထားသော ယာဉ်များကို ပို၍ဂရုစိုက်ရမည်။ ၄င်တို့သည် အချက်ပြသတိမပေးပဲ ရုတ်တရက် စတင်မောင်းနှင်သဖြင့် ယာဉ်တိုက်မှုဖြစ်စေနိုင်သည်။ |
| 196 | ○ | မော်တော်ဆိုင်ကယ်က ခရီးသည်တင်ထားလျှင် အာရုံစိုက်၍ မောင်းနှင်ရမည်။ ခရီးသည်က ယာဉ်မောင်းသူကို အသေအချာဖက်ပြီး လမ်းတလျှောက်လုံး အနောက်သို့.ခေါင်းလှည့်.ပြီး စကားစမြည်မပြောရ သို့မဟုတ်လျှင် စိတ်အာရုံပျံ့လွင့်သဖြင့် ဘေးအန္တရာယ်ကင်းမှုကို ထိခိုက်စေမည်။ |
| 197 | ○ | မော်တော်ဆိုင်ကယ် မောင်းသူနှင့် ခရီးသည်အားလုံးက ဆိုင်ကယ်ဦးထုပ်ကို ဆောင်း၍ တောက်ပထင်ရှားသော အင်္ကျီကို ဝတ်ရမည်။ အပေါ်အင်္ကျီဝတ်ထားပါက ဇစ်ကိုဆွဲရမည် သို့မဟုတ်လျှင် အခြားကားနှင့် ချိတ်မိနိုင်သည်။ |
| 198 | ○ | မော်တော်ဆိုင်ကယ်မစီးခင်မှာ လမ်းကြောင်းနှင့် သွားလိုရာကိုကြိုတင်၍ သိရှိနားလည်ပြီး အာရုံစိုက်၍ မောင်းနှင်ရမည်။ မောင်းနှင်ရာမှာ ယာဉ်သွားလမ်းတွင် ရုတ်တရက် အရှိန်လျှော့ခြင်း သို့မဟုတ်ယာဉ်ရပ်ပြီး ရည်မှန်းရာနေရာကို ရှာဖွေခြင်းမပြုရ သို့မဟုတ်လျှင် နောက်မှလာသောကားမှ တိုက်မိနိုင်မည်။ |
| 199 | ○ | မော်တော်ဆိုင်ကယ်မောင်းသူသည်  ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်ရေးအလေ့အကျင့်ကို လုပ်ဆောင်ရမည်။ လမ်းကြောင်း အခြေအနေကို |

| | | |
|---|---|---|
| | | အချိန်မရွေး ဂရုစိုက်ပြီး ၅ စက္ကန့်ကြာတိုင်း နောက်ကြည့်မှန်းဖြင့် ကားနောက်ရှိ အခြေအနေကို ကြည့်ရှုရမည်။ မောင်းနှင်ရာမှာနေရာတစ်ခုတည်းကို ၂ စက္ကန့်ကျော် ကြည့်ရှု၍ ပတ်ဝန်းကျင်အခြေအနေကို လစ်ဟင်းခြင်းဖြစ်စေရပေ။ |
| 200 | ○ | မော်တော်ဆိုင်ကယ်ကို သတ်မှတ်ထားသော ယာဉ်သွားလမ်းတွင် စီးနင်းရမည်။ မိုးရွာချိန်မှာလမ်းပေါ်မှ စည်းလိုင်း၊ မျဉ်းကြောင်းများပေါ်တွင် စီးနင်းခြင်း မပြုရ သို့မဟုတ်လျှင် ချော်လဲနိုင်သည်။ |
| 201 | ○ | အဝေးပြေးလမ်းမပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားလျှင် ပြည်ထဲရေးဝန်ကြီးဌာနရဲတပ်ဖွဲ့ဦးစီးဌာနအဝေးပြေးလမ်းရဲစခန်းမှ ဖြေရှင်းသည်။ အမြန်လမ်းမပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားလျှင် ခရိုင်၊မြို့နယ်အစိုးရသက်ဆိုင်သောရဲစခန်း(သို့)ပြည်ထဲရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ရဲစခန်းမှ ဖြေရှင်းသည်။ |
| 202 | ○ | အကယ်၍ မောင်းနှင်စာမေးပွဲတွင် မမှန်မကန်သောနည်းလမ်းများ အသုံးပြုဖြေဆိုခြင်းရှိပါက ဖြေဆိုခြင်းမှတ်တမ်းကို ဖျက်သိမ်းခံရသည်။ ယာဉ်မောင်းလိုင်စင်ရရှိသူဖြစ်ပါက လိုင်စင်သိမ်းစည်းထိန်းသိမ်ခံရပြီး မောင်းနှင်စာမေးပွဲခြေဆိုခွင့် ၅နှစ် ပိတ်ပင်ခံရမည်။။ |
| 203 | ○ | ယာဉ်မောင်းလိုင်စင်ရရှိသူသည် မိမိယာဉ်ကို ယာဉ်မောင်းလိုင်စင်မရှိသောသူအား မောင်းနှင်ခွင့်ပြုလျှင် ထိုသူသည် ယာဉ်မောင်းလိုင်စင်ကို ၃လအကြာသိမ်ဆည်း အရေးယူခြင်းခံရသည်။။ |
| 204 | X | မီးနီဖြတ်သောယာဉ်သည် ယာဉ်မောင်းလိုင်စင်သိမ်းခြင်းခံရမည်။ |
| 205 | ○ | မော်တော်ဆိုင်ကယ်သည် သတ်မှတ်ထားသောလမ်းကြောင်းအတွင်းမောင်းနှင်ခြင်း မရှိပါက အရေးယူပြီး သတိပေးမှတ်အမှတ် မှတ်သားခြင်းခံရသည်။။ |
| 206 | ○ | ယာဉ်မောင်းသူသည် အရက်မူးပြီး လမ်းစည်းကမ်းချိုးဖောက်မှု၊ ယာဉ်တိုက်မှု၊ လူသေမှုများဖြစ်ပါက အရေးယူခြင်းခံရပြီး ယာဉ်မောင်းလိုင်စင် သိမ်းခြင်းကိုပါခံရသည်။ နောက်ထပ်ယာဉ်မောင်းလိုင်စင် ရယူခြင်းမပြုရပါ။ (သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်အသိမ်းခံရသူနှင့် တားမြစ်ထားသော အချိန်ကာလအတွင်းဖြစ်နေသောသူသည် အထက်ကအရေးယူခြင်းတွင် မပါဝင်ပါ။။) |

| | | |
|---|---|---|
| 207 | ○ | ယာဉ်မောင်းသူသည် ယာဉ်မောင်းနေစဉ် မိုဘိုင်းဖုန်း၊ ကွန်ပြူတာ (သို့) အခြားအလားတူကိရိယာမျိုး ပြောဆိုသုံးစွဲခြင်း၊ အချက်အလက်ပေးပို့ခြင်း (သို့ ) ယာဉ်မောင်းခြင်းကို အနှောက်အယှက်ဖြစ်စေမည့် အခြားအပြုအမူများလုပ်ဆောင်ခဲ့သော် ထိုင်ဝမ်ဒေါ်လာ ၁၀၀၀ ဒဏ်ငွေ ပေးဆောင်စေရမည်။ |
| 208 | ○ | ယာဉ်မောင်းနှင်သူသည် အချက်ပြလမ်းညွှန်အတိုင်း မောင်းနှင်ရသည်။ မမောင်းနှင်ပါက ဒဏ်ခတ်အရေးယူခြင်းခံရသည့်အပြင် လမ်းစည်းကမ်းချိုးဖောက်မှု အမှတ်တစ်မှတ် မှတ်သားခြင်းခံရသည်။။ |
| 209 | ○ | လမ်းကြောင်းလုမောင်းခြင်း၊ တစ်လမ်းသွားလမ်းပေါ်တွင်အခြားယာဉ်နှင့် ကပ်လျက်မောင်းနှင်ခြင်းသည် အန္တရာယ်ရှိပြီး ဒဏ်ခတ်အရေးယူခြင်းခံရသည့်အပြင် လမ်းစည်းကမ်းချိုးဖောက်မှု အမှတ်တစ်မှတ် မှတ်သားခြင်းခံရသည်။။ |
| 210 | ○ | လူသွားလမ်းတွင် ယာဉ်မောင်းနှင်ပါက ဒဏ်ငွေအပြင် စည်းကမ်းမလိုက်နာသည့်အမှတ်မှတ်ခံရမည်။ |
| 211 | X | မီးပွိုင့်မီးနီ ဖြတ်သွားလျှင် ဒဏ်ငွေသာချပြီး စည်းကမ်းဖောက်ဖျက်မှုအမှတ် ၃ပွိုင့်ကို မမှတ်သားပါ။ |
| 212 | ○ | ဘယ်ဘက်ကွေ့ခွင့်မပြုသောလမ်းတွင် ဂငယ်ကွေ့ကွေ့ခွင့်မပြု။ စည်းကမ်းမလိုက်နာပါက ဒဏ်ငွေအပြင် စည်းကမ်းမလိုက်နာ သည့်အမှတ် မှတ်ခံရမည်။ |
| 213 | X | အဝိုင်းပတ်လမ်းတွင် တိုက်ရိုက်နောက်ပြန်ကွေ့နိုင်သည်။ |
| 214 | X | ရှေ့ယာဉ်သည် နောက်ယာဉ်ကျော်တက်ရန် အရှိန်လျှော့ဘေးကပ်ခြင်းမပြုသေးဘဲ အရှိန်တိုး၍ ကျော်တက်ပါက အရေးယူဒဏ်ခတ်ခြင်းခံရသည့် အပြင်လမ်းစည်းကမ်းချိုးဖောက်မှု အမှတ်တစ်မှတ်မှတ်သားခြင်းခံရသည်။။ |
| 215 | X | တစ်နှစ်အတွင်း ယာဉ်စည်းကမ်းမလိုက်နာ၍ ပြစ်မှတ် 6 မှတ်အထက် အရေးယူခံရပါက ယာဉ်မောင်းလိုင်စင် တစ်လ သိမ်းမည်။ |
| 216 | ○ | လမ်းခရီးဆောင်ရွက်မှုကြောင့် အချိန်လိုင်းမရှိပဲ၊ ကာကြယ်သူထံ ကွေလှူပ်ရှားမည်မဟုတ်ပါ၊ နှစ်ဆုံး ၁၀ နှစ်အတွက် တံခါးပုံကို ၉ သိန်းတို့က် ဈေးကွက်ဖို့ ပစ်ရန် ကာကွယ်သူထံ အချိန်ကို ၉၀,၀၀၀ ကျော်စက်ဖြင့် ပစ်ပါမည်။ |

| | | |
|---|---|---|
| 217 | X | မော်တော်ဆိုင်ကယ်စီးရာတွင် လက်ကိုင်ဖုန်း သို့မဟုတ် အခြား 3C လျှပ်စစ်ပစ္စည်းကို သုံးပါက ထိုင်ဝမ်ငွေ ၃၀၀၀ ဒဏ်ငွေချခံရမည်။ |
| 218 | ○ | မော်တော်ဆိုင်ကယ် အသံထိန်းကရိယာကို တမင်ဖြုတ်ချခြင်းနှင့် အသံထိန်းကရိယာ ချွတ်ယွင်းပြီးနောက် မပြုပြင်၍ ဆက်လက်စီးနင်းခြင်းသည် စည်းကမ်းဖောက်ဖျက်မှုဖြစ်ပြီး ရှေ့ဖောက်ဖျက်မှုသည် ပိုပြင်းသောဒဏ်ချခြင်းကိုခံရမည်။ |
| 219 | X | အရက်မူးပြီးယာဉ်တိုက်မှုဖြစ်ပြီး လူသေဆုံပါက ယာဉ်မောင်းလိုင်စင်ကို သိမ်းဆည်းအရေးယူခံရမည်ဖြစ်ပြီး ယာဉ်မောင်းနှင်စာမေးပွဲဖြေဆိုခွင့် ၃ လပိတ်ပင်ခြင်းခံရသည်။။ |
| 220 | X | အရက်သောက်ပြီး ယာဉ်ကိုသတ်မှတ်နှုန်းထက်ကျော်၍ မောင်းနှင်ပါက စည်းကမ်းချိုးဖောက်မှု အမှတ် ၂ မှတ်သာမှတ်ခံရပြီး အရေးယူဒဏ်ခတ်ခြင်းမရှိပါ။။ |
| 221 | ○ | အသက် ၁၄နှစ်မပြည့်သေးသော လူငယ်သည် ယာဉ်စည်းကမ်း မလိုက်နာပါက ယာဉ်ထိန်းသိမ်းရေးဥပဒေအရ ၎င်း၏၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ဒဏ်တပ်နိုင်သည်။ |
| 222 | ○ | လက်မှုအားကွန်မတိုက်လက်မှု ၂ နှစ်ချထက် နှင့် ၂၅၀ ကျော်စက် ထိုင်ကာကြယ်သူမှာ ၅၀ ကြိမ်မှာ ၂၅၀ ကြိမ်မှာ သက်ဆိုင်ရာကွယ်ကို ပစ်လုပ်ဖို့အတွက် အဆင့်မြှင့်ခလုတ်အကွက်သွားရန် ခလုတ်တက္ကသိုလ် ပြန်ဆင်သည်မဟုတ်ပါ။ |
| 223 | ○ | ဆလင်ဒါအငွေ့ထုတ်နှုန်း ၅၀ကုဗစင်တီမီတာ (CC)အောက်အတွင်းရှိ မော်တော်ဆိုင်ကယ်သည် ရိုးရိုးအပေါ့စားမော်တော်ဆိုင်ကယ်ဖြစ်သည်၊ |
| 224 | ○ | မော်တော်ဆိုင်ကယ်နံပါတ်ပြားကို အတုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ညာဖြန်းထုတ်ယူခြင်းစသည်တို့ မလုပ်ရ။။ |
| 225 | X | မော်တော်ဆိုင်ကယ် ပျက်ပြားသွားခြင်းရှိပါက ကုန်းလမ်းကြီးကြပ်ရေးရုံးထံသို့ အကြောင်းကြားရန်မလိုပါ။ နံပါတ်ပြားကို မိမိသဘောအတိုင်း သိမ်းစည်းထားနိုင်သည်။။ |
| 226 | ○ | မော်တော်ဆိုင်ကယ်လိုင်စင် ဖျက်သိမ်းခံရပြီးနောက် ယာဉ်လမ်းကြီးကြပ်ရေးဌါနသို့ လျှောက်ထားပြီး လိုင်စင်ကို ပြန်အပ်ရမည်။ |

| | | |
|---|---|---|
| 227 | ○ | မော်တော်ဆိုင်ကယ်ပြောင်းလဲမှုရှိခြင်း၊ ခရီးမထွက်ဘဲခေတ္တရပ်နားထားခြင်း၊ ယာဉ်ကိုပြန်လည်စမောင်းခြင်းများရှိပါက ကုန်းလမ်းကြီးကြပ်ရေးရုံးထံသို့ အကြောင်းကြားပြုလုပ်ရသည်။။ |
| 228 | ○ | မော်တော်ယာဉ်ပိုင်ဆိုင်သူသည် မိမိ၏အမည်ဖြင့် ကုန်းလမ်းကြီးကြပ်ရေးဌာနတွင် မှတ်ပုံတင်ရာတွင် လျှောက်လွှာပုံစံဖြည့်ရမည်၊ နိုင်ငံသားမှတ်ပုံတင် (သို့) စစ်မှုထမ်းမှတ်ပုံတင် (သို့) နေထိုင်ခွင့်မှတ်ပုံတင် တင်ပြစစ်ဆေးခံရမည်။ |
| 229 | ○ | ဝက်ရူးပြန်ရောဂါ ရှိသူသည် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း တစ်ခုမှ ဆရာဝန်တစ်ဦး ၂ နှစ်အထက် ရောဂါလက္ခဏာ ဖြစ်စဉ် မရှိသော သက်သေလက်မှတ် ကိုင်ဆောင်ထားသူသည် မော်တော်ဆိုင်ကယ်နှင့် သာမန် အသေးစားမော်တော်ယာဉ်အတွက် ယာဉ်မောင်းလိုင်စင် လျှောက်ထားရမည်။ |
| 230 | ○ | မော်တော်ဆိုင်ကယ်ပေါ်တွင် ပစ္စည်းများတင်လိုပါက အရှည်သည် မိမိထိုင်ခုံနောက်ပိုင်းကနေ ရှေ့ပိုင်းမတိုးထွက်ရဟု သတ်မှတ်ထားသည်။။ |
| 231 | ○ | မော်တော်ဆိုင်ကယ်ပေါ်တွင် ပစ္စည်းများတင်လိုပါကယာဉ်အမြီးပိုင်းကျော်လွန်လျှင် နောက်ဘီးကနေ မီတာတစ်ဝက်လောက် မကျော်လွန်ရပါ။။ |
| 232 | ○ | မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်ဖမ်းချုပ်ခံရခြင်း၊ ဖျက်သိမ်းလိုက်ခြင်းဖြစ်သောကာလအတွင်းတွင် သက်တမ်းမစေ့သောအခါ မော်တော်ဆိုင်ကယ်မောင်းနှင်စာမေးပွဲများ မပါဝင်ရပါ။။ |
| 233 | ○ | ယာဉ်မောင်းသူသည် စည်းကမ်းမဲ့သတ်မှတ်လူသွားလမ်းထဲမောင်းနှင်ပြီး သွားလာသူအား တိုက်မိသေဆုံးသွားပါက ကြီးမားစွာအရေးယူခံရပြီး အခြားယာဉ်စည်းကမ်းများ တစ်ဝက်အရေးယူခြင်းကိုလည်း ခံရသည်။။ |
| 234 | ○ | ယာဉ်များထိန်းချုပ်မှု၊ အစီအစဉ်များ ထိန်းသိမ်းမှု၊ အန္တရာယ်ကင်းစွာမောင်းနှင်နိုင်မှု စသည်တို့ အဆင်ပြေတိုးတက်စေခြင်းအတွက် ယာဉ်စည်းကမ်းများကိုသတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဆောင်ရွက်ရသည်။ |
| 235 | ○ | ယာဉ်မောင်းသူ သေဆုံးသွားပါက သက်ဆိုင်သူသည် ထိုသူ့ယာဉ်မောင်းလိုင်စင်အား သက်ဆိုင်ရာရုံးထံသို့ အပ်နှင်ရသည်။။ |
| 236 | ○ | အသွားအလာမျဉ်း၊ အလယ်မျဉ်းရှိသော လမ်းအပိုင်းများတွင် မောင်းနှင်ပါကအခြား တစ်ဘက်မျဉ်းထဲသို့ မောင်းဝင်သွားခြင်းမပြုရပါ။။ |

| | | |
|---|---|---|
| 237 | ○ | ယာဉ်မောင်းသူသည် သတ်မှတ်လူသွားလမ်းထဲမောင်းနှင်ပြီး သွားလာသူအားတိုက်မိပြီးသေဆုံးသွားပါက ကြီးမားစွာ အရေးယူခြင်းခံရပြီး အခြားယာဉ်စည်းကမ်းများ တစ်ဝက်အရေးယူခြင်းကို လည်းခံရသည်။။ |
| 238 | X | မော်တော်ဆိုင်ကယ် နောက်ထိုင်ခုံရှိ ခရီးသည်သည် ဘေးစောင်းထိုင်နိုင်သည်။ |
| 239 | ○ | ယာဉ်မောင်းသူသည် အခြားမောင်းနှင်နေသော ယာဉ်နှစ်စီးကြားထဲသို့ မောင်းနှင်ပါကအရေးယူခြင်းနှင့် မှတ်တမ်းတင်ခြင်းခံရသည်။ |
| 240 | ○ | အမြန်အနှေးသွားလမ်း မခွဲခြားသော လမ်းပေါ်တွင် မော်တော်ဆိုင်ကယ်သည် အပြင်ဆုံးယာဉ်သွားလမ်းနှစ်လမ်းတွင် စီးနင်းရမည်။ တစ်လမ်းသွားလမ်းဖြစ်လျှင် ဘယ်ဘက်ဆုံး၊ ညာဘက်ဆုံး ယာဉ်သွားလမ်းတွင် စီးနင်းရမည်။ |
| 241 | ○ | အမြန်အနှေးသွားလမ်း ခွဲခြားသော နှစ်လမ်းသွားလမ်းပေါ်တွင် မော်တော်ဆိုင်ကယ်သည် အပြင်ဆုံးအမြန်သွားလမ်းနှင့် အနှေးသွားလမ်းတွင် စီးနင်းရမည်။ |
| 242 | X | မော်တော်ဆိုင်ကယ်ကို စမမောင်းခင် အရှေ့အနောက်နှင့် ဘေးနှစ်ဘက်စီရှိသော ယာဉ်နှင့်လူများကိုဂရုပြုစရာမလိုပါ။ |
| 243 | ○ | မော်တော်ဆိုင်ကယ်ကို စမမောင်းခင်သွားလာနေသောယာဉ်နှင့် လူများကို ဦးစားပေးသွားလာစေသည်။။ |
| 244 | X | မော်တော်ဆိုင်ကယ် အင်ဂျင်အားကောင်းစေရန် ဆူညံထိန်းကရိယာများဖြုတ်လို့ရသည်။။ |
| 245 | ○ | လူသွားမျဉ်းကြားတွင် ယာဉ်ကိုယာယီရပ်နားခြင်းမပြုရပါ။။ |
| 246 | X | ခေါင်းစဉ်မှာ ကာကြယ်သူအပြင်ကွက်ကို ရှင်ကွက်မှာ သက်ဆိုင်ရာကွယ်ကိုရှာရန် မိသားစုမှာ အရောင်ကွက်ရပ်ကွက်ထွက်ကို ပစ်လုပ်ဖို့အတွက် သားဖြစ်မူရန်ပါ။ |
| 247 | ○ | မော်တော်ဆိုင်ကယ်သည် အနှေးအမြန်သတ်မှတ်စည်းမျဉ်းများရှိသော လမ်းတွင် နှစ်လမ်းသွားလမ်း အပြင်ဘက်မောင်းနှင်ရမည်။ တစ်လမ်းမောင်းလမ်းတွင် အနှေးမောင်းနှင့် အနှေးမောင်းလမ်းနှင့်ကပ်နေသောအမြန်မောင်းလမ်းတွင် မောင်းနှင်ရသည်။။ |
| 248 | ○ | မော်တော်ဆိုင်ကယ်သည် သုံးလမ်းသွားနှင့်အထက်လမ်းပေါ်တွင် မောင်းနှင်သောအခါ နှစ်ခါကွေ့ခြင်းဖြင့် ဘယ်ဘက်ကွေ့ရသည်။ တစ်လမ်းသွားလမ်း ညာဘက်အစွန်တွင် မောင်းနှင်နေချိန်နှင့် အနှေးမောင်းလမ်းပေါ်တွင်မောင်းနှင်သောအခါ နှစ်ခါကွေ့ခြင်းဖြင့် |

| | | |
|---|---|---|
| | | ဘယ်ဘက်ကွေ့ရသည်။ ဘယ်အစွန်နှင့် အနေးမောင်းလမ်းပေါ်တွင် မောင်းနှင်သောအခါ နှစ်ခါကွေ့ခြင်းဖြင့် ညာဘက်ကွေ့ရသည်။။ |
| 249 | X | အပေါ့စားမော်တော်ဆိုင်ကယ်သည် လူသွားလမ်းတွင် မောင်းနှင်ခွင့်ပြုသည်။ သို့သော်လည်း ၁နာရီအမြန်နှုန်း ၂၀ကီလိုမီတာထက် မပိုရပါ။။ |
| 250 | ○ | မော်တော်ဆိုင်ကယ်ယာဉ်မောင်းသူ ယာဉ်မမောင်းခင် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များစစ်ဆေးပြီး ကိုယ်နှင့်အတူ ယူဆောင်သွားရမည်။ |
| 251 | ○ | မော်တော်ဆိုင်ကယ်ယာဉ်မောင်းသူသည် သတ်မှတ်အမှတ်အသား၊ စည်းမျဉ်အတွင်းမောင်းရမည်။ သတ်မှတ်အမှတ်အသား၊ စည်းမျဉ်း၊ အနေးအမြန်လမ်းမျဉ်းစသည်တို့ မရှိသောလမ်းတွင် မောင်းနှင်ပါက ဘေးဘက်အစွန်ဆုံးတွင် မောင်းနှင်ရသည်။။ |
| 252 | ○ | ကောက်ကွေ့လမ်း၊ ဆင်ခြေလျှောလမ်း၊ တံတားကျဉ်း၊ ဥမင်၊ လမ်းဆုံ အမှတ်အသားရှိသောလမ်း၊ ကားနှင့်ရထားလမ်းဆုံ၊ ပြုပြင်နေသောလမ်းတွင် ကားမကျော်တက်ရပေ။ |
| 253 | ○ | မော်တော်ဆိုင်ကယ်သည် လူသွားလမ်းတွင် မောင်းနှင်ခွင့်မပြုပါ။။ |
| 254 | ○ | သတ်မှတ်ထားသော လမ်းမျဉ်းများမရှိသောလမ်းနှင့် ပျက်နေသောလမ်းပေါ်တွင် ယာဉ်နှစ်စီးဆုံမိလျှင်အမြန်နှုန်းလျှော့၍ မောင်းနှင်ရသည်။။ |
| 255 | ○ | ယာဉ်မောင်းလျှင် မြို့တွင်းယာဉ်ကြောပိတ်ဆို့သည့်နေရာများ သို့မဟုတ် လမ်းပြင်နေသောအပိုင်းများတွင် ကျော်မတက်ရ။ |
| 256 | ○ | မော်တော်ဆိုင်ကယ်သည် အချက်ပြအမှတ်အသားမရှိသော လမ်းဆုံသို့ ရောက်ရှိလျှင် လမ်းခွဲရှိကားသည် လမ်းမရှိကားကို ဖယ်ပေးရမည်။ |
| 257 | ○ | မော်တော်ဆိုင်ကယ်သည် အချက်ပြအမှတ်အသားမရှိသော လမ်းဆုံသို့ ရောက်ရှိရာမှာ လမ်းခွဲလမ်းမ မခွဲခြား၊ ကားလမ်းကြောင်းအရေအတွက်တူပြီး ရှေ့သွား သို့မဟုတ် ချိုးကွေ့သည့်ဦးတည်ချက်သည်လည်း တူပါက ဘယ်ဘက်ရှိကားသည် ညာဘက်ရှိကားကို ဦးစားပေးရမည်။ |
| 258 | ○ | မော်တော်ဆိုင်ကယ်သည် အမှတ်အသားမရှိသော လမ်းဆုံသို့ ရောက်ရှိရာမှာ လမ်းခွဲလမ်းမ မခွဲခြားပါက ချိုးကွေ့သည့်ကားက ရှေ့တည့်တည့်သွားသည့်ကားကို ဖယ်ပေးရမည်။ |

| | | |
|---|---|---|
| 259 | ○ | မော်တော်ဆိုင်ကယ်သည် အဝိုင်းပတ်လမ်းနားရောက်ပါက ပတ်လမ်းပေါ်တွင် အရင်မောင်းနေသောယာဉ်ကို ဦးစားပေးမောင်းနှင်စေရသည်။။ |
| 260 | ○ | မော်တော်ဆိုင်ကယ်မောင်းစဉ်တွင် မြူများအုံ့ဆိုင်းစဉ်၊ မိုးရွာ၊ နှင်းကျ၊ မှောင်မည်း(သို့)အလင်းရောင်မရှင်းစသည့်အချိန်များတွင် ယာဉ်မီးဖွင့်၍ မောင်းနှင်ရမည်။။ |
| 261 | ○ | မော်တော်ဆိုင်ကယ်သည် လေယာဉ်ကွင်း၊ ကားဂိတ်၊ ဆိပ်ကမ်း၊ ကျောင်း၊ ပျော်ပွဲ၊ ပြပွဲ၊ ဇာတ်ပွဲ၊ အရောင်းပွဲတော်နှင့် အခြားလူဝင်ထွက်များသောနေရာများတွင်ရှိသောမီးသတ်ရေပိုက်ခေါင်းများ အဝတွင် ယာဉ်မရပ်ရပါ။ |
| 262 | ○ | မီးသတ်ကား၊ ရဲကား၊ သူနာပြုကား၊ လုပ်ငန်းကူပံ့ကား၊ အမှိုက်ကားနှင့် စာပို့ကားစသည်ကားများ တာဝန်ထန်းဆောင်သောအခါ ယာယီရပ်နားနိုင်သည်။ ရပ်နားနေရာလည်းကန့်သတ်မှု မရှိပါ။။ |
| 263 | ○ | မော်တော်ဆိုင်ကယ်မောင်းသူက ရောဂါရှိ၊ အရက်ပါရှိသော ဖျော်ရည်သောက်ပြီး မောင်းနှင်းခြင်းကို ဘေးအန္တရာယ်ဖြစ်စေပါက မမောင်းနှင်ရပေ။ |
| 264 | ○ | မီးရထားသည် လမ်းနှစ်ဖက်မှမောင်းလာတတ်သည်။ မည်သည့်ဘက်က အရင်မောင်းလာသည်ဖြစ်စေအခြားတစ်ဖက်မှ ရထားကိုလည်းသတိပြုခြင်းဖြင့် အန္တရယ်မရှိအောင် ယာဉ်ကိုမောင်းနှင်ရသည်။။ |
| 265 | ○ | နေ့ခင်းဖြစ်သော်လည်း အကယ်၍ ထူထိုင်းသောမြူများအုံ့ဆိုင်နေပါက ယာဉ်ရှေ့မီးကို ဖွင့်၍ မောင်းနှင်ရသည်။။ |
| 266 | X | သာမန်အကြီးစား မော်တော်ဆိုင်ကယ်သည် ၃လမ်းနှင့်အထက်ရှိသောလမ်းတွင် မောင်းနှပါက  အတွင်းဆုံးယာဉ်သွားလမ်းတွင် မောင်းနှင်နိုင်သည်။ |
| 267 | ○ | ကားများနှင့်ဆုံတွေ့စဉ်တွင် ယာဉ်နှစ်စီးအကွာအဝေးသည် အနည်းဆုံးမီတာဝက်အထက်တွင် ရှိရသည်။။ |
| 268 | X | အားကွန်မတိုက်လက်မှု ၂ နှစ်ချထက် ကာကြယ်နှင့် စွာကြားသည့် ကာကြယ်နှင့် အပြင်ကွက်ထွက်ကို ၂၅၀ ကျော်စက်ထားရန် ပစ်လုပ်ဖို့အတွက် အဆင့်မြှင့်ခလုတ်အကွက်သွားရန် ခလုတ်တက္ကသိုလ် ပြန်ဆင်သည်မဟုတ်ပါ။ |
| 269 | X | မော်တော်ဆိုင်ကယ်သည် လူသွားမျဉ်းကြားနှင့်အကူးဝတွင် ရပ်ရသည်။။ |
| 270 | X | ရှေ့ရှိယာဉ်ကို ကျော်တက်ရာတွင် ညာဘက်မှအမြန်နှုန်းအရှိန်ဖြင့် ကျော်တက်ရသည်။။ |

| | | |
|---|---|---|
| 271 | ○ | ဆေးရုံ၊ ကျောင်းနှင့်လူသူများသောနေရာများတွင် ယာဉ်မောင်းနှင်သွားပါကအမြန်နှုန်းလျှော့၍ မောင်းနှင်ရသည်။။ |
| 272 | ○ | လူကူးမျဉ်းကြားအနီးတွင် ဟွန်းတီးခြင်းမပြုရပါ။။ |
| 273 | ○ | အခြားယာဉ် နောက်မှကပ်၍ မောင်းနှင်ရာတွင် ချက်ခြင်းပရိတ်အုပ်ရပ်နိုင်သည့် အကွာအဝေးတွင် ရှိနေရသည်။။ |
| 274 | ○ | ညပိုင်းကားမောင်းရာတွင် သူတဘက်သားကို မျက်စိမပြာစေရန်အတွက် မီးငယ်ကို သုံးရမည်။ |
| 275 | X | မော်တော်ဆိုင်ကယ်သည် သေး၍ အလွယ်တကူမောင်းနှင်နိုင်သဖြင့် စိတ်ဓါတ်မောပန်းသူနှင့် အပြင်းဖျားနာသူတို့လည်း မောင်းနှင်ခွင့်ရှိသည်။။ |
| 276 | ○ | လမ်းဆုံလမ်းခွတွင် အရေးပေါ်လမ်းညွှန်ကြားသူရှိနေပါက ထိုသူညွှန်ကြားသည်ကို လိုက်နာ၍ မောင်းနှင်ရသည်။။ |
| 277 | ○ | အကြီးစားမော်တော်ဆိုင်ကယ်သည် အပိုလူတစ်ဦးသာတင်ခွင့်ပြုသည်။ သို့သော်လည်း အပိုလူသည် ယာဉ်မောင်းသူရှေ့နေရာတွင် ထိုင်ခွင့်မပြုရပါ။။ |
| 278 | ○ | အချက်ပြမီး၏ လုပ်ဆောင်ချက်မှာ မိမိယာဉ်သွားရာဘက်ကို ခန့်မှန်းနိုင်ရန် ညွှန်ပြခြင်းဖြစ်သည်။ |
| 279 | X | မော်တော်ဆိုင်ကယ်မောင်းသူသာ ဆိုင်ကယ်ဦးထုပ်ကို ဆောင်းရမည်။ ခရီးသည်သည် ဆောင်းရန်မလိုပေ။ |
| 280 | ○ | မော်တော်ဆိုင်ကယ်သည် သတ်မှတ်ထားသောမြန်နှုန်းအမှတ်အသားအရ မောင်းနှင်းရမည်။ မြန်နှုန်းအမှတ်အသားမရှိပါက တစ်နာရီလျှင် ၅၀ကီလိုမီတာထက် မမြန်ရပေ။ |
| 281 | ○ | မော်တော်ဆိုင်ကယ်နံပါတ်ပြားပျောက်ဆုံးခြင်း(သို့)ပျက်စီးသွားပါကနံပါတ်ပြား လုပ်ခွင့်ကို ပြန်လည်အကြောင်းကြားလုပ်ဆောင်ရသည်။။ |
| 282 | ○ | ယာဉ်မောင်းလိုင်စင်မရယူသေးသူသည် ကားငယ်နှင့်မော်တော်ဆိုင်ကယ်များ မောင်းနှင်ပါကအရေးယူခြင်းခံရပြီး မောင်းနှင်ခြင်းကိုချက်ခြင်း တားမြစ်မည်။ |
| 283 | X | လက်ဝဲဘက်သို့ ချိုးကွေ့ခြင်းမပြုရသောလမ်းတွင် ကွေ့လို့မရပေမဲ့ နောက်ပြန်မောင်းခြင်းခွင့်ပြုသည်။။ |

| | | |
|---|---|---|
| 284 | ○ | လမ်းဝတွင် မိုတ်တုတ်မီးနီများ တပ်ဆင်ထားခြင်းသည် ယာဉ်များနှင့် လမ်းသွားလမ်းလာများ ဦးစွာ ရပ်တန့်ကာ ယာဉ်ကြောအခြေအနေကို ကြည့်ပြီး မည်သို့ဆက်လက်ဆောင်ရွက်သင့်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ |
| 285 | X | မော်တော်ဆိုင်ကယ်နံပါတ်ပြားကို အခြားသူအား ပေးအသုံးပြုနိုင်သည်။ အခြားသူ၏ ယာဉ်နံပါတ်ပြားကို အသုံးပြုနိုင်သည်။။ |
| 286 | X | မော်တော်ဆိုင်ကယ်ပေါ်တွင် ပစ္စည်းတင်ဆောင်ပါက မိမိထိုင်ခုံရှေ့ပိုင်းမှ အရှေ့ဘက်မီတာဝက် ရှည်ထွက်နိုင်သည်။။ |
| 287 | X | မော်တော်ဆိုင်ကယ်ပေါ်တွင် ပစ္စည်းများတင်ဆောင်ပါက ယာဉ်အမြီးပိုင်းကျော်လွန်လျှင်နောက်ဘီးကနေ ၁မီတာလောက်မကျော်လွန်ရပါ။။ |
| 288 | ○ | မော်တော်ဆိုင်ကယ်နံပါတ်ပြားပျောက်ဆုံးသူသည် ယာဉ်ထိန်းရဲရုံးထံတွင်ပျောက်ဆုံကြောင်းကို အကြောင်းကြားရပါသည်။ ယာဉ်နံပါတ်ပြားအသစ်ပြုလုပ်ခွင့်သည် ကုန်းလမ်းကြီးကြပ်ရေးရုံးထံ အကြောင်းကြားလျှောက်ထားရပါသည်။။ |
| 289 | ○ | လက်အိုရှင်မှာ ကွန်ပျူတာကို ဖွဲ့ပါတွဲဖက်ဖြစ်ချင်း လက်မှုအားကွယ်မှုအတွင်း အရောင်ကွက်ကို ခွဲပြားရန် သင်ကြားမည်မဟုတ်ပါ။ |
| 290 | X | စည်းကမ်းချိုးဖောက်မှု အမှတ်သာမှတ်ခံရပြီး ယာဉ်မောင်းလိုင်စင်ကို မှတ်တားထားခြင်းမရှိပါ။ ထို့ကြောင့် ယာဉ်စည်းကမ်းကို နားလည်သဘောပေါက်စရာမလိုဘဲ စိတ်တိုင်းကျ စည်းကမ်းချိုးဖောက်နိုင်သည်။။ |
| 291 | X | ယာဉ်မောင်းနှင်းသောအခါ အရှေ့တွင်လမ်းတံတားပြင်လုပ်သားများ လမ်း၊တံတားပိတ်ထားခြင်းကိုတွေ့မြင်ပါက၊ သွားလာရေးအချိန်ကြန့်ကြာမှာစိုး၍ တားမြစ်ခြင်း ကိုဂရုစိုက်စရာမလိုဘဲ လျင်မြန်စွာမောင်းနှင်းဖြတ်တမ်းလိုရသည်။ |
| 292 | ○ | ယာဉ်မောင်းနှင်သောအခါ ပန်းခြံ၊ ဆေးရုံးနှင့် ကျောင်းအနီးသို့ရောက်ရှိပါက ယာဉ်မောင်းနှင်သူသည်ပိုမိုသတိထားရှိပြီး အရှိန်လျှော့မောင်းနှင်၍ လိုအပ်သလို တစ်ပါးအားဦးစားပေးရမည်။ |
| 293 | X | ကာကြယ်မှုကြားခြားသည့်အရှင်မှာ ကြေးနှင့် အထူးသောယာဉ်တာ အဆင့်မြှင့်ထားခြင်းချက်အောက်တွင် ကာကြယ်နှင့် ကာကြယ်မှုရပ်ကွက်ထွက်ကို |

| | | |
|---|---|---|
| | | မှုတည်ပြီးသော အဖွဲ့အစည်းသတ်မှတ်ပုံအလိုက် မှတ်ချက်အပေါ်တွင် သင်ကြားမည်မဟုတ်ပါ။ |
| 294 | ○ | မီးပွိုင့်နှင့် ယာဉ်ထိန်းရဲကိုတစ်ပြိုင်နက် တွေ့ဆုံမိပါက ယာဉ်ထိန်းရဲ့ညွှန်ကြားချက်အတိုင်း လိုက်နာမောင်းနှင်ရသည်။ |
| 295 | X | ယာဉ်မောင်းလိုင်စင်သိမ်းခံရသည့် သတ်မှတ်ချိန်မကုန်သေးသူသည် ယာဉ်မောင်းလိုင်စင်ဖြေဆိုနိုင်သည်။။ |
| 296 | X | ကာကြယ်အားကွန်မတိုက်လက်မှုအတွင်း ကွာလာသော ပစ်လုပ်ဖို့အတွက် ကာကြယ်မှုနှင့် အပြင်ကွက်ထွက်ကို သက်ဝင်ရှာရန် ကြားလက်မှုကို ရှောင်ရင် အကွက်အပြားတန်ဖိုးအတွက် ချောကြားရရှိနိုင်ပါသည်။ |
| 297 | X | ကာကြယ်မှုတိတ်ကြောင်း ကာကြယ်နှင့် ရွှေထုက်ကို တွဲဖက်ဖြစ်ရန် ကြားလက်မှုကို ပြန်ဆင်သည်မှ ပစ်လုပ်ဖို့အတွက် မကြာမီသော် ကာကြယ်မှုကို ထွက်ရှိစေရန် ခလုတ်အကွက်ထွက်ကိုခြားရန်မဟုတ်ပါ။ |
| 298 | X | အားကွန်မတိုက်လက်မှုအတွင်း မကြာမီကျော်သော ကာကြယ်နှင့် ကွန်ပျူတာကို ပြင်ဆင်ရန် ကြားလက်မှုစားနံ့ ၅၀ ကျော်ထားပါ။ |
| 299 | ○ | မော်တော်ဆိုင်ကယ်မောင်းသူသည် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များအမြဲဆောင်ထားရမည်။ အကယ်၍ စစ်ဆေးသူ စစ်ဆေးပါက အဆင်သင့်ရှိထားရသည်။။ |
| 300 | ○ | အကယ်၍ မိမိသွားလိုသောလမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ပိတ်ထားပါက ယာဉ်ထိန်းဝန်ထမ်းများ လမ်းညွှန်မှုကို လိုက်နာပါ။ ထွက်ခွင့်သာရှိပြီး ဝင်ခွင့်မရှိပါ။ ဤလမ်းပိုင်းမှ တတ်နိုင်သမျှ အမြန်ဆုံး မောင်းထွက်ပြီး ထင်သလိုမရပ်တန့် ပါနှင့်။ |
| 301 | X | ကားလမ်းသည် ရာခိုင်နှုန်း၁၀၀မှုချဘေးကင်းသည်။ ထို့ကြောင့် ထွက်ချိန်တွင်လမ်းအခြေအနေကို အထူးသတိထားရန်မလိုပါ၊ လေကြီးမိုးကြီးအချိန်ထွက်လျှင်လည်း မည့်သည့်အန္တရာယ်မှ မရှိနိုင်ပါ။ |
| 302 | ○ | ဗဟိုမိုးလေဝသဌာနမှ မိုးကြီးရွာနိုင်ကြောင်း အထူးထုတ်ပြန်ကြေညာချိန်အတွင်း လမ်းမပေါ်သို့ကျောက်ခဲများအနည်းငယ်ပြိုကျခြင်း (သို့) မြစ်ချောင်းရေဆန်ပိုင်းတွင်မိုးကြီးရွာသောကြောင့် ရေစုန်ပိုင်းရှိတံတားရေချိန်မြင့်တက်လာခြင်းစသည့် လမ်းအန္တရာယ်ဖြစ်ပွားနိုင်သည့်နိမိတ်ကို တွေ့ရှိပါက |

| | | |
|---|---|---|
| | | ဤလမ်းအပိုင်းကိုမမောင်းနှင်းသည့်အပြင် အခြားသွားလာလူများအန္တရာယ်ကင်းစေရန် လမ်းထိန်းသိမ်းရေးဌာန (သို့) ရဲရေဒီယိုထုတ်လွှင့်ဌာနသို့အကြောင်းကြားပါ။ |
| 303 | ○ | မော်တော်ကားဆိုသည်မှာ လမ်းမပေါ်တွင် သံလမ်း သို့မဟုတ် လျှပ်စစ် မလိုဘဲ ကိုယ်ပိုင်ပါဝါဖြင့် မောင်းနှင်သော ယာဉ် ဖြစ်သည်၊ မော်တော်ဆိုင်ကယ် ပါဝင်သည်။ |
| 304 | ○ | အကြီးစား မော်တော်ဆိုင်ကယ်တွင် သာမန်အကြီးစား မော်တော်ဆိုင်ကယ်နှင့် အကြီးစား မော်တော်ဆိုင်ကယ် ပါဝင်သည်။ |
| 305 | ○ | မော်တော်ဆိုင်ကယ်သည် ယာဉ်ထုတ်လုပ်စက်ရုံ၊ ကုန်သွယ်ရေးအေဂျင်စီ သို့မဟုတ် သွင်းကုန်ကူးသူမှ ထုတ်ပေးပြီး ပြည်တွင်းရေးရာဝန်ကြီးဌါနမှ အတည်ပြုသော အထူးကားအစိတ်အပိုင်းပစ္စည်းခိုးခြင်းကာကွယ်နိုင်သည့် သီးခြားနံပါတ်   ထောက်ခံစာ ရှိမှသာ ကားနံပါတ်ပြား လိုင်စင် အသစ်ကို လျှောက်ထားနိုင်သည်။ |
| 306 | ○ | မော်တော်ဆိုင်ကယ် အင်ဂျင် ပစ္စည်းကိရိယာသတ်မှတ်ချက်ကို ပြောင်းလဲခြင်း မပြုရပေ။ |
| 307 | X | မော်တော်ဆိုင်ကယ် မီးတွင် အရောင်မှုတ်ခြင်း သို့မဟုတ် စတစ်ကာ ကပ်နိုင်သည်။ |
| 308 | X | မော်တော်ဆိုင်ကယ် အိတ်ဇော်ပြွန် အရေအတွက် မပြောင်းရ။ သို့သော်လည်းဘယ်ညာဘေးနှစ်ဖက်တပ်ဆင်သည့် နေရာကို မိမိဖာသာ ပြောင်းနိုင်သည်။ |
| 309 | X | အသေးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကို လျှောက်မည်ဆိုလျှင် အသက်၁၆နှစ်ပြည့်ရမည်။ အကြီးဆုံးအသက်အရွယ်သတ်မှတ်ချက်မရှိပါ။ |
| 310 | X | အသေးစား မော်တော်ဆိုင်ကယ် သို့မဟုတ် သာမန်အကြီးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကို လျှောက်ထားသူသည် စီးနင်းမှု အတွေ့အကြုံ ရှိရမည်။ |
| 311 | X | ချိတ်ဆွဲကား၊ ဘတ်စကားကြီး၊ ကုန်တင်ကားကြီး၊ အသေးစားကား မောင်းလိုင်စင်ရှိသူက အကြီးစား မော်တော်ဆိုင်ကယ်ကို မောင်းနှင်နိုင်သည်။ |
| 312 | X | သာမန်အကြီးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ရှိသူမှသာလျှင် အကြီးစား မော်တော်ဆိုင်ကယ်ကို စီးနင်းနိုင်သည်။ |
| 313 | X | အသေးစား  မော်တော်ဆိုင်ကယ် သို့မဟုတ် သာမန်အကြီးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကို လျှောက်ထားသူသည် ကျန်းမာရေးစစ်ရမည်။ |
| 314 | ○ | ကျန်းမာရေး ဆေးစစ်ခြင်းနှင့် ရေးဖြေစားမေးပွဲ အောင်မြင်ချက် သက်တမ်းကာလများသည်  ၁နှစ်ဖြစ်သည်။ |

| | | |
|---|---|---|
| 315 | ○ | မော်တော်ဆိုင်ကယ်သည် လူတင်ပြီးနောက် ကားမောင်းသူနှင့် ခရီးသည် လုံခြုံရေးကို မထိခိုက်ပါက အပိုပစ္စည်းကို တင်နိုင်သည်။ |
| 316 | ○ | အားသယံမှုလက်မှုအတွင်း ပြုရန်အရောင်း ရှင်ဆက်ကြယ်မှုအတွက် ကာကြယ်ကြောင်းကွက်ကို ဖျောက်မည် မဟုတ်ပါဘူး၊ သွယ်လက်မှုလက်မှု ပိုမိုလက်မှုအတွက် ကာကြယ်ကြောင်း ကွက်ကို ဖျောက်မည် မဟုတ်ပါဘူး၊ အကြီးအကဲြကို ဖျောက်မည် မဟုတ်ပါဘူး၊ တပ်မတ်ကို ပြန်လည်စေရန်ကြားမှု နှင့် သက်တမ်းထက် ကင်နှစ်သက်သားကြီးလုပ်ဆောင်ရွက်ခြင်းအား ကွန်ယက် သုံးစွဲဖွင့်ပါ။ |
| 317 | ○ | မော်တော်ဆိုင်ကယ်သည် ကုန်ပစ္စည်းကို တင်ပါက ခိုင်ခံ့aအောင်စည်းနှောင်း၍ ဟန်ချက်ညီအောင် ထားရမည်။ |
| 318 | X | ဆိုင်ကယ်ဦးထုပ်သည် မော်တော်ဆိုင်ကယ်စီးရာတွင်သုံးသည့် ဘေးအန္တရာယ်ကင်းဦးထုပ်ဖြစ်သည်။ စီးပွါးရေး ဝန်ကြီးဌါန စံချိန်စစ်ဆေးမှုဌါနက စံချိန်စစ်ဆေးပြီးဖြစ်၍ ဦးထုပ်တွင် ကုန်ပစ္စည်း စစ်ဆေးရေး အမှတ်ကို ကပ်ရန်မလိုပါ။ |
| 319 | ○ | ဆိုင်ကယ်ဦးထုပ်ဆောင်းရာမှာ မျက်နှာကိုရှေ့သို့ဦးတည်ပြီး၊တည်တံ့ခိုင်မြဲစွာဖြင့်. Fဆောင်းထားလျှင် လှုပ်ခါမှု မဖြစ်ပေ။ ၎င်းအပြင် မြင်ကွင်းကို မကာမိစေရ၊ ကြိုးကိုမေးစေ.အောက်တွင်တင်းကြပ်စွာဖြင့်. တပ်ထားရမည်။ |
| 320 | ○ | မော်တော်ဆိုင်ကယ် ညာဖက်ကွေ့ရာမှာ ညာဖက်အကွေ့အချက်ပြမီးကို ကြိုတင်၍ ဖွင့်ရမည်။ |
| 321 | X | ဦးတည်ချက်တူညီသော နှစ်လမ်းသွားလမ်းမှ တစ်လမ်းသွားလမ်းသို့ ဝင်ချိန်မှာ အရှေ့တည့်တည့်ယာဉ်သွားလမ်း လမ်းပေါ် ရှိ ကားကို ဦးစားပေးရမည်။ အရှေ့တည့်တည့်ယာဉ်သွားလမ်းမရှိလျှင် အတွင်းယာဉ်သွားလမ်းရှိ ကားက အပြင်ယာဉ်သွားလမ်းရှိကားကို  ဦးစားပေးရမည်။ |
| 322 | ○ | လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့ချိန်တွင် အတွင်းနှင့်အပြင် ယာဉ်သွားလမ်းရှိ ကားများသည် အပြန်အလှန် ဖယ်ပေး၍ တလှည့်စီဦးစားပေး မောင်းနှင်ကာ ဘေးအန္တရာယ်ကင်းအကွာအဝေးကို ထိန်းရမည်။ |
| 323 | ○ | စတင်မောင်းနှင်ခြင်း၊ ကားရပ်ရန်အသင့်ပြင်ခြင်း သို့မဟုတ် ယာယီကားရပ်ခြင်းမှလွဲ၍ ကားလမ်းအစွန်းမျဉ်းကို မကျော်ဖြတ်နိုင်ပေ။ |

| | | |
|---|---|---|
| 324 | ○ | မော်တော်ဆိုင်ကယ်က လမ်းဆုံတွင် ချိုးကွေ့ရာမှာ အချက်ပြအမှတ်အသား၊ အမှတ်အသား သို့မဟုတ် မျဉ်းလိုင်းအတိုင်း မောင်းနှင်ရမည်။ |
| 325 | ○ | မော်တော်ဆိုင်ကယ်က လမ်းဆုံတွင် ချိုးကွေ့ရာမှာ အမှတ်အသား သို့မဟုတ် မျဉ်းလိုင်းအလိုက် မောင်းနှင်ရမည်။ အမှတ်အသား သို့မဟုတ် မျဉ်းလိုင်းမရှိလျှင် နှစ်ဆင့်လိုက် ဘယ်ဘက်ကွေ့ရမည်။ အတွင်း သို့မဟုတ် အခြားယာဉ်သွားလမ်း မှတဆင့် ဘယ်ဘက်ကွေ့ခြင်း မပြုရပေ။ |
| 326 | X | သုံးလမ်းနှင့်အထက်ရှိသော တစ်လမ်းသွားလိုင်းတွင် ဘယ်ဘက် သို့မဟုတ် အနှေးကားလမ်းရှိ ကားများသည် နှစ်ဆင့်လိုက် ဘယ်ဘက်ကွေ့ရမည်။ |
| 327 | X | သုံးလမ်းနှင့်အထက် ရှိသော တလမ်းသွားလိုင်းတွင် ညာဘက် သို့မဟုတ် အနှေးကားလမ်းရှိ ကားများသည် နှစ်ဆင့်လိုက် ညာဘက်ကွေ့ရမည်။ |
| 328 | ○ | အမြန်နှင့် အနှေးခွဲခြားသောကားလမ်းတွင် အပြင်ယာဉ်သွားလမ်းရှိ ကားများသည် ညာဘက်ကွေ့ချင်ပါက လမ်းဆုံမတိုင်ခင် ၃၀-၆၀ မီတာအကွာတွင် အနှေးသွားလမ်းသို့ လွှဲပြောင်းပြီး လမ်းဆုံရောက်မှ ညာဘက်ကွေ့ရမည်။ |
| 329 | ○ | မော်တော်ဆိုင်ကယ် လမ်းဆုံသို့ရောက်ရှိချိန်တွင် မီးစိမ်းဖြစ်နေသော်လည်း လူကူးမျဉ်းကြားတွင် စည်းကမ်းဖောက်ဖျက်၍ သွားလာနေသော လူများရှိပါက အရှိန်လျှော့ပြီး ယာယီရပ်ပေးရမည်။  လမ်းသွားလမ်းလာသည် လူကူးမျဉ်းကြားတွင် ဦးစားသွားပိုင်ခွင့်ရှိသည်။ |
| 330 | X | စက်ဘီးရပ်နားရန် ကိရိယာတပ်ဆင်ထားခြင်းမရှိသော၊ အကြီးစားမော်တော်ဆိုင်ကယ် မဟုတ်သောမော်တော်ဆိုင်ကယ်ရပ်သည့်.လိုင်းကွက်တွင် စက်ဘီးမရပ်ရ။ |
| 331 | ○ | မော်တော်ဆိုင်ကယ် သီးသန့်သုံးလမ်းသည် အပြာရောင်ဖြစ်သည်။ စက်ဘီး သီးသန့်သုံးလမ်းသည် အုတ်ခဲနီရောင်ဖြစ်သည်။ |
| 332 | ○ | မော်တော်ဆိုင်ကယ်ရပ်သည့်လိုင်းကွက်သည် အကြီးစား မော်တော်ဆိုင်ကယ် မဟုတ်သော မော်တော်ဆိုင်ကယ်မောင်းသူက မီးနီချိန်တွင် ရပ်စောင့်ရန်ဖြစ်သည်။ အခြားကားယာဉ်များသည် ၎င်းအကွက်တွင် မရပ်ရ။ |
| 333 | X | ရိုးရိုးအကြီးစား မော်တော်ဆိုင်ကယ်စီးရာမှာ မော်တော်ဆိုင်ကယ် နှစ်ဆင့်လိုက် ဘယ်ဘက်ကွေ့ရန် အမှတ်အသားရှိသော လမ်းဆုံတွင် လူနှင့် ကားနည်းပါက |

| | | |
|---|---|---|
| | | အချိန်ချွေတာရန်အတွက် တိုက်ရိုက်ဘယ်ဘက်ကွေ့ရမည်။ ဘယ်ဘက်ကွေ့စောင့်ရန် လိုင်းကွက်တွင် အသားလွှတ် စောင့်ဆိုင်းရန် မလိုပါ။ |
| 334 | ○ | အစိုးရသတ်မှတ်ထားသည့်ယာဉ်အာမခံကို ဥပဒေအရဝယ်ယူရမည့်သူသည် အာမခံကိုမဝယ်ပဲ သို့မဟုတ် အာမခံသက်တမ်းကုန်ပြီးနောက် ဆက်လက်၍ မဝယ်ပါက ဒဏ်ငွေရိုက်မည်။ |
| 335 | ○ | ယာဉ်မတော်တဆမှုဖြစ်သည့်အခါ မဝယ်မနေရ မော်တော်ယဉ်အာမခံကို မဝယ်ယူထားပါက ကုန်းလမ်းကြီးကြပ်ရေး ဦးစီးဌာနမှ ဒဏ်ငွေရိုက်မည်။ |
| 336 | ○ | ဆိုင်ကယ်လိုင်စင်ဖြင့် ကားသေးမောင်းသူများ ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 6,000 အထက် 24,000 အောက် ရိုက်ခံရပြီး နေရာတွင်ပင် ကားဆက်မောင်းခွင့် မရှိတော့ပါ။ |
| 337 | X | အတုလုပ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် သူများအမည်ဖြင့် ထုတ်ယူသော ကားမောင်းလိုင်စင်ကို ကိုင်၍ မော်တော်ဆိုင်ကယ်စီးနင်းသူအား ထိုင်ဝမ်ငွေ ၆၀၀၀-၁၂၀၀၀ ဒဏ်ငွေရိုက်ပြီး ချက်ချင်း မောင်းနှင်ခွင့်မပြုပေ။ ၎င်းကားမောင်း လိုင်စင်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သဖြင့် သိမ်းယူရန်မလိုပါ။ |
| 338 | ○ | မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ရှိသူသည် ချိတ်ဆွဲကား၊ ဘတ်စကားကြီး၊ ကုန်တင်ကားကြီးများကို မောင်းနှင်ပါက ပိုင်ရှင်နှင့် ကားမောင်းသူကို ထိုင်ဝမ်ငွေ ၄သောင်းအထက် ၈သောင်းအောက် ဒဏ်ငွေရိုက်ပြီး ချက်ချင်း မောင်းနှင်ခွင့်မပြုပေ။ |
| 339 | ○ | ရိုးရိုးသာမန်အကြီးစား ဆိုင်ကယ်လိုင်စင်ဖြင့် အကြီးစားဆိုင်ကယ် စီးပါက ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 6,000 ယွမ်အတွင်း ပေးဆောင်ရမည့်အပြင် ထိုနေရာတွင်ပင် ယာဉ်ဆက်မောင်းခွင့် မရတော့ပါ။ |
| 340 | X | အသေးစားမော်တော်ဆိုင်ကယ် မောင်းလိုင်စင်ရှိသူသည် အကြီးစား မော်တော်ဆိုင်ကယ်ကို  မောင်းနှင်ပါက ချက်ချင်းမောင်းနှင်ခွင့်မပြုပေ။ ဒဏ်ငွေ ရိုက်ခြင်းမှလွှတ်ငြိမ်းခွင့်ပေးသည်။ |
| 341 | ○ | မော်တော်ဆိုင်ကယ်သည် လူသို့မဟုတ်ပစ္စည်းတင်သည့်အခါ သတ်မှတ်ချက်နှင့် မကိုက်ညီပါက ယာဉ်မောင်းသူကို ဒဏ်ငွေရိုက်မည်။ |
| 342 | ○ | မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ထုံယစ်စေသောဆေးဝါးများ၊ အလားတူ တားမြစ် ထိန်းချုပ်ထားသော ဆေးဝါးများသုံးစွဲခြင်း သို့မဟုတ် အရက်သေစာ သောက်စားပြီး မော်တော်ဆိုင်ကယ် မောင်းနှင်မှုဖြင့် သေဆုံးမှု ဖြစ်စေသည့် သူများကို |

| | | |
|---|---|---|
| | | ထောင်ဒဏ် ၃ နှစ်အထက် သို့မဟုတ် ၁၀ နှစ်အောက်အပြင် ဒဏ်ငွေ ထိုင်ဝမ်ဒေါ်လာ ၂ သန်းအောက် ၊ ပြင်းထန်သော ထိခိုက်ဒဏ်ရာ ရစေသူများအား ထောင်ဒဏ် ၁ နှစ်အထက် ၇ နှစ်အောက် ထောင်ဒဏ် အပြင် ငွေဒဏ် ထိုင်ဝမ်ဒေါ်လာ ၁ သန်းထက်မပိုသော ဒဏ်ငွေ ချမှတ်နိုင်သည်။ |
| 343 | ○ | စည်းကမ်းဖောက်ဖျက်၍ မော်တော်ဆိုင်ကယ်မောင်းသူသည် လမ်းပန်းဆက်သွယ်ရေး ဖောက်ဖျက်မှု အကြောင်းကြားစာကို ရရှိပြီးနောက် လက်မခံပါက ရက်၃၀တွင်း ဒဏ်ရိုက်မှု၌ါနသို့ ဆက်သွယ်ပြောကြားနိုင်သည်။ |
| 344 | X | ဖျက်သိမ်းကြောင်း မှတ်ပုံတင်ပြီးသည့်. မော်တော်ဆိုင်ကယ်ကို ဆက်စီးပါက မော်တော်ဆိုင်ကယ်ကို ချက်ချင်းသိမ်းဆည်း၍ ပိုင်ရှင်ကို သတ်မှတ်ရက်အတွင်း ပြန်ယူရန် အကြောင်းကြားသည်။ |
| 345 | ○ | ဆိုင်ကယ်မောင်းလိုင်စင်ကို ထိန်းသိမ်းကာလအတွင်းမှာ ဆက်စီးပါက ၎င်းဆိုင်ကယ်မောင်းလိုင်စင်ကို ဖျက်သိမ်းရမည်။ |
| 346 | ○ | ဆိုင်ကယ်လိုင်စင်သာ ရှိပြီး ယာဉ်သေးမောင်းပါက ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 6,000~24,000 အတွင်း ရိုက်ခံရမည့်အပြင် နေရာတွင်ပင် ကားဆက်မောင်းခွင့် မပေးတော့ပါ။ |
| 347 | X | အရက်သောက်ပြီးနောက် အယ်လကိုဟောဒီဂရီသတ်မှတ်ချက်ထက် ကျော်လွန်ပြီး မော်တော်ဆိုင်ကယ်စီးပါက ယာဉ်တိုက်မှုအမှုအခင်းမဖြစ်လျှင်ဒဏ်ငွေသာ ရိုက်ပြီး ဆိုင်ကယ်မောင်းလိုင်စင်ကို မထိန်းသိမ်းပေ။ |
| 348 | ○ | မော်တော်ဆိုင်ကယ်မောင်းသူသည် အယ်လကိုဟောအပျစ်ဒီဂရီ စစ်ဆေးမှုကို လက်မခံပါက ပထမအကြိမ်ဆိုလျှင် ၁၈၀၀၀၀ယွမ်ငွေဒဏ်ချပြီး ဤကားကိုပွဲချင်း ထိန်းချုပ်၊ ကားမောင်းလိုင်စင်ကို ဖျက်သိမ်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံရေးသင်တန်းတက်ရမည်။ |
| 349 | ○ | မော်တော်ဆိုင်ကယ်သည် ၃လအတွင်းစည်းကမ်းဖောက်ဖျက်မှု ၃ကြိမ်ကျော် ပါက ၎င်းကားလိုင်စင်ကို ၁လထိန်းသိမ်းရမည်။ |
| 350 | ○ | တရုတ်ခုနှစ် ၁၀၂နှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ မော်တော်ဆိုင်ကယ် လိုင်စင် လဲလှယ်ခြင်းကို လျှောက်ရန် မလိုပေ။ |

| | | |
|---|---|---|
| 351 | ○ | မော်တော်ဆိုင်ကယ်သည် လက်လွှဲခြင်း၊ လွှဲပြောင်းခြင်း၊ စီးနင်းရပ်ဆိုင်းခြင်း၊ ပြန်လည်စီးနင်းခြင်း၊အသုံးပြု၍မရတော့ခြင်း၊ဆိုင်ကယ်နံပါတ်ပြားဖျက်သိမ်း ရုပ်သိမ်းခြင်း စသော အကြောင်းအရာများရှိပါက လွှဲပြောင်းမှတ်ပုံတင်လျှောက်ထားရမည်။ |
| 352 | ○ | မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကို တပါးသူသို့ ငှါးရမ်းပါက လိုင်စင် ၃လ ထိန်းသိမ်းခံရမည်။ |
| 353 | X | မော်တော်ဆိုင်ကယ်သည် လူကူးမျဉ်းကျားကိုဖြတ်ရာမှာ လမ်းသွားလမ်းလာများရှိပါက ယာဉ်ထိန်းသူ သို့မဟုတ် အချက်ပြအမှတ်အသားရှိခြင်း မှလွှဲ၍ လမ်းဖြတ်ကူးသူများကို ဦးစားပေးရန်မလိုပါ။ |
| 354 | ○ | မော်တော်ဆိုင်ကယ် အသုံးပြု၍မရတော့ပါက လွှဲပြောင်းမှတ်ပုံတင်လျှောက်ထားရမည်။ လမ်းပန်းဆက်သွယ်ရေး ဦးစီးဌါနသို့ အသုံးပြု၍မရတော့ကြောင်း လျှောက်ထားပြီး ယာဉ် လိုင်စင်နံပါတ်ပြားကို ပြန်လည် ပေးအပ်ရမည်။ |
| 355 | X | စက်ရုံမှထုတ်၍ ၅နှစ် မပြည့်သေးသော သာမန်အသေးစားနှင့် အကြီးစား မော်တော်ဆိုင်ကယ်သည် နှစ်တိုင်းအနည်းဆုံး ၁ကြိမ်စစ်ဆေးရမည်။ |
| 356 | X | အသက်၁၈နှစ်မပြည့်မီ ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်မရှိပါ၊ ထို့ကြောင့်တရားဝင်အုပ်ထိန်းသူ ခွင့်ပြုချက်ရမှသာ မော်တော်ဆိုင်ကယ်ကို စီးနင်းနိုင်မည်။ |
| 357 | ○ | အသေးစားနှင့် သာမန်အကြီးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကို ဖြေဆိုမည့်သူသည် ကိုယ်ကာယကြံ့ခိုင်မှု စစ်ဆေးရန်မလိုပါ။ |
| 358 | ○ | ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် လူစားထိုး၍ဝင်ရောက်ဖြေဆိုပါက ဖြေဆိုသူနှင့် လူစားဖြေဆိုသူနှစ်ဦးစလုံးအား စစ်ဆေးတွေ့ရှိသည့်နေ့မှစ၍ ၅နှစ်အတွင်းလိုင်စင်ထပ်မံဖြေဆိုခွင့်မပြုပါ |
| 359 | ○ | ထိန်းသိမ်းသူ မရှိသော ကားနှင့် မီးရထားလမ်းဆုံတွင် ရပ်နားခြင်း၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်းလုပ်၍ သံလမ်းနှစ်ဘက်မှာ ရထားမရှိကြောင်း အတည်ပြုပြီးမှ ဖြတ်ကူးနိုင်သည်။ |
| 360 | X | မော်တော်ဆိုင်ကယ်မောင်းသူသည် စနာရီကျော်ဆက်လက်စီးနင်းခဲ့သော်လည်း လန်းဆန်းနေသေးပါက ဆက်လက်စီးနင်းနိုင်သည်။ |

| | | |
|---|---|---|
| 361 | X | မော်တော်ဆိုင်ကယ်အနောက်တွင်စီးသည့် ခရီးသည်သည် ဘေးကင်းဦးထုပ်ကို မဆောင်းပါက ယာဉ်မောင်းသူကိုသာ ဒဏ်ရိုက်သည် ၊ထို့ကြောင့်ခရီးသည်သည် ဘေးကင်းဦးထုပ်ကို ဆောင်းရန်မလိုပါ။ |
| 362 | X | လမ်းပန်းဆက်သွယ်ရေးလက်ရှိဥပဒေအရ မော်တော်ဆိုင်ကယ်မောင်းသူက အရက်သောက်ပြီး စီးနင်းပါက အမြင့်ဆုံး ထိုင်ဝမ်ငွေ ၆သောင်းဒဏ်ရိုက်မည်။ |
| 363 | ○ | အသက်၁၄နှစ် မပြည့်သောသူသည် လမ်းပန်းဆက်သွယ်ရေးအုပ်ချုပ်မှု နည်းဥပဒေကို ကျူးလွန်ပါက ဥပဒေဆိုင်ရာကိုယ်စားလှယ် သို့မဟုတ် တရားဝင်အုပ်ထိန်းသူကို ဒဏ်ချသည်။ |
| 364 | X | လမ်းဆုံတွင် ချိုးကွေ့လျှင် နောက်ကားကို သတိပေးရန်အတွက် ချိုးကွေ့ခါနီးမှသာ အကွေ့အချက်ပြမီးကို ဖွင့် ရသည်။ |
| 365 | ○ | မော်တော်ဆိုင်ကယ်ကိုယ်ထည်သည် သေးသွယ်သွက်လက်သော်လည်း လမ်းပိတ်ဆို့မှုကြုံတွေ့ရာမှာ ယာဉ်သွားလမ်းကို ထင်သလို ပြောင်းလဲမှု မပြုရပေ။ |
| 366 | ○ | တရားဝင်ဆိုင်ကယ်လိုင်စင်နံပါတ်ပြားမရသေးမီ လိုင်စင်နံပါတ်ပြားကိုယူရန် လမ်းပန်းဆက်သွယ်ရေး ဦးစီးဌါနသို့ သွားလျှင် ယာယီလိုင်စင်နံပါတ်ပြား ကို လျှောက်ထားပြီးမှ ကားလမ်းတွင် စီးနင်းနိုင်သည်။ |
| 367 | X | မော်တော်ဆိုင်ကယ် မောင်းလိုင်စင် စာမေးပွဲ မအောင်သော်လည်း မော်တော်ကား မောင်းလိုင်စင်ဖြင့် ရိုးရိုးအကြီးစား မော်တော်ဆိုင်ကယ်ကို စီးနင်းနိုင်သည်။ |
| 368 | X | အသေးစား၊ အကြီးစားနှင့် သာမန်အသေးစား မော်တော်ဆိုင်ကယ်မောင်းသူနောက်ရှိ ပုံသေထိုင်ခုံတွင် လူ၁ယောက်ကို တင်နိုင်သည်။ |
| 369 | ○ | မော်တော်ဆိုင်ကယ်မစီးနင်းခင်မှာ ဘရိတ်၊ တာယာ၊ မီး၊ ဟွန်း၊ နောက်ကြည့်မှန် စသော တပ်ဆင်ပစ္စည်းများကို စစ်ဆေးရမည်။ |
| 370 | X | မီးပွိုင့်တွင်မီးနီစောင့်သည့်အချိန်ကြာပါက အရေးကြီးသတင်းမလွတ်ရန် လက်ကိုင်ဖုန်းမှမက်ဆေ့ရှ် ကြည့်လို့ရသည်။ |
| 371 | ○ | တောင်ပေါ်လမ်းတွင် မော်တော်ဆိုင်ကယ်စီးရာမှာ ကြောင်လိမ်အကွေ့၊ ဆင်ခြေလျှောလမ်း မြင်ကွင်း မကောင်းမွန်သော နေရာသို့ ရောက်ရှိလျှင် ဟွန်းသံဖြင့် မျက်နှာချင်းဆိုင်မှလာမည့်ကားကို သတိပေးရမည်။ အများအားဖြင့် ၁ချက်သာ ဖြစ်သည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 372 | ○ | မိုးကြီးသောကြောင့် မြင်ကွင်း မကောင်းမွန်ပါက အရှိန်လျှော့ပြီး အချိန်မရွေး ရပ်နားရန် ပြင်စင်ထားရမည်။ |
| 373 | ○ | တစ်လမ်းသွားလိုင်းတွင် အရေးပေါ်ကားကို ရှောင်ဖယ်ရာမှာ အရှိန်လျှော့၍ ညာဘက်သို့ ရှောင်ဖယ်ပြီး ကားရပ်ရန် ပြင်ဆင်ရမည်။ |
| 374 | ○ | ကားမောင်းသူက မိမိကိုယ်ကိုအသက်အရွယ် သို့မဟုတ် ကျန်းမာရေးကြောင့် ကားမောင်းရန် မသင့်လျော်ဟု ထင်ပါက ကားမောင်းလိုင်စင်ကို ဦးစီးဌါနသို့ အလိုအလျောက် ပြန်ပေးနိုင်သည်။ |
| 375 | ○ | ကားယာဉ်မောင်းနှင်ရာမှာ အချိန်မရွေးအရှိန်သတ်နိုင်ရန် ရှေ့ကားနှင့် အကွာအဝေးကို ထိန်းထားရမည်။ ဘယ်ဘက်နှင့် ညာဘက်တွင်လည်း ၅၀စင်တီမီတာအကွာအဝေးကို ရှိနေရမည်။ |
| 376 | ○ | လမ်းဘေးရှိကားက ရုတ်တရက် တံခါးဖွင့်သောကြောင့် ထိခိုက်ခံရခြင်းကို ရှောင်ရှားရန်အတွက် မော်တော်ဆိုင်ကယ်စီးနင်းရာမှာ လမ်းဘေးရှိကားနှင့် ၁မီတာ (ကားတံခါးတစ်ခုလောက်) ကျော် ကွာခြားရမည်။ |
| 377 | X | လမ်းပန်းဆက်သွယ်ရေး မပိတ်ဆို့စေရန်အတွက် မီးသတ်ရေပိုက်ခေါင်း၊ မီးသတ်ကားဝင်ထွက်ပေါက် ၁၀မီတာအတွင်းမှာ ကားကို ထင်သလို ရပ်ခြင်း သို့မဟုတ် ယာယီရပ်ခြင်း မပြုရ။ |
| 378 | ○ | မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကို လွှဲပြောင်းရန်မလိုသော်လည်း အစိုးရသတ်မှတ်ထားသောယာဉ်အာမခံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလေထုညစ်ညမ်းမှု စစ်ဆေးခြင်းအချိန်ကို သတိထားရမည်။ သို့မဟုတ်လျှင် ဒဏ်ရိုက်ခံရမည်။ |
| 379 | X | မော်တော်ဆိုင်ကယ် တင်ဆောင်သောပစ္စည်း အနံသည် ဆိုင်ကယ်လက်ကိုင်ထက် ၁၅စင်တီမီတာ မကျော်ရ။ |
| 380 | X | ကားနှင့် ရထားလမ်းဆုံသို့ ရောက်ခါနီးမှာ အချက်ပေးခေါင်းလောင်းသံမြည်ခြင်း၊ အချက်ပြမီးလင်းခြင်း၊ ရထားလမ်းအကာစတင်ကျပါက အရှိန်မြှင့်၍ ဖြတ်ကူး ရမည်။ |
| 381 | ○ | ကားယာဉ်အခိုးခံရလျှင် လောင်စာအသုံးပြုအခွန်ခသည် အခိုးခံရသည့်နေ့မတိုင်မီ အရှေ့ ၁ရက်နေ့အထိ ပေးဆောင်ရမည်။ |

| | | |
|---|---|---|
| 382 | ○ | အစိုးရသတ်မှတ်ထားသည့်ကားအာမခံသည် အမှုသည် အသက်၊ ကိုယ်ခန္ဓာ ထိခိုက်ခံမှုသာ လျော်ကြေးပေးမည်။ လိုအပ်ပါက မည်သည့် အာမခံအမျိုးမျိုးကိုမဆို ထပ်မံဝယ်ယူ၍ အာမခံပမာဏကိုပို၍ရနိုင်သည်။ |
| 383 | X | မောင်းနှင်နေသော ကားယာဉ်သည် ယာဉ်သွားလမ်း ပြောင်းခြင်း သို့မဟုတ် ချိုးကွေ့ခြင်း မလုပ်မီ ၁၀မီတာမှစ၍ အကွေ့အချက်ပြမီး သို့မဟုတ် လက်ဟန်ကို ဖေါ်ပြ၍ နောက်ကြည့်မှန်ဖြင့် နောက်ရှိ အခြေအနေကို အတည်ပြုပြီးမှ သွားနိုင်မည်။ |
| 384 | ○ | မော်တော်ဆိုင်ကယ်မောင်းသူက နှစ်ဆင့်လိုက် ဘယ်ဘက်ကွေ့ရန် အမှတ်အသားရှိသော လမ်းဆုံသို့ ရောက်လျှင် သတ်မှတ်ချက်အရ နှစ်ဆင့်လိုက် ဘယ်ဘက်ကွေ့ရမည်။ |
| 385 | X | မီးနီစောင့်ချိန် ချွေတာရန်အတွက် မော်တော်ဆိုင်ကယ်ကို တွန်း၍ ရပ်လိုင်းကို ဖြတ်ကျော်ပြီး နောက်ပြန်ကွေ့ခြင်း သို့မဟုတ် နှစ်ဆင့်လိုက် ဘယ်ဘက်ကွေ့ပြီး စီးနင်းသွားနိုင်သည်။ |
| 386 | X | ကားမောင်းသူသည် မီးသတ်ကား၊ လူနာပြုကား၊ ရဲကား၊ အင်ဂျင်နီယာ ကယ်ဆယ်ကား၊ အဆိပ်ဓါတု ပစ္စည်းဘေးအန္တရာယ် ဖယ်ရှားကား စသည်တို့ သတိပေးချက်ကို ကြားရပြီး မရှောင်ဖယ်ပါက ငွေဒဏ်ချပြီး ကားမောင်းလိုင်စင်ကို ၃လဖျက်သိမ်းရမည်။ |
| 387 | ○ | လမ်းသွားလမ်းလာသည် လူသွားမျဉ်းကြားတွင် ဦးစားသွားပိုင်ခွင့်ရှိသဖြင့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် မောင်းသူက မဖယ်ပေးပါက ဒဏ်ငွေချနိုင်သည်။ |
| 388 | ○ | ကားယာဉ် အရောင် သို့မဟုတ် ကားကိုယ်ထည်ပုံစံ ပြောင်းလဲမှုရှိပါက စစ်ဆေးခံအောင်မြင်ပြီးနောက် လမ်းပန်းဆက်သွယ်ရေးဦးစီးဌါနတွင် မှတ်ပုံတင် ရမည်။ |
| 389 | X | လမ်းပန်းဆက်သွယ်ရေးဦးစီးဌါနမှ မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ကိုဖျက်သိမ်းလိုက်သော်လည်း မော်တော်ကားမောင်းလိုင်စင်ဖြင့် အသေးစား မော်တော်ဆိုင်ကယ်ကို စီးနင်းနိုင်သည်။ |
| 390 | X | မောပန်းခြင်းသည် ကားမောင်းသူ အာရုံစိုက်မှုနှင့် ဆုံးဖြတ်မှုကို လျှော့နည်းစေသည်။ ကြာရှည်စွာ စီးနင်းပါက သတ်မှတ်ချက်အရ ၄နာရီကျော် ဆက်စီးခြင်း မပြုရ။ |
| 391 | X | မီးဝါ အရောင်လက်ချိန်မှာ ကားသည် အရှိန်လျှော့၍ ချဉ်းကပ်ပြီး လမ်းဆုံ မရောက်မီရပ်တန့်ရမည်။ လမ်းခွဲရှိကားကို ဦးစားပေးသွားပြီး အန္တရာယ်ကင်းပြီဟု ယူဆမှ ဆက်လက်မောင်းရမည်။ |

| | | |
|---|---|---|
| 392 | X | မီးနီ အရောင်လက်ချိန်မှာ [ သတိ ]လို့ဖေါ်ပြသည်။ ကားသည် အရှိန်လျှော့၍ ချဉ်းကပ်ပြီး အန္တရာယ်ကင်းရေးကို ဂရုစိုက်၍ ဖြတ်ကူးရမည်။ |
| 393 | X | ယခု ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်ကို အချိန်မှန်လဲလှယ်ခြင်းပြုရန်မလို တော့ပေ။ ထို့ကြောင့် ယာဉ်မောင်းသူသည် ယာဉ်မောင်းရာမှာ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်ရန် မလိုပါ။ |
| 394 | ○ | ရှေ့ကား ဘရိတ်မီးလင်းချိန်မှာ အရှိန်လျှော့ပြီး ဘရိတ်ဖမ်းရန် ပြင်ဆင်ရမည်။ |
| 395 | ○ | မော်တော်ဆိုင်ကယ် စက်ရုံမှထွက်ပြီး ၅နှစ်ကျော်ရှိပါက ပိုင်ဆိုင်မှု လွှဲပြောင်းလျှင် ယာယီစစ်ဆေးရမည်။ |
| 396 | ○ | ကားမောင်းလိုင်စင်ရှိသော ကားမောင်းသူသည် သက်တမ်းကာလအတွင်းမှာ မူရင်းကားမောင်းလိုင်စင်ဖြင့် လမ်းပန်းဆက်သွယ်ရေး ဦးစီးဌါနသို့ ကားမျိုးတူ အင်တာနေရှင်နယ် ကားမောင်းလိုင်စင်ကို လဲပြောင်းရန် လျှောက်ထားနိုင်သည်။ |
| 397 | ○ | အသေးစား သို့မဟုတ် သာမန်အကြီးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင် စာမေးပွဲဖြေလျှင် အတွေ့အကြုံရှိရမည်ဟု မသတ်မှတ်ထားပါ။ |
| 398 | X | အရေးပေါ် သို့မဟုတ် အန္တရာယ်ကရှိသောအခြေအနေ တွေ့ရှိပါက ဟွန်းတီးရာမှာ အများအားဖြင့် ၁ချက်သာတီးနိုင်သည်။ သို့ရာတွင် အရေးပေါ်အခြေအနေ ဖြေရှင်းပြီးသည်အထိ ဆက်လက်တီးရမည်။ |
| 399 | X | လမ်းပေါ်တွင် ပြိုင်ပွဲလုပ်ခြင်း၊ စားသောက်ပွဲလုပ်ခြင်း၊ ဓါတ်ပုံရိုက်ခြင်း၊ ဇာတ်ကခြင်း၊ အားကစားလုပ်ခြင်း သို့မဟုတ် ၎င်းကဲ့သို့ အခြားဆောင်ရွက်မှုသည် တရားဝင်သဖြင့် ရဲဌာန ခွင့်ပြုချက် မလိုပေ။ |
| 400 | X | စည်းကမ်းဖောက်ဖျက်၍ ကားရပ်ခြင်းကို ရဲကအကြောင်းကြားပြီးနောက် ကားမောင်းသူမရှိ သို့မဟုတ် ကားကို မရွှေ့ပါက ထပ်မံအကြောင်းကြားခြင်း မပြုရ။ |
| 401 | ○ | မော်တော်ဆိုင်ကယ်ပိုင်ရှင်က ဆိုင်ကယ်ကို တပါးသူအား ငှါးရမ်းသုံးစွဲစေသည့်အခါ ယာဉ်မောင်းလိုင်စင်ရှိမရှိ၊ ကျန်းမာရေးအခြေအနေကို စစ်ဆေးခြင်းအပြင် မော်တော်ဆိုင်ကယ် အခြေအနေကိုပါ ပြောပြရမည်။ |
| 402 | ○ | လူကူးမျဉ်းကျားဖြတ်ကူးရာတွင် လူတော့Gရှိပါက ယာဉ်ထိန်းသူ သို့မဟုတ် အချက်ပြအမှတ်အသား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ယာယီရပ်ပြီး လမ်းသွားလမ်းလာကို ဦးစားပေးသွားစေရမည်။ |

| | | |
|---|---|---|
| 403 | X | လူကူးမျဉ်းကျားတွင် လူဖြတ်ကူးနေသော်လည်း ကားယာဉ်သည် နှေးနှေးဖြတ်ကူးနိုင်သည်။ |
| 404 | X | လမ်းဆုံတွင် ယာဉ်ထိန်းရဲနှင့် မီးပွိုင့်အမှတ်အသားရှိပါက မီးပွိုင့် အမှတ်အသားကို ကျင့်သုံးလိုက်နာရမည်။ |
| 405 | ◯ | မီးပွိုင့်မရှိသော လမ်းဆုံတွင် အကောင်းဆုံးမှာ ဘယ်ဘက်ကြည့်ပြီးလျှင် ညာဘက်ကြည့်နောက်မှ ဘယ်ဘက်ကို ထပ်မံကြည့်ခြင်းသည် ပို၍ အန္တရာယ်ကင်း သည်။ |
| 406 | X | သာမန်အကြီးစား မော်တော်ဆိုင်ကယ် မောင်းလိုင်စင်ရှိသူက အသေးစား မော်တော်ဆိုင်ကယ်ကို မစီးနင်းနိုင်ပေ။ |
| 407 | ◯ | အဝါရောင် မျဉ်းပြတ်ဆွဲထားသော လမ်းကြောင်းတွင် ယာဉ်ကျော်တက်ရာမှာ ရှေ့ကား ဘယ်ဘက်မှ ကျော်တက်ရမည်။ |
| 408 | ◯ | ယာယီကားရပ်ခြင်းဆိုသည်မှာ လူဆင်းလူတက်၊ ကုန်တင်ကုန်ချရန် ရပ်နားချိန် ၃မိနစ်မပြည့်ပဲ ချက်ခြင်းပြန်လည်စီးနင်း နိုင်သော အခြေအနေဖြစ်သည်။ အင်ဂျင်စက်ရပ်သည်ဖြစ်စေ မရပ်သည်ဖြစ်စေ အာလုံးရသည်။ |
| 409 | X | ကားယာဉ်ဆိုသည်မှာ သံလမ်းလျှပ်စစ်ဓါတ်မလိုပဲ ကိုယ်ပိုင်အင်ဂျင်ဖြင့် မောင်းနှင်းသော မော်တော်ကား၊ အရှိန်နိမ့်ကားနှင့် အခြားလမ်းပေါ်မောင်းနှင်သည့် ပါဝါသုံးယာဉ် ဖြစ်သည်။ ကိုယ်ပိုင်အင်ဂျင်ဖြင့် မောင်းနှင်းသော်ကား ဆိုသည်မှာ မော်တော်ဆိုင်ကယ် မပါဝင်ပေ။ |
| 410 | ◯ | လမ်းမကြီး ဆိုသည်မှာ နိုင်ငံလမ်း၊ ပြည်နယ်လမ်း၊ မြို့လမ်း၊တိုင်းလမ်း၊ ခရိုင်လမ်း၊ ကျေးရွာလမ်း၊ သီးသန့်လမ်းနှင့် ၎င်းဒေသအတွင်းရှိ လမ်းကြောင်းနှင့် သက်ဆိုင်သော အထောက်အကူပြုတပ်ဆင်ထားသောပစ္စည်းများ ဖြစ်သည်။ |
| 411 | X | ကားမောင်းသူသည် အရက်သောက်ပြီး ကားမောင်း၍ အသက်၁၂နှစ်မပြည့်သောကလေးကို တင်ဆောင်ပါက ဒဏ်ငွေချ၍ ၎င်းကားယာဉ်ကို ချက်ချင်းသိမ်းဆည်းသည့်အပြင် ကားမောင်းလိုင်စင်ကို ဖျက်သိမ်းခံရမည်။ |
| 412 | ◯ | ကားယာဉ်ပိုင်ရှင် သို့မဟုတ် ကားမောင်းသူက လမ်းပန်းဆက်သွယ်ရေး နည်းဥပဒေကို ကျူးလွန်သဖြင့် ကားယာဉ် သိမ်းဆည်းခံရပါက သိမ်းဆည်းကာလ ပြီးဆုံးပြီးနောက် ပြေစာနှင့် ကားလိုင်စင်ဖြင့် ကားယာဉ်ကို ပြန်ယူရမည်။ ၎င်းအပြင် အရက်သောက်ပြီး ကားမောင်းပါက ဒဏ်ငွေဆောင်ပြေစာကိုလည်း ပူးတွဲပေးအပ်ရမည်။ |

| | | |
|---|---|---|
| 413 | X | အင်ဂျင်အား ၅၅၀ ကုဗစင်တီမီတာအထက် ရှိသော မော်တော်ဆိုင်ကယ် အရှည်မှာ ၃မီတာ ထက်မပိုရ။ |
| 414 | X | ၅၅၀ ပါကပြီးနှစ်ဆန်းကြား ကာကြယ်မှုလက်မှုစားနုံရောင်းအနီးဆုံးအရှင် ၂ ပါကအတူ မရှိပါ။ |
| 415 | ○ | ကိုယ်လက်အင်္ဂါချို့ယွင်းသူ မောင်းနှင်သည့်အထူးပြုလုပ်ကားမှလွဲ၍ အကြီးစားနှင့် သာမန်အသေးစား မော်တော်ဆိုင်ကယ် အနံမှာ ၁.၃မီတာထက် မကြီးရ၊ အသေးစား မော်တော်ဆိုင်ကယ်မှာလည်း ၁မီတာထက် မကြီးရ။ |
| 416 | ○ | အသေးစား မော်တော်ဆိုင်ကယ်သည် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ မတင်ရ။ အကြီးစား မော်တော်ဆိုင်ကယ်တွင် တင်ဆောင်လာသော ရေနံဓာတ်ငွေ့ရည် အသားတင်အလေးချိန်သည် ၆၀ ကီလိုဂရမ်ထက် မကျော်လွန်ပါက လမ်းအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်း ပုဒ်မ ၈၄၊ အပိုဒ် ၁၊ အပိုဒ်ခွဲ ၁ မှ ၇ အထိ သတ်မှတ်ချက်များကို လိုက်နာစရာမလိုပါ။ |
| 417 | ○ | ၁၀၃ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ လိုင်စင် လျှောက်ထားရန် စစ်ဆေးခြင်းနှင့် အချိန်မှန် စစ်ဆေးခြင်းတွင် တာယာ မျက်နှာပြင် ပွန်းစေမှုစစ်ဆေးခြင်း ပါဝင်သည်။ |
| 418 | ○ | မော်တော်ဆိုင်ကယ်သည် နှစ်ဆင့်ကွေ့နည်းဖြင့် ဘယ်ဘက်ကွေ့ရန် သတ်မှတ်မထားသော လမ်းဆုံတွင် ဘယ်ဘက်ကွေ့လိုပါက လမ်းဆုံမတိုင်မီ မီတာ၃၀တွင် အကွေ့အချက်ပြမီးကို ဖွင့်ပြီး အတွင်းလမ်းကြောင်း သို့မဟုတ် ဘယ်ဘက်ကွေ့ရန် လမ်းကြောင်းသို. ပြောင်း၍ လမ်းဆုံအလယ်ပိုင်းသို့ ရောက်မှ ဘယ်ဘက်ကွေ့ရမည်။ အခြားလမ်းကြောင်းကို သုံးပြီး လမ်းလုမောင်းနှင်၍ ဘယ်ဘက်ကွေ့ခြင်း မပြုရ။ |
| 419 | ○ | အကြီးစားမဟုတ်သော မော်တော်ဆိုင်ကယ်သည် မီးပွိုင့်မီးနီရာမှာ မော်တော်ဆိုင်ကယ်ရပ်ရန် အကွက်ရှိပါက ၎င်းအကွက်အတွင်းတွင် ရပ်သင့်သည်။ မော်တော်ဆိုင်ကယ်ရပ်ရန် အကွက်မရှိပါက ရပ်မျဉ်းရှေ့တွင် ရပ်သင့်သည်။ |
| 420 | ○ | လိုင်စင် ဖျက်သိမ်းထားသော ကားယာဉ်သည် လိုင်စင်ထပ်မံ လျှောက်ထားရမည်။ |
| 421 | ○ | ယာဉ်မောင်းလိုင်စင်မရှိသူသည် လမ်းပန်းဆက်သွယ်ရေးနည်းဥပဒေကို ကျူးလွန်ပါက ယာဉ်မောင်းလိုင်စင်ကို ထိန်းသိမ်းပြီး သတ်မှတ်ထားသော ထိန်းသိမ်းကာလအတွင်းတွင် ယာဉ်မောင်းလိုင်စင် စားမေးပွဲကို ဖြေဆိုခွင်.မရှိပေ။ |

| | | |
|---|---|---|
| 422 | X | ယာဉ်မောင်းလိုင်စင်ကို အစဉ်ထာဝရ ဖျက်သိမ်းခြင်း၊ ထိန်းသိမ်းခြင်း ခံရသူသည် ဥပဒေကျူးလွန်ပြီး နောက်ထပ်ပညာပေးသင်တန်း ၁လတက်ပြီးမှ ယာဉ်မောင်းလိုင်စင် စားမေးပွဲကို ဖြေဆိုနိုင်မည်။ |
| 423 | ○ | ယာဉ်မောင်းလိုင်စင်သည် ယာဉ်မောင်းသူက လမ်းပန်းဆက်သွယ်ရေး ဦးစီးဌါနသို့ လျှောက်ထားပြီး စားမေးပွဲဖြေဆိုအောင်မြင်မှသာ ထုတ်ပေးသည်။ |
| 424 | ○ | ယာဉ်မောင်းသူက ယာဉ်မောင်းလိုင်စင် စားမေးပွဲအောင်မြင်ပြီးနောက် ယာဉ်မောင်းလိုင်စင်ကို မထုတ်ယူခင်မှာ မော်တော်ဆိုင်ကယ်ကို မစီးနင်းရ။ |
| 425 | ○ | တာဝန်ထမ်းဆောင်နေသော မီးသတ်ကား၊ လူနာပြုကား၊ ရဲကား၊ အင်ဂျင်နီယာ ကယ်ဆယ်ကား၊ အဆိပ်ဓါတု ပစ္စည်းဘေးအန္တရာယ် ဖယ်ရှားကားတို့၏ မြန်နှုန်း ကန့်သတ်ချက် မရှိပေ။ |
| 426 | ○ | လူကူးမျဉ်းကြားလမ်းဆိုသည်မှာ လူများ လမ်းဖြတ်ကူးရန်အတွက် လမ်းပေါ်တွင် ဇလီဖာတုံးပုံ သို့မဟုတ် မြင်းကျားအစင်း အမှတ်အသားဆွဲထားသော လူဖြတ်ကူးရန်မျဉ်းလိုင်းဖြစ်သည်။ |
| 427 | X | လူမှုလက်မှုဖြစ်ရပ်တိတ်ကြောင်း လူမျိုးသမီးတို့ကို ယခုလက်မှုလက်မှုဖြစ်ရန် ဖြတ်ကြောင်း ယခုလက်မှုကို လူမှုလက်မှုအနည်းငယ်ရှိရန် မထိုက်တွင့် လူမှုလက်မှုကို ပြန်လည်စေရန် မဟုတ်ပါ။ |
| 428 | ○ | တာဝန်ထမ်းဆောင်နေသော မီးသတ်ကား၊ လူနာတင်ကား၊ ရဲကားနှင့် ဆောက်လုပ်ရေး သတိပေးကားသည် ဦးတည်ချက် တူညီသော ယာဉ်သွားလမ်း ၂လမ်းကျော်ရှိသည့် လမ်းကြောင်းတွင် အတွင်းနှင့် အပြင်ယာဉ်သွားလမ်း အားလုံးကို  မောင်းနှင်နိုင်သည်။ |
| 429 | X | ဦးတည်ချက်မတူသော နှစ်လမ်းသွားကားလမ်းတွင် မောင်းနှင်းရာမှာ ဦးတည်ချက်ကန့်သတ်မျဉ်းရှိလျှင် မျက်နှာချင်းဆိုင် ယာဉ်သွားလမ်းသို့ ဝင်၍မောင်းနှင်နိုင်သည်။ |
| 430 | ○ | ဦးတည်ချက်  မတူသော နှစ်လမ်းသွားကားလမ်းတွင် မောင်းနှင်းရာမှာ သတ်မှတ်ထားသော ယာဉ်သွားလမ်းအတွင်းမှာ မောင်းနှင်းရမည်။ |
| 431 | X | ယာဉ်သွားလမ်း ပြောင်းလဲခြင်း သို့မဟုတ် ချိုးကွေ့ရာမှာ အချိန်ချွေတာရန်အတွက် အချက်ပြမီး မဖွင့်ပဲ ချက်ခြင်း ပြောင်းလဲ သို့မဟုတ် ချိုးကွေ့နိုင်မည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 432 | ○ | တောင်ပေါ်လမ်းတွင် ကားဆုံလျှင် တောင်နှင့် နီးကပ်သော ယာဉ်သည် အပြင်ကားလမ်းရှိ ကားကို ဦးစားပေး မောင်းသင့်သည်။ |
| 433 | ○ | တူညီသော ယာဉ်သွားလမ်းရှိ ရှေ့ကားကိုကျော်တက်လိုလျှင် ဦးစွာဟွန်း၂ ချက်တီး၍ သို့မဟုတ် မီး ၁ ကြိမ်တောက် ရမည်။ ရှေ့ကားက အရှိန်လျှော့၍ဘေးသို့.ကပ်လျှင် သို့မဟုတ် လက်ဟန်ဖြင့် ခွင့်ပြုချက်ဖော်ပြပြီးမှ စတင်ကျော်တက်နိုင်မည်။ |
| 434 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ ကားမကျော်ရမျဉ်း၊ ဦးတည်ချက်ကန့်သတ်မျဉ်း၊ ယာဉ်သွားလမ်း မပြောင်းလဲရမျဉ်းကို ဖြတ်ကူးခြင်း သို့မဟုတ် ကားနှင့် မီးရထားလမ်းဆုံတွင် ယာဉ်ကျော်တက်ခြင်း၊ ယာဉ်နောက်ပြန်လှည့်ခြင်း မပြုရပေ။ |
| 435 | X | ရှေ့ဘက်တွင် တာဝန်ထမ်းဆောင်နေသော လူနာတင်ကားရှိပါက လမ်းဖယ်ပေးရန်မလိုပေ၊ ၎င်းကို ကျော်တက်နိုင်သည်။ |
| 436 | ○ | ဦးတည်ချက် ကန့်သတ်မျဉ်း၊ ယာဉ်မကျော်တက်ရမျဉ်း၊ ယာဉ်သွားလမ်း မပြောင်းလဲရမျဉ်း ရှိသော ကားလမ်းတွင် ယာဉ်နောက်ပြန်လှည့်ခြင်း မပြုရပေ။ |
| 437 | ○ | ကားရပ်နားခြင်း အချိန်၊ နေရာ၊ နည်းပုံစံ၊ ကားအမျိုးအစား နှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးဦးစီးဌါန သို့မဟုတ် ရဲဌါနက အထူးသတ်မှတ်ချက်ရှိပါက ၎င်းသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရမည်။ |
| 438 | ○ | အခြားယာဉ်သွားလာမှုကို တားဆီးပိတ်ဆို့နိုင်သော နေရာတွင် ကားရပ်နားခြင်းမပြုရ။ |
| 439 | ○ | ကောက်ကွေ့လမ်း၊ ကုန်းစောင်းမတ်၊ လမ်းကျဉ်းအမှတ်အသားရှိသော လမ်းပိုင်း၊ ကျင်းပုံလမ်း သို့မဟုတ် ပြုပြင်နေသော လမ်းပိုင်းတွင်း ကားရပ်ခြင်း မပြုရ။ |
| 440 | X | ကားမရပ်နားရလမ်းတွင် အခြားသတ်မှတ်ချက်ရှိသည်မှလွဲ၍ ယေဘူယအားဖြင့် တစ်နေ့လုံး၂၄နာရီ  ကားရပ်နားခွင့်.မပြုပါ။ |
| 441 | ○ | ထိန်းချုပ်မှုရှိသော ကားလမ်းတွင် မောင်းနှင်းရာမှာ ၎င်းထိန်းချုပ်ရေး သတ်မှတ်ချက်ကို လိုက်နာကျင့်သုံးရမည်။ |
| 442 | X | မော်တော်ဆိုင်ကယ်သည် မတူသော အသံနေအသံထား အသံမျိုးစုံ ထွက်နိုင်သည့် ဟွန်းကို တပ်ဆင်နိုင်သည်။ |

| | | |
|---|---|---|
| 443 | ○ | ညပိုင်းမှာ မီးအလင်းရောင်ပေးကိရိယာမရှိ သို့မဟုတ် အလင်းရောင်ကြည်လင်ပြတ်သားမှုမရှိသော လမ်းကြောင်းတွင် ကားရပ်နားလျှင် ကားရပ်မီးကို ဖွင့်ရမည် |
| 444 | X | ညပိုင်းမှာ သို့မဟုတ် မြူနှင်း၊ မိုးနှင်း၊ သဲမှုန်များတိုက်ချိန်နှင့်မိုးမှောင်ချိန်မှာ လမ်းဘေးတွင်ကားရပ်နားလျှင် ကားရပ်မီးကို မဖွင့်ရပါ။ |
| 445 | ○ | ညပိုင်း သို့မဟုတ် ဥမင်၊ ရေလွှဲပေါက်၊ မြေအောက်ဥမင်တွင် ယာဉ်မောင်းနှင်လျှင် ရှေ့မီးကို ဖွင့်ရမည်။ မြူနှင်း၊ မိုးကြီး၊ မိုးမှောင်၊ မြင်ကွင်း မကြည်လင်ချိန်မှာလည်း ရှေ့မီးကို ဖွင့်ရမည်။ |
| 446 | X | ညပိုင်းမှာ ကားဆုံလျှင် မီးကြီးကို သုံးမည်။ |
| 447 | X | လမ်းဘေးတွင် ကားရပ်နားပြီးနောက် ပြန်လည်မောင်းနှင်ရာမှာ  ယာယီအားဖြင့် အချက်ပြမီးကိုပြဖို့မလိုပဲ ကား ပတ်ဝန်းကျင် အခြေအနေကို သတိထားရမည်။ |
| 448 | ○ | တူညီသော ယာဉ်သွားလမ်းတွင် မောင်းနှင်းရာမှာ ရှေ့ကားသည် အရှိန်လျှော့၍ ယာယီကားရပ်ရန်လိုပါက ကားမောင်းသူသည် မီးရောင်ဖြင့် နောက်ကားကို ကြိုတင်အသိပေးရမည်။ |
| 449 | ○ | ဥမင်ထဲတွင် ထင်သလို ကားရပ်ခြင်း၊ ယာယီကားရပ်ခြင်း သို့မဟုတ် ကားကျော်ခြင်း မပြုရ။ |
| 450 | ○ | ကားမောင်းသူသည် ကားမောင်း၍ ယာဉ်တိုက်မှုဖြစ်ပြီး လူကို ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းရှိပါကယာဉ်မောင်းသူသည် ကယ်ဆယ်ရေးလုပ်ဆောင်ပေးခြင်းကိုသတ်မှတ်ထားချက်အရ ဆောင်ရွက်ပေးပြီး ရဲဌါနသို့ အကြောင်းကြားရမည်။ ယာဉ်တိုက်မှုဖြစ်သော ကားနှင့် အခင်းသက်သေခံများကို ထင်သလိုရွှေ့ပြောင်းခြင်းမလုပ်ရ။ သို့ရာတွင် ယာဉ်တိုက်ခံရသော အမှုသည်က သဘောတူလျှင် ယာဉ်တိုက်မှုဖြစ်စေသော ယာဉ်ကိုနေရာအကွက်ပြမှတ်သားပြီး လမ်းပန်းဆက်သွယ်ရေး မပိတ်ဆို့နိုင်သော နေရာသို့ ပြောင်းရွှေ့ထားနိုင်သည်။ |
| 451 | ○ | လမ်းမဆိုသည်မှာ ကားလမ်း၊ လမ်းမကြီး၊ လမ်းကြား၊ ရင်ပြင်၊ ဆင်ဝင်၊ စကြံနှင့် လူများသွားလာသည့် နေရာများကိုဆို သည်။ |
| 452 | ○ | မတ်စောက်၍ကျဉ်းသောဆင်ခြေလျှောလမ်းတွင် ကုန်းဆင်းကားက ကုန်းတက်ကားကို မဖယ်ပေးခြင်း သို့မဟုတ် ကုန်းတက်ကားက လမ်းတဝက်သို့ ရောက်ရှိနေသော |

| | | |
|---|---|---|
| | | ကုန်းဆင်းကားကို မဖယ်ပေးပဲလုရ၍ဆက်လက်ကုန်းတက်ခြင်း သို့မဟုတ် တောင်ပေါ်လမ်းတွင် တောင်နှင့်နီးကပ်သော ကားသည် အပြင်ဘက်ခြမ်းမှ ကားကို မဖယ်ပေးခြင်းသည် အားလုံး ဒဏ်ငွေချခံရမည်။ |
| 453 | ○ | မော်တော်ဆိုင်ကယ်စီးသူက သတ်မှတ်ချက အရ မီးအလင်းအသုံးပြုခြင်းကို မလိုက်နာပါက ဒဏ်ငွေချခံရမည်။ |
| 454 | ○ | စွမ်းအားချွေတာရန်နှင့်ကာဘွန်ထုတ်လုပ်မှု လျှော့နည်းစေရန်အတွက် ကားရပ်စဉ် အင်ဂျင်အလွတ် လည်ပတ်ချိန်ကာလသည် ၃မိနစ်ထက် မကျော်ရ။ သို့မဟုတ်လျှင် အိတ်ဇောမှထုတ်လွှင့်သော အငွေ့သည် ပတ်ဝန်းကျင် ညစ်ညမ်းနိုင်သည်။ ကျူးလွန်ပါက လေထုညစ်ညမ်းခြင်း ကာကွယ်ရေးဥပဒေအရ ဒဏ်ငွေချနိုင်သည်။ |
| 455 | ○ | ကားမောင်းသူက ကားမောင်းသတ်မှတ်ချက်ကို ကျူးလွန်၍ အမှုအခင်း ဖြစ်ပါက ကားမောင်းလိုင်စင်ကို ထိန်းသိမ်းခံရသူသည် လမ်းပန်းဆက်သွယ်ရေး လုံခြုံရေးပညာပေးသင်တန်းသို့တက်ရောက်သင်ကြားရမည်။ |
| 456 | ○ | ကားမောင်းသူသည် ကားမောင်း၍ ကားတိုက်မှုဖြစ်ပြီး လူထိခိုက်မှု သို့မဟုတ် သေဆုံးမှုမရှိပါကသတ်မှတ်ချက်အရ ဆောင်ရွက်ရမည်။ ထွက်ပြေးပါက ဒဏ်ငွေ ချသည့်အပြင် ကားမောင်းလိုင်စင်ကို ထိန်းသိမ်းခံရမည်။ |
| 457 | X | ကားမောင်းသူသည် ကားမောင်း၍ ကားတိုက်မှုဖြစ်ပြီး လူထိခိုက်မှု သို့မဟုတ် သေဆုံးမှုမရှိပါက သတ်မှတ်ချက်အရ ဆောင်ရွက်ရမည်။ ထွက်ပြေးပါက ဒဏ်ငွေချသည့်အပြင် ကားမောင်းလိုင်စင်ကို ဖျက်သိမ်းရမည်။ |
| 458 | ○ | တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲ သို့မဟုတ် ဥပဒေအရ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာစစ်ဆေးသူ စစ်ဆေးမှုကို ငြင်းပယ်ပြီး ၎င်းကြောင့်ထိခိုက်မှု သို့မဟုတ် သေဆုံးမှု ဖြစ်စေပါက ဒဏ်ငွေချခြင်းနှင့် ကားမောင်းလိုင်စင်ကို ဖျက်သိမ်းသည့်အပြင် ကားမောင်းလိုင်စင်ကို တသက်လုံး ထပ်မံလျှောက်ထားဖြေဆိုခွင့်မရှိပါ၊ သို့ရာတွင် အထူးသတ်မှတ်ချက်နှင့်ကိုက်ညီသော ဖျက်သိမ်းခံရသည့် ကားမောင်းလိုင်စင်သည် ဖျက်သိမ်းခြင်းကာလ ပြီးဆုံးလျှင် ပြန်လည်ခွင့်ပြုနိုင်မည်။ |
| 459 | ○ | မော်တော်ဆိုင်ကယ်ပိုင်ရှင်သည် ယာဉ်မောင်းသူ အရက်ပြင်းအား ပမာဏသတ်မှတ်စံနှုန်းထက် ကျော်လွန်နေခြင်း၊ မူးယစ်ဆေးဝါး၊ |

| | | |
|---|---|---|
| | | စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ စသဖြင့် သုံးစွဲသည်ကို သိလျက်နှင့်၊ ယာဉ်မောင်းသူကို မတားမြစ်ပါက ဒဏ်ငွေအပြင် မော်တော်ဆိုင်ကယ်လိုင်စင် နံပါတ်ပြားကို ၂ နှစ် ဆိုင်းငံ့ထားမည် ဖြစ်သည်။ |
| 460 | X | ယာဉ်မောင်းသူသည် အယ်လကိုဟောဒီဂရီ စစ်ဆေးခြင်းကို ငြင်းပယ်ပါက ထိုင်ဝမ်ငွေ ၃၀၀၀၀ ဒဏ်ချမည်။ |
| 461 | X | ယာဉ်မောင်းသူက အရက်သောက်မှု သတ်မှတ်ချက်အယ်လကိုဟောဒီဂရီထက်ကျော်လွန်ပြီး ကားမောင်း၍ တပါးသူကို ပြင်းထန်သော ဒဏ်ရာရရှိမှု သို့မဟုတ် သေဆုံးမှု ဖြစ်စေပါက ကားမောင်းလိုင်စင်ကို ဖျက်သိမ်း၍ ၁နှစ်အတွင်းမှာ ထပ်မံလျှောက်ထားဖြေဆိုခွင့်မရှိပါ |
| 462 | ○ | အပ်ဒိတ်ကို ဖျောက်မည်၊ ရေသုပ်ကို ဖျောက်မည်၊ အိမ်သွားကို ဖျောက်မည်၊ တပ်မတ်ကိုပြောက်မည်နှင့် သက်တမ်းထက် ကင်နှစ်သက်သားကြီး လုပ်ဆောင်ရွက်ခြင်းအား ကွန်ယက် ထုတ်ပြန်မသက်ရှားရန်မဟုတ် အကြီးအကဲြမှ ၃ နှစ်အထက် အကွက်ကျန်ပွားရန် ၃ နှစ်အထက် ကြားရှိရမည်။ အလွတ်အလက်မှူး ၃ သင်ကြားရမည်၊ ၃ သက်တမ်းအထက် ၃ သက်သားကြီးကို ကြားကြောင်း ၃ သင်ကြားရမည်။ |
| 463 | ○ | ကားမောင်းချိန်တွင် လက်ကိုင်ဖုန်း၊ ကွန်ပြူတာ သို့မဟုတ် အခြားစက်ကိရိယာကို လက်ဖြင့်ကိုင်၍ ဆက်သွယ်ပြောဆိုခြင်း သို့မဟုတ် ကားမောင်းရာတွင် လုံခြုံမှုအနှောင့်အယှက်ဖြစ်နိုင်သော အပြုအမူကို ပြုလုပ်ခြင်းကို တာဝန်ရှိအမှုထမ်းက တားဆီးစစ်ဆေးချိန်တွင် လမ်းပန်းဆက်သွယ်ရေး အစီအစဉ်ကိုမထိခိုက်ခြင်းနှင့် ကားမောင်းဘေးအန္တရာယ်ကင်းရှင်းရေးမူအရ ဆောင်ရွက်ရမည်။ လိုအပ်ပါက ဗီဒီယို သို့မဟုတ် ဓါတ်ပုံရိုက်ခြင်းနည်းလမ်းဖြင့် သက်သေအဖြင်.ဆောင်ရွက်နိုင်သည်။ |
| 464 | ○ | ပြစ်ဒဏ် ကျူးလွန်သောကြောင့် ပြစ်ဒဏ်ခံရသူက စီရင်ချက်ကို လက်မခံပါက စီရင်ချက်ချပေးသော ဌါနကို တရားခံ အဖြစ် သက်ဆိုင်ရာ တရားရုံးအုပ်ချုပ်ရေးခုံရုံးသို့ ပြန်လည်တရားစွဲဆိုနိုင်သည်။ |
| 465 | ○ | ကားမောင်းသူက သတ်မှတ်ထားသော ယာဉ်သွားလမ်းတွင် မမောင်းနှင်ပါက ချက်ခြင်း၊ ကြားဖြတ်တားဆီးပြီးအမှုဖွင့်ခြင်း ပြုလုပ်ရန်မသင့်တော်ပါက အမှုကျူးလွန်ပုံကိုပေးပို့၍ ဒဏ်ချနိုင်သည်။ |

| | | |
|---|---|---|
| 466 | X | ကလေးသီးသန့်ကား၊ ကျောင်းသုံးကား၊ မသန်စွမ်းသူသုံးကား သို့မဟုတ် အမောင်းသင်ကားကို တွေ့လျှင် မရှောင်ဖယ်လိုသည်။ |
| 467 | X | အရေးပေါ် အကြောင်းအရာကြောင့် တာဝန်ထမ်းဆောင်နေသော မီးသတ်ကား သို့မဟုတ် ရဲကား နောက်မှလိုက်၍ မောင်းနှင်နိုင်သည်။ |
| 468 | ○ | မော်တော်ဆိုင်ကယ်သည် လူသို့မဟုတ် ပစ္စည်းတင်ရာမှာ သတ်မှတ်ချက်ကိုမလိုက်နာပါက ယာဉ်မောင်းသူကို ထိုင်ဝမ်ငွေ ၃၀၀-၆၀၀ ဒဏ်ချမည်။ |
| 469 | ○ | အကြီးစားမော်တော်ဆိုင်ကယ် သို့မဟုတ် အသေးစားမော်တော်ဆိုင်ကယ်သည် အဝေးသွား၊ အမြန်သွားလမ်းတွင် မောင်းနှင်ပါက ထိုင်ဝမ်ငွေ ၃၀၀၀-၆၀၀၀ ဒဏ်ချမည်။ |
| 470 | ○ | မော်တော်ဆိုင်ကယ်သည် သတ်မှတ်ထားသော ယာဉ်သွားလမ်းတွင် မောင်းနှင်ခြင်းမရှိပါက ထိုင်ဝမ်ငွေ ၆၀၀-၁၈၀၀ ဒဏ်ချမည်။ |
| 471 | ○ | သတိမေ့မြောနေသော သူကိုတွေ့ရှိပါက လူနာသတိရှိမရှိ၊ အသက်ရှူခြင်းနှင့် နှလုံးခုန်ခြင်းကို ချက်ခြင်း အကဲဖြတ်ရမည်။ |
| 472 | X | ပြင်းထန်သောဒဏ်ရာကို ဆေးကြောရာမှာ ဒဏ်ရာတွင် ရှိသော သွေးခဲကို ရှင်းလင်းရမည်။ သို့မှသာပိုးမဝင်နိုင်ပေ။ |
| 473 | ○ | မီးလောင်ဒဏ်ခံရသူအတွက် ပထမဦးဆုံး လုပ်သင့်ခြင်းသည် ရေများများလောင်းပေးရမည်။ |
| 474 | X | အက်ဆစ်ပြင်းကြောင့် အဆိပ်မိသော လူနာကို တွေ့လျှင်ပြင်းသောဘေ့(စ်) ဓါတ်ကို သုံးပြီး ဓါတ်ဖြေရမည်။ |
| 475 | ○ | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု)ကို ဆောင်ရွက်ပါက နှစ်မိနစ်လျှင် တကြိမ် လူနာသွေးခုန်နှုန်းရှိမရှိကို အကဲဖြတ်ရမည်။ |
| 476 | ○ | ထိရောက်သော လူကြီးအသက်ရှူအထောက်အကူပြုကုနည်းသည် ပါးစပ်ချင်းတေ့၍ကုသခြင်းဖြစ်သည်။ |
| 477 | ○ | လူနာသည် အရိုးကျိုးပါက အရိုးကျိုးသည့်နေရာကို တည်မြဲအောင်ပြုလုပ်ပြီးမှ လူနာကို ရွှေ့လျားနိုင်မည်။ |
| 478 | X | သီးသန့်ရေးနည်းရှင်းမှုလုပ်ဆောင်ရွက်ခြင်းကိုလက်ခံရရှိမှုမှနေ့ အကြားတွင် ၃၀ စက္ကန့်ထက် ကြားရှိခြင်းအား မရှိပါက အရှာဖွေ့ပါ။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 479 | ◯ | အခင်းဖြစ်ပွါးရာနေရာတွင် လူနာ ဒဏ်ရာနှင့် အသိစိတ်ကို ပထမဦးဆုံး အကဲဖြတ်ရမည်။ |
| 480 | X | ရှော့ဖြစ်သောလူနာသည် အသက်ရှူခက်ခဲခြင်း သို့မဟုတ် ခေါင်းတွင် အပြင်ဒဏ်ရာရှိပါက ပက်လက်ထား၍ ခြေကို မြှောက်ထားရမည်။ |
| 481 | ◯ | နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု လုပ်ဆောင်ချက်အဆင့်ဆင့်မှာ ခေါ်-ခေါ်-Cစီ-Aအေ-Bဘီ-Dဒီ ဖြစ်သည်။ {Dဒီ}ဆိုသည်မှာ တုန်ရီမှု ပပျောက်စေခြင်း (လူအများက လျှပ်စစ်လျှော့ပေးခြင်းဟု ခေါ်သည်)ဖြစ်သည်။ |
| 482 | X | လူနာသည် လမ်းပန်းဆက်သွယ်ရေးရှုပ်နေသော လမ်းဆုံတွင် လဲကျပါက ၎င်းလူနာကို အန္တရာယ်ကင်းစေရန်မတွက် ထမ်းစင်မသုံးပဲ လမ်းဘေးသို့ အမြန်ရွှေ့ပြောင်း ရမည်။ |
| 483 | ◯ | လူကြီး စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု) နှလုံးပေါ် ဖိနှိပ်ခြင်းနှင့်  ပါးစပ်ချင်းတေ့၍လေမှုတ်သွင်းခြင်းအချိုးအစားသည် ၃၀း၂ ဖြစ်သည်။ |
| 484 | X | CPR (သီးနှံပျောင်းရေးနည်း) လုပ်ဆောင်ရွက်ခြင်းအောက် ပထမအကွက်ကို ခြွင်းစားသောရှင်မြောက်ကြောင် ၇ စက္ကန့်ကို တွဲလာစေရန် ဆံခြင့်မရှိပါက ရှာဖွေ့ပါ။ |
| 485 | X | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု) ရင်ဘတ် ဖိနှိပ်သော နေရာသည် နို့သီးများဆက်လိုင်းအလယ် ဘယ်ဘက်ခြမ်းအနည်းငယ်တိမ်းစောင်းသည့်နေရာ ဖြစ်သည်။ |
| 486 | ◯ | လူကြီး စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အသက်ပြန်ဝင်မှု) ရင်ဘတ်ပိုင်း ဖိနှိပ် ရာမှာ အနည်းဆုံး ၅စင်တီမီတာ အောက်သို့ ဖိနှိပ်ရမည်။ |
| 487 | X | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု)ကို ဆောင်ရွက်ရာမှာ အင်အားကို တတောင်ဆစ်တွင်ထား၍အောက်ဘက်သို့ ဖိနှိပ်ရမည်။ |
| 488 | X | လူနာ နှာခေါင်းသွေးထွက်ချိန်တွင် ခေါင်းကို နောက်သို့ ချက်ခြင်း မော့ပေးရမည်။ |
| 489 | X | အသက်ရှူအထောက်အကူပြုကုသရာတွင် ၂မိနစ်အတွင်း အကြိမ်၂၀၀ ဆက်လက်၍ ဖိနှိပ်ရမည်။ |
| 490 | X | အသက်ရှူလိုင်း ဆို့နှင့်သော လူနာကို ကယ်ဆယ်ရာမှာ ပထမဦးဆုံး လက်ဖြင့် နှိုက်ထုတ်ရမည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 491 | ○ | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု) ပါးစပ်ချင်းတေ့၍အသက်ရှူအထောက်အကူပြုကုသခြင်းကို ဆောင်ရွက်ရာတွင် လူကြီး၁မိနစ်လျှင် ၁၀-၁၂ကြိမ်၊ တကြိမ်တွင် ၁စက္ကန့် အကြာလေမှုတ်သွင်းရမည်။ |
| 492 | ○ | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု)ပါးစပ်ချင်းတေ့ပြီး အသက်ရှူအထောက်အကူပြုကုသခြင်းကို ဆောင်ရွက်ရာတွင် ရင်ဘတ် မြင့်ချည်နိမ့်ချည်မှုရှိမရှိကိုမျက်စိဖြင့် တပြိုင်တည်း ကြည့်ရှုရမည်။ |
| 493 | ○ | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု)ကို မဆောင်ရွက်ခင်မှာ အနီးရှိလမ်းသွားလမ်းလာတစ်ဦးအား အေအီးဒီ AED (အော်တိုမက်တစ်နှလုံး လျှပ်စစ်ခါတ်သုံး ကိရိယာ)ကို သွားယူခိုင်းပြီး ၁၁၉ကို ဖုန်းဆက်ရမည်။ |
| 494 | X | ရေနစ်ခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် မည်သည့်အရေးပေါ်ဝေဒနာရှင်ကိုမဆို အရေးပေါ်ကယ်ဆယ်ရာတွင် စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု)ကို ၁မိနစ်ဆောင်ရွက်ပြီးမှ ကယ်ဆယ်ရန် ဖုန်းဆက်အကူအညီတောင်းရမည်။ |
| 495 | X | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု)ကို ဆောင်ရွက်ရာမှာ လူနာကို ကြမ်းပြင် သို့မဟုတ် ညီညာသောမျက်နှာပြင်ရှိပျဉ်ပေါ်တွင် ပက်လက်ထားပြီး ခေါင်းက နှလုံးထက်မြင့်ထားရမည်။ |
| 496 | X | လည်ဆစ်ရိုးတွင် ဒဏ်ရာရရှိပါက နဖူးကိုဖိ၍မေးကိုမြှင့်နည်းဖြင့် အသက်ရှူလမ်းကြောင်းကိုဖွင့်ပေးရမည်။ |
| 497 | ○ | စီပီအာလ်CPR (နှလုံးနှင့်အဆုတ် အရေးပေါ်အသက်ကယ်ဆယ်မှု) အရေးပေါ်အသက်ကယ်တင်မှု အောင်မြင်ပြီးနောက် လူနာကို ပုံမှန် အနေအထားသို့ ပြန်လည်ပြောင်းထားပြီး သူနာပြုရောက်သည်အထိ စောင့်ရမည်။ |
| 498 | ○ | အသက်ရှူခြင်း၊ နှလုံးခုံခြင်း အားလုံးရပ်ဆိုင်းပါက ကုသမှု ချက်ခြင်းမပြုလုပ်လျှင် ၄-၆မိနစ်အတွင်း အောက်ဆီဂျင် မရရှိနိုင်ပါက ဦးနှောက်ကို ထိခိုက်စေမည်။ |
| 499 | X | သတိရှိသေးပြီး မတ်တပ်ရပ်နေသော အသက်ရှူလမ်းကြောင်းပိတ်၍ဆို့နင့်နေသော လူနာကို ကယ်ဆယ်ရာတွင် သူနာပြုက လက်သီးကို ချက်အောက်တွင်ထားပြီး Heimlich |

| | | |
|---|---|---|
| | | maneuver လို့ခေါ်တဲ့ အရေးပေါ်အသက်ကယ်နည်းကို(ဟတ်လီခ်ကုသနည်း) ဆောင်ရွက်ရမည်။ |
| 500 | ○ | သာမန်လူကြီး သွေးပမာဏသည် ကိုယ်အလေးချိန် ၈%ရှိသည်။ အမျိုးသားသည် အမျိုးသမီးထက် နည်းနည်းပို၍ များသည်။ သွေး ၁၅၀၀ မီလီလီတာအထက် ဆုံးရှုံးပါက အမြန် ရှော့ဖြစ်နိုင်မည်။ သွေးလွှတ်ကြောကြီးတွင် သွေးယိုထွက်မှုပမာဏများပါက ၁မိနစ်အတွင်း သေဆုံး နိုင်မည်။ |
| 501 | ○ | သွေးတိတ်ကြိုးဖြင့် သွေးတိတ်နည်းသည် အခြားနည်းဖြင့် သွေးမတိတ်နိုင်မှသာအ သုံးပြုရမည်။ |
| 502 | ○ | အေအီးဒီAEDကို ရိုးရှင်းသောလျှပ်စစ်ရှော့ခ် ဟုလည်းခေါ်သည်။ တရုတ်ခုနှစ် ၁၀၂နှစ် ဇန်နဝါရီလမှစ၍ အစိုးရက အများပိုင်နေရာတွင် မဖြစ်မနေ တပ်ဆင်ထားရမည်။ |
| 503 | X | ကားယာဉ် တာယာ လေဖိအားများလျှင် တိုင်ယာအစွန်းနှစ်ဘက် ပွန်းတိုက်စေမှု ပိုပြင်းထန်သည်။ |
| 504 | X | စုံစမ်းစစ်ဆေးမှုမပေါက်ကြားစေရန် ယေဘူရအားဖြင့် လမ်းပန်းဆက်သွယ်ရေး ယာဉ်တိုက်မှု အမှုသည် သို့မဟုတ် အကျိုးရှိသူသည် ဖတ်ရှုရန် သို့မဟုတ် အခင်းပုံ၊အခင်းဓါတ်ပုံကို ကြည့်ရှုရန် ရဲဌါနသို့ လျှောက်ခြင်း မပြုရ။ |
| 505 | X | ကုန်းဆင်းတွင် မောင်းနှင်ရာမှာ ဆီချွေတာရန်အတွက် ခလုပ်ကို ပိတ်ပြီး ဂီယာအလွတ်ဖြင့်မောင်းနိုင်သည်။ |
| 506 | ○ | မော်တော်ဆိုင်ကယ်ဘရိတ်ဖမ်းအကွာအဝေးတွင် တုံ့ပြန်အကွာအဝေးနှင့် ဘရိတ်အကွာအဝေး ပါဝင်သည်။。 |
| 507 | X | မော်တော်ဆိုင်ကယ်သည် ကောင်းမွန်သော စွမ်းဆောင်ရည်ကိုထိန်းသိမ်းနိုင်ရန်အတွက် လေထုညစ်ညမ်းမှု၊ ဆီစားနှုန်းတို.ကို လျှော့ချရမည်။ ပုံမှန်အားဖြင့် ထိန်းသိမ်းစစ်ဆေးရန် မလိုပါ၊ ချွတ်ယွင်းမှုရှိချိန်မှသာပြုပြင်ရေးစက်ရုံသို့ ပို.ဆောင်ပြုပြင်ရပါမည်။ |
| 508 | ○ | အင်ဂျင်သည် ဟောင်းခြင်း သို့မဟုတ် ပွတ်တိုက်မှုကြောင့် ဓါတ်ဆီ၊ အင်ဂျင်ဆီကို လေလွင့်ဆုံးရှုံးစေသည်၊ အင်ဂျင်ရှိဆလင်ဒါနှင်.ပျက်စီးနေသောကိရိယာ အစိတ်အပိုင်းများကို ချက်ချင်းစစ်ဆေးပြုပြင်မှသာ ဆီစားသက်သာမှုနှင်.ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်မည်။ |

| | | |
|---|---|---|
| 509 | ○ | ကားမောင်းရာမှာ လီဗါကို တဖြည်းဖြည်းလျှော့ရမည်။ အမြန်အရှိန်မြှင့်ခြင်း၊ အမြန်ဘရိတ်ဖမ်းခြင်းတို့ကို ရှောင်ရှားမှသာ ဆီချွေတာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်မည်။ |
| 510 | X | ယခုခေတ် ကားဒီဇိုင်းများသည် လူ့လိုအပ်ချက်အလျှောက်ဒီဇိုင်းဆွဲကြသည်။ ကားရပ်လျှင် ချက်ခြင်းဘရိတ်အုပ်နိုင်ပြီး အရှိန်ကိုကြိုတင်လျှော့ရန် မလိုပါ။ |
| 511 | ○ | မော်တော်ဆိုင်ကယ်သည် အသုံးပြုပုံစာအုပ်ရှိ ပြုပြင်ထိန်သိမ်းရေးဇယားမှ သတ်မှတ်သော အချိန်သို့မဟုတ် ခရီးတာအတိုင်း အချိန်မှန် ပြုပြင်ထိန်သိမ်း ရမည်။ |
| 512 | ○ | မော်တော်ဆိုင်ကယ်စီးရာတွင် သေချာအောင်စစ်ဆေးလေ ထိခိုက်မှု နည်းလေဖြစ်သည်။ရုတ်တရက်အခြေအနေများအတွက် အချိန်မရွေး အသင့်ပြင်ဆင်ထားရမည်။ |
| 513 | X | မော်တော်ဆိုင်ကယ် နောက်ထိုင်ခုံတွင် ထိုင်သောခရီးသည် အော်ဇောပိုက် အပူလောင်မခံရစေရန်အတွက် ခြေထောက်နှစ်ချောင်းကို ခြေနင်းခုံတွင် ထားရမည်။ ဆိုင်ကယ်ဆင်းလျှင် နောက်တကြိမ်အသုံးပြုရန်အတွက် ခြေနင်းခုံကို ပြန်သိမ်းရန်မလိုပါ။ လမ်းသွားလမ်းလာ ဘေးအန္တရာယ်ကို မထိခိုက်နိုင်ပေ။ |
| 514 | ○ | မော်တော်ဆိုင်ကယ်စီးနင်းပြီးနောက် အော်ဇောပိုက် အပူချိန်အလွန်မြင့်သဖြင့် အပူလောင်ခြင်း မဖြစ်စေရန် လမ်းသွားလမ်းလာ သို့မဟုတ် ကလေးများ မထိမိနိုင်သော နေရာတွင် ရပ်ရမည်။ |
| 515 | ○ | မော်တော်ဆိုင်ကယ်စီးသည့်ပုံစံသည် မောင်းနှင်ခြင်းအန္တရာယ်ကင်းရေးကို အလွန်သက်ရောက်မှုရှိမည်။ ကိုယ်ခန္ဓာကို အလိုအလျှောက် ဖြေလျှော့မှ ရုတ်တရက်အခြေအနေကိုသင့်တော်အောင် တုံ့ပြန်လုပ်နိုင်မည်။ |
| 516 | ○ | မော်တော်ဆိုင်ကယ်စီးသည့်ပုံစံသည် ကိုယ်ခန္ဓာဟန်ချက်ကို ထိုင်ခုံအလယ်တွင် ထားရမည်။ ထိုင်ခုံနောက်ပိုင်းသို့ ချဉ်းကပ်ပါက ရှေ့ဘီးတွင် ဝန်ဆောင်မှု လျှော့နည်းသဖြင့် ဆွဲတံယိမ်းနွဲ့လွယ်ပြီး အန္တရာယ်ဖြစ်စေနိုင်သည်။ |
| 517 | X | မော်တော်ဆိုင်ကယ်စီးရာတွင် ဘယ်ဘက်နှင့် ညာဘက်ဘရိတ်ကို အတူတကွ သုံးရာတွင် ဘရိတ်တိုးဖမ်းပါက အန္တရာယ်ကင်းစွာဖြင့် အရှိန်လျှော့၍ရပ်ရန် မဖြစ်နိုင်ပါ။ |

| | | |
|---|---|---|
| 518 | ○ | မော်တော်ဆိုင်ကယ်စီးရာတွင် ဘယ်ဘက်နှင့် ညာဘက်ဘရိတ်ကို အတူတကွ ဖမ်းရမည်။ ဘရိတ်တခုတည်း ဖမ်းပါက တိမ်းစောင်း ချော်လဲပြီး ဆိုင်ကယ်ဟန်ချက်ညီမှုကို ဆုံးရှုံးနိုင်မည်။ |
| 519 | X | မော်တော်ဆိုင်ကယ်စီးရာတွင် အရေးပေါ်ဘရိတ်ဖမ်းခြင်းသည် ယာဉ်မောင်းသူ ဟန်ချက်ညီခြင်းနှင့် ဘရိတ်ငြိမ်အောင်ဖမ်းခြင်းကို ထိန်းသိမ်းပေးနိုင်သည် ။ |
| 520 | ○ | မော်တော်ဆိုင်ကယ်စီးရာတွင် အရေးပေါ်ဘရိတ်ဖမ်းခြင်းကို ရှောင်ရှားရမည်။ သို့မဟုတ်လျှင် ဘီးလုံးဝရပ်၍ အန္တရာယ်ဖြစ်နိုင်သည်။ |
| 521 | ○ | မြောက်နှာရိုးကာကြယ်အောက် ပြီးဆုံးခြင်းဖြင့် လက်ခံမှုနှင့် အပိုသွားဖြတ်မှုအောက်ကာကြယ်တွင် လက်ခံရရှိပါက အနီးဆုံးခြင်းကို အစဉ်အဆင့်မျှင့်ကန်းတန်းသောကို ရွေးချယ်ပါ။ |
| 522 | ○ | မော်တော်ဆိုင်ကယ်စီးရာတွင် အရေးပေါ်ဘရိတ်ဖမ်းခြင်းကို ရှောင်ရှားရမည်။ သို့မဟုတ်လျှင် ဘီးလုံးဝရပ်၍ အန္တရာယ်ဖြစ်နိုင်သည်။ |
| 523 | ○ | မော်တော်ဆိုင်ကယ်စီး၍ ချိုးကွေ့ရာတွင် အပြိုင်ယှဉ်တွဲ စီးနင်းခြင်းကို ရှောင်ရှားရမည်။ သို့မဟုတ်လျှင် ပွတ်တိုက်မိခြင်းအန္တရာယ်ရှိနိုင်သည်။ |
| 524 | X | မော်တော်ဆိုင်ကယ်စီးရာတွင် မိုးရွာပါက သွားလိုသည့်နေရာနှင့်နီးနေလျှင် အရှိန်မြှင့်၍ စီးနင်းပါလျှင် မိုးကာအင်္ကျီ ဝတ်ရန်မလိုတော.ပါ။ |
| 525 | ○ | မော်တော်ဆိုင်ကယ်ကို မသင့်လျော်စွာ ပြုပြင်ပါက ယာဉ်ဖွဲ့စည်းပုံ နှင့်စွမ်းဆောင်မှုကိုထိခိုက်သဖြင့် မောင်းနှင်စွမ်းရည်လျော့ကျခြင်း၊ ဆူညံသံတိုးပွါးခြင်း ဖြစ်စေသည်။ ၎င်းသည် ယာဉ်သက်တမ်းလျော့ကျစေပြီး စည်းကမ်းဖောက်ဖျက်မှုလည်းဖြစ်သည်။ |
| 526 | X | မော်တော်ဆိုင်ကယ် မြန်နှုန်းမီတာဒိုင်ခွက်သည် ခရီးတာ စုစုပေါင်းအရေအတွက်ကို ဖေါ်ပြပြီး ယူနစ်က ကီလိုမီတာဖြစ်သည်။ |
| 527 | X | မော်တော်ဆိုင်ကယ် ခရီးမီတာဒိုင်ခွက်သည် မြန်နှုန်းကို ဖေါ်ပြပြီး ယူနစ်သည် ကီလိုမီတာ/ နာရီ ဖြစ်သည်။ |
| 528 | X | အဓိက ခလုတ်သော့သည် {ON }သို့လှည့်ပြီးနောက် မော်တော်ဆိုင်ကယ် ဓါတ်ဆီညွှန်းကိရိယာတွင် {E}ကို ဖေါ်ပြလျှင် ဆီပြည့်နေသည်ဖြစ်၍ ဆီဖြည့်ရန်မလိုပေ။ |

| | | |
|---|---|---|
| 529 | X | ညပိုင်းမှာ မော်တော်ဆိုင်ကယ်စီးလျှင် ရှေ့မီးဖွင့်ပြီးမှ အင်ဂျင်စက်နှိုးရမည်။ |
| 530 | X | မော်တော်ဆိုင်ကယ် အင်ဂျင်စက်မနှိုးခင်တွင် အင်ဂျင်ဆီနှင့် ဓါတ်ဆီပမာဏကို စစ်ဆေးရန် မလိုပေ။ |
| 531 | X | မော်တော်ဆိုင်ကယ် အင်ဂျင်စက်နှိုးရာတွင် လီဗါကိုအရင်ဆွဲပြီးမှ စက်နှိုးခလုတ်ကို နှိပ်ပြီး အင်ဂျင်စက်နှိုးရမည်။ |
| 532 | 〇 | မော်တော်ဆိုင်ကယ် အင်ဂျင်စက်နှိုးရာတွင် ယာဉ်ကို ရှေ့ထွက်မသွားစေရန်အတွက် နောက်ဘီးဘရိတ်ဖမ်းပြီးမှ စက်နှိုးရမည်။ |
| 533 | 〇 | မော်တော်ဆိုင်ကယ် အင်ဂျင်စက်နှိုးပြီးနောက် စက်နှိုးခလုတ်ကို ထပ်မံနှိပ်ခြင်း လုံးဝမပြုရပေ။ သို့မဟုတ်လျှင် စက်နှိုးအင်ဂျင် ပျက်စီးသွားမည်။ |
| 534 | 〇 | မော်တော်ဆိုင်ကယ် စက်နှိုးရာတွင် စက်နှိုးခလုတ်ကို အခေါက်တိုင်း ၁၀စက္ကန့်ကျော်အောင် ဆက်တိုက်မနှိပ်ရ။ သို့မဟုတ်လျှင် စက်နှိုးရန်အင်ဂျင် ပျက်စီးသွားမည်။ |
| 535 | 〇 | မော်တော်ဆိုင်ကယ် အင်ဂျင်စက်နှိုးပြီးနောက် အော်ဇောပိုက်မှထုတ်လွှတ်သည့် မီးခိုးထဲတွင် အန္တရာယ်ဖြစ်စေသည့် ဓါတ်ငွေ့ရှိသဖြင့် လေဝင်လေထွက်ကောင်းသော နေရာတွင် စက်နှိုးရမည်။ |
| 536 | 〇 | မော်တော်ဆိုင်ကယ် ဆီဖြည့်ရာတွင်လိုအပ်သည်ထက် ပိုမဖြည့်ရ။ သို့မဟုတ်လျှင် စီးနင်းရာတွင် ပုံမှန်မဟုတ်ခြင်းနှင့် လေထုညစ်ညမ်းထိန်းစနစ်ကို ထိခိုက်နိုင်မည်။ |
| 537 | 〇 | အင်ဂျင်စက်နှိုးရာတွင် အော်ဇောပိုက်မှ အပြာဖြူရောင် မီးခိုးထွက်ပါက အင်ဂျင်ဝိုင် လောင်ကျွမ်းခြင်း ဖြစ်သည်။ |
| 538 | 〇 | အင်ဂျင်ဝိုင်ကို အချိန်မှန် လဲလှယ်ပေးခြင်းသည် အင်ဂျင် သက်တမ်းကို တိုးမြှင့်နိုင်သည်။ |
| 539 | 〇 | အင်ဂျင်ဝိုင်အလွန်များပါက စပတ်ပလတ်တွင် ကာဗွန်စုပုံခြင်း၊ ဆီစားများခြင်း၊ စွမ်းအားလျှော့ချခြင်း စသော မကောင်းမွန်သည့် အခြေအနေများ ဖြစ်လာမည်။ |
| 540 | X | မော်တော်ဆိုင်ကယ်တိမ်းစောင်းရာ သို့မဟုတ် စက်ပိတ်ခါစမှာ အင်ဂျင်ဝိုင်ကို တိုင်းထွာခြင်းသည် တိကျမှန်ကန်ဆုံး ဖြစ်သည်။ |
| 541 | X | အင်ဂျင်ဝိုင်စစ်ဆေးခြင်းသည် စက်ပိတ်ပြီး ၂-၃မိနစ်နောက်ပိုင်းမှ ဘေးဒေါက်ကို ထောက်ပြီး ပေတံကိုသန့်ရှင်းအောင်သုတ်၍ထိုးထည့်ပြီးပြန်ဆွဲထုတ်ပါ။ ပြီးလျှင် |

| | | |
|---|---|---|
| | | အင်ဂျင်ဝိုင်ပမာဏကို ပေတံ အမြင့်ဆုံးအမှတ်နှင့် အနိမ့်ဆုံးအမှတ်ကြားတွင် ရှိမရှိ စစ်ဆေးပါ။ |
| 542 | ○ | အင်ဂျင်ဝိုင်ပမာဏစစ်ဆေးရာတွင် အနိမ့်ဆုံးအမှတ်နှင့် နီးကပ်ပါက အမြင့်ဆုံးအမှတ်အထိ ဖြည့်ပေးပြီး စိမ့်ယိုခြင်းရှိမရှိ စစ်ဆေးရမည်။ |
| 543 | ○ | မော်တော်ဆိုင်ကယ် အင်ဂျင်ဝိုင်သည် အမြင့်ဆုံးအမှတ်ထက် ကျော်လွန်ပါက လောင်ကျွမ်းအိမ်ထဲရှိ အင်ဂျင်ဝိုင် မြင့်တက်လာပြီး ကာဗွန်စုပုံကာ ဓါတ်ဆီနှင့် ရောနှောလောင်ကျွမ်းမှုကို ထိခိုက်စေသည်။ အင်ဂျင်စွမ်းအားလျော့ကျမှု၊ ဆီစားနှုန်း မြင့်မားမှု ၊ သဘာဝလေထုညစ်ညမ်းမှု ဖြစ်စေသည်။ |
| 544 | ○ | ယာဉ်သည် ကြာရှည်စွာ မမောင်းနှင်ပါက ဘက်ထရီအိုး ဓါတ်မတိုင်ကို ဖြုတ်ထားနိုင်သည်။ သို့မှသာ ဘက်ထရီအိုး လျှပ်လွှတ်ထုတ်ခြင်းကို ရှောင်ရှားနိုင်ပြီး ဘက်ထရီအိုးကို ကာကွယ်နိုင်သည်။ |
| 545 | ○ | အင်ဂျင်စက်နှိုးရာတွင် ဘက်ထရီအိုး ဓါတ်မတိုင်နှင့် ဓါတ်ဖိုတိုင်ကို ဖြုတ်ချခြင်း မလုပ်ရပေ။ သို့မဟုတ်လျှင် အီလက်ထရွန်အစိတ်အပိုင်းကို ပျက်ဆီးနိုင်မည်။ |
| 546 | ○ | တာယာစစ်ဆေးခြင်း သို့မဟုတ် လေထိုးခြင်းသည် အင်ဂျင်စက်ပိတ်ပြီး သော့နှုတ်ပြီးမှ ဆောင်ရွက်နိုင်မည်။ |
| 547 | ○ | လေပေါင်တိုင်းကိရိယာဖြင့် တာယာကိုစစ်ဆေးခြင်းသည် တာယာအေးသည့်အခါမှ ဆောင်ရွက်ရမည်။ |
| 548 | ○ | ကားယာဉ်သည် ရေအိုင်နေသော လမ်းပေါ်တွင် အမြန်ဖြတ်ကူးရာမှာ ရေက လွန်းပုံဖြင့် ရှေ့ပိုင်းမှ တာယာနှင့် မြေပြင်အကြားသို့ ဝင်လာမည်။ အရှိန်မြင့်လေ ဝင်လာသော ရေများလေဖြစ်သည်။ နောက်ဆုံးတွင် တာယာသည် မြေပြင်မှလုံးဝကွာခြားပြီး ရေပြင်ပေါ်တွင် မျောလာသည်။ ၎င်းသည် ရေမျောအခြေအနေ ဖြစ်သည်။ |
| 549 | ○ | ကားမြန်နှုန်းမြင့်လေ တာယာပန်း တိမ်လေ ရေမျောအခြေအနေ ပိုဖြစ်လွယ်သည်။ |
| 550 | X | မော်တော်ဆိုင်ကယ် တာယာလေဖိအားသည်  လေသွင်းလေဖိအား မြင့်လေ ကောင်းလေဖြစ်သည်။ |
| 551 | ○ | ကားမမောင်းခင် တာယာစစ်ဆေးရာတွင် တာယာပန်း အတိမ်အနက်နှင့် လေဖိအားကို စစ်ဆေးရမည်။ |

| | | |
|---|---|---|
| 552 | ○ | တာယာလေဖိအားကို အချိန်မှန် စစ်ဆေးရမည်။သို.သော် ကားတိုင်း တာယာ လေဖိအားသည် မတူညီနိုင်ပါ။ သတ်မှတ်ချက်စံချိန်အရ လေသွင်းထားရမည်။ |
| 553 | X | တာယာလေဖိအားမြင့်လေ ဆီချွေတာလေဖြစ်သည်၊ ထို့အပြင် ယာဉ် ဘရိတ်ဖမ်းခြင်းစွမ်းဆောင်မှုကို မထိခိုက်ပါ။ |
| 554 | ○ | တာယာလေဖိအား မလုံလောက်ပါက ဆီစားကြီး၍ အရှိန်မြင့်တာရှည်စွာ မောင်းနှင်လျှင်တာယာကွဲခြင်း ဖြစ်နိုင်မည်။ |
| 555 | ○ | တာယာလေဖိအား ကြာရှည်စွာ အလွန်မြင့်ပါက ရှော့ဘားကိရိယာ သက်တမ်းကို ထိခိုက်နိုင်မည်။ |
| 556 | ○ | အမြန်မောင်းနှင်ရာတွင် တာယာသည် အပူရှိန်မြင့်ပြီး လှိုင်းပုံသဏ္ဍာန် ပြောင်းလွယ်မည်။ တာယာ တာယာပန်းအတိမ်အနက်၊ လေဖိအားပုံမှန်ရှိရမည်။ သို့မှသာတာယာကွဲခြင်းကိုကာကွယ်နိုင်မည်။ |
| 557 | ○ | စပတ်ပလတ်ခေါင်းစစ်ဆေးရာတွင် အညစ်အကြေး၊ ကာဗွန်စုပုံခြင်း ရှိလျှင် သံစုတ်တံနှင့် ပွတ်တိုက်၍ ဒီဇယ်ဆီဖြင့် ဆေးပြီးမှ အဝတ်စဖြင့် သုတ်ရမည်။ |
| 558 | ○ | စပတ်ပလတ် စွမ်းဆောင်မှု မကောင်းပါက ချက်ခြင်း လဲလှယ်ရမည်။ သို့မဟုတ်လျှင် လျှပ်ကာမြင်.ခြင်း၊ ပလတ်မှမီးပေါက်ကွဲမှုသေးခြင်း၊ ဓါတ်ဆီကို လုံးဝမလောင်ကျွမ်း နိုင်သဖြင့် ဆီစားကြီး၊ စွမ်းအားလျှော့ကျခြင်း ၎င်းအပြင် လေထုကို ညစ်ညမ်းစေသည်။ |
| 559 | ○ | မိုးရွာချိန်တွင် လမ်းချော်သဖြင့် အမြန်ချိုးကွေ့ခြင်း၊ ဘရိတ် အမြန်ဖမ်းခြင်းသည် ကားကို ဘီးချော်စေသဖြင့် အရှိန်လျှော့၍ မောင်းနှင်ရမည်။ |
| 560 | X | မော်တော်ဆိုင်ကယ် ဘယ်ဘက်နှင့် ညာဘက်ဘရိတ်ကို အတူတကွ မဖမ်းသင့်ပါ။ |
| 561 | ○ | မော်တော်ဆိုင်ကယ် ကုန်းဆင်းရာမှာ ရှေ့ဘရိတ်ကိုသာ ဖမ်းလျှင် မော်တော်ဆိုင်ကယ် မှောက်လွယ်မည်။ |
| 562 | X | ယနေ.ထုတ်မော်တော်ဆိုင်ကယ်တွင် တပ်ဆင်ထားသော ပစ္စည်းမှာ များစွာခေတ်မှီတိုးတက်သဖြင့် မော်တော်ဆိုင်ကယ်သည် ရေကိုဖြတ်ကူးလျှင် ဘရိတ်စွမ်းဆောင်မှု မပြောင်းလဲပေ။ |
| 563 | X | မော်တော်ဆိုင်ကယ် ဘရိတ်ဖမ်းရာတွင်  ပုံမှန်အသံမဟုတ်သော်လည်း အသံ မဆူညံလျှင် ပုံမှန်အတိုင်း ဖြစ်သဖြင့် စစ်ဆေးပြုပြင်ရန် မလိုပါ။ |

| | | |
|---|---|---|
| 564 | ○ | ကားမောင်းရာတွင် ကောင်းမွန်သော အကျင့်ကို မွေးမြူပြီး ဘရိတ်ကို ကြိုတင်ဖမ်းရမည်။ နောက်ကားမှ လိုက်၍တိုက်မိခြင်း မဖြစ်စေရန်အတွက် အရေးပေါ်ဘရိတ်ဖမ်းခြင်းကို တတ်နိုင်သလောက် ရှောင်ရှားရမည်။ |
| 565 | ○ | ကားသစ်သည် အစပိုင်းကာလမှာ အတွင်းရှိ အစိတ်အပိုင်းများ ချောမွတ်မှုမရှိသေး၍ အရှိန်မြင့် မောင်းနှင်ခြင်းနှင့် အရေးပေါ် ဘရိတ်ဖမ်းခြင်းကို ရှောင်ရှားရမည်။ |
| 566 | X | မောင်းနှင်ရာတွင် အလောတကြီးအရှိန်မြှင့်ခြင်း သို့မဟုတ် ဘရိတ်အမြန်ဖမ်းပါက ဆီစားများပြီး၊ တာယာနှင့် ဘရိတ်ပြားကိုပွတ်တိုက်စားမှုပိုများသည်.အပြင် fမတော်တဆယာဉ်တိုက်မှု ဖြစ်နိုင်ခြေပိုများသည်။ သို.သော်လည်း လေထုညစ်ညမ်းစေမှုနှင့် မသက်ဆိုင်ပါ။ |
| 567 | X | စွမ်းအင်ချွေတာမှု၊ကာဗွန်ထုတ်လုပ်မှုလျော့.နည်းရန်အတွက် မော်တော်ဆိုင်ကယ်စီး၍ ကုန်းဆင်းရာတွင် အင်ဂျင်စက်ပိတ်ခြင်းသည် ဓါတ်ဆီသုံးနှုန်းကို လျှော့ချနိုင်မည်။ |
| 568 | ○ | ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စွမ်းအင်ချွေတာမှု၊ကာဗွန်ထုတ်လုပ်မှု လျော့နည်းရန်အတွက် ပုံမှန်အရှိန်ဖြင့် မောင်းနှင်ပြီး အရှိန်အမြန်မြှင့်ခြင်း သို့မဟုတ် ဘရိတ်အမြန်ဖမ်းခြင်း မလုပ်ရပါ။ ထို့အပြင် ဘေးအန္တရာယ်ကင်း အကွာအဝေးကို ထိန်းသိမ်း၍မောင်းရမည်။ |
| 569 | X | ကားမောင်းရာတွင် အမြန်စတင်မောင်းနှင်ခြင်းသည် ဂီယာအသေးဖြင့် မောင်းနှင်ချိန်မှာထက် ဆီကို ပို၍ချွေတာနိုင်မည်။ |
| 570 | X | မောင်းနှင်ရာတွင် အရှိန်မြင့်လေ ဆီစားသက်သာလေ ဖြစ်သည်။ ထို့ကြောင့် အင်ဂျင် လည်ပတ်နှုန်းကို တတ်နိုင်သလောက် မြှင့်တင်ရမည်။ |
| 571 | ○ | မောင်းနှင်ရာတွင် အရှိန်ကို မြှင့်ခြင်းလျှော့ခြင်းပြုလုပ်မှုအကြိမ်ရေများလေ အိတ်ဇောမှထုတ်လွှင့်သော အငွေ့များလေ ဖြစ်ပြီး ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုပိုမိုဖြစ်စေသည်။ |
| 572 | ○ | ကားမမောင်းခင်တွင် ယာဉ်ကို စစ်ဆေးခြင်းသည် မောင်းနှင်ချိန်တွင် ဘေးအန္တရာယ်ကင်းဝေးမှုကို အကျိုးပြုနိုင်သည်။ |
| 573 | X | ယနေ့.ထုတ်မော်တော်ဆိုင်ကယ်တွင် တပ်ဆင်ထားသော ပစ္စည်းမှာ များစွာခေတ်မီတိုးတက်သဖြင့် မောင်းနှင်ရာမှာ မီတာဒိုင်ခွက်မှတဆင့် ယာဉ် အခြေအနေကို သိရှိနိုင်သောကြောင့် ယာဉ်မမောင်းခင်တွင် စစ်ဆေးရန် မလိုပါ။ |

| | | |
|---|---|---|
| 574 | ◯ | မော်တော်ဆိုင်ကယ် လီဗါကို စစ်ဆေးရာမှာ လီဗါကြိုးညှပ်ပြီး အလိုက်သင့် မလည်ပတ်နိုင်ပါက လီဗါကြိုးကို ချက်ခြင်းလဲရမည်။ သို့မဟုတ်လျှင် မောင်းနှင်ရာမှာ ရုတ်တရက် အရှိန်ဖြင့် ရှေ့သို့လွတ်ထွက်သွားနိုင်သည်။ |
| 575 | X | မော်တော်ဆိုင်ကယ်လက်ကိုင်ကို စစ်ဆေးရာတွင် ဘရိတ်ကြိုးသည် ခပ်တင်းတင်းပုံစံ ဖြစ်နေပါက ဘေးအန္တရာယ်ပြဿနာ မရှိပါ။ |
| 576 | ◯ | မော်တော်ဆိုင်ကယ် ဖျူးစ်ကြိုး လောင်သွားပါက သတ်မှတ်ထားသော ဖျူးစ်ကြိုးကို လဲလှယ်ရမည်။ သတ်မှတ်ချက်ထက် ကြီးသော ဖျူးစ်ကြိုး သို့မဟုတ် အခြားကြေးကြိုးဖြင့် အစားထိုးခြင်း မလုပ်ရပေ။ သို့မဟုတ်လျှင် လျှပ်စစ်ပစ္စည်းစနစ် ပျက်ဆီးနိုင်သည်။ |
| 577 | ◯ | မော်တော်ဆိုင်ကယ်ကို ကိုယ်တိုင်ပြုပြင်ခြင်း သို့မဟုတ် အခြား လျှပ်စစ်ပစ္စည်းကို အပိုတပ်ဆင်ခြင်း မလုပ်ရ။ သို့မဟုတ်လျှင် ဓါတ်သုံးဆွဲမှု ပိုမိုမှုကြောင်. ဝါယာကြိုးလိုင်းများ ရှော့ဖြစ်နိုင်သည်။၎င်းထက်ပို၍ ဆိုးဝါးပါက မော်တော်ဆိုင်ကယ်မီးလောင်ကျွမ်းမှုပါဖြစ်စေနိုင်သည်။ |
| 578 | X | လျှပ်စစ်ဝါယာကြိုးလိုင်းစနစ်မှလွဲ၍ မော်တော်ဆိုင်ကယ် အစိတ်အပိုင်း အားလုံးကို လွတ်လပ်စွာ ပြုပြင်နိုင်သည်။ |
| 579 | ◯ | လေစစ်ကိရိယာကို လေအဝင်ကောင်း၍ အဟန့်အတားမရှိအောင် ထိန်းသိမ်းရပြီး ပိတ်ဆို့မှုရှိပါက ချက်ခြင်းအသစ်လဲလှယ်ရမည်။ သို့မဟုတ်လျှင် လေရရှိမှု မလုံလောက်သဖြင့် ဆီစားများ၍ လေထုကို ညစ်ညမ်းစေနိုင်မည်။ |
| 580 | X | ဘတ်ထရီအိုး ငုတ်တိုင်မှာ အချင်းကြီးက ဓါတ်မတိုင် ဖြစ်၍ အချင်းငယ်လျှင် ဓါတ်ဖိုတိုင် ဖြစ်သည်။ |
| 581 | ◯ | ဘတ်ထရီအိုးအရည်သည် ဆာလဖြူရစ်အက်ဆစ်ပျော့ ဖြစ်၍ လိုက်စားဖျက်ဆီးမှု ရှိသဖြင့် အရေပြား၊ မျက်စိ၊ အဝတ်အထည် စသည်တို့ဖြင့် ထိမိပါက ရေသန့်.ဖြင့် ချက်ခြင်းလောင်းဆေးရမည်။ |
| 582 | X | မည်းမှောင်သော နေရာတွင် ဘတ်ထရီအိုး ငုတ်တိုင်နှင့် ဘတ်ထရီမိုးရေကို စစ်ဆေးရာမှာ လိုအပ်ပါက မီးခြစ်ဖြင့် တိုက်ရိုက် အလင်းရောင်ပေးနိုင်မည်။ |
| 583 | ◯ | အင်ဂျင်စက်နှိုးပြီးနောက် ကားယာဉ် လျှပ်စစ်ပစ္စည်းများကို လျှပ်စစ်ထုတ်လုပ်သည့်.စက်မှ ဓါတ်အားပေးသည်။ |

| | | |
|---|---|---|
| 584 | X | ကားမောင်းရာမှာ ယာဉ် လျှပ်စစ်ပစ္စည်းများကို ဘတ်ထရီအိုးမှ ဓါတ်အားဖြန့်ဖြူးပေးမည်။ ထို့ကြောင့် ဘတ်ထရီအိုးကို သတ်မှတ်ချိန် ရောက်လျှင် လဲလှယ်ပေးရမည်။ |
| 585 | X | မော်တော်ဆိုင်ကယ် စတင်မစီးနင်းခင်မှာ ဘေးဒေါက်ကို မသိမ်းလျှင် ဘေးအန္တရာယ် မရှိနိုင်ပေ။ |
| 586 | ○ | မော်တော်ဆိုင်ကယ် ဘေးဒေါက်သည် မညီညာသော မြေပြင်တွင် သို့မဟုတ် ယာယီယာဉ်ရပ်ရာမှာ သုံးရန်ဖြစ်သည်။ ယာဉ်ရပ်ရာမှာ လက်ကိုင်ကို ဘယ်ဘက်အဆုံးတိုင် လှည့်ထားခြင်းဖြင်.ပြီး ယာဉ်ရပ်ရာတွင် ပိုမိုတည်ငြိမ်စေသည်။ |
| 587 | ○ | မော်တော်ဆိုင်ကယ်စီး၍ ဆီဆိုင်တွင် ဆီဖြည့်ရာမှာ ဘေးအန္တရာယ်ကင်းရန်အတွက် အင်ဂျင်စက်ပိတ်ပြီး ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းဆက်သွယ်ပြောဆိုခြင်း မလုပ်ရပေ။ |
| 588 | ○ | ဆီအငွေ့ပျံဆုံးရှုံးမှုလျှော့.နည်းကာ သန့်ရှင်းသောဆီဖြစ်နေစေရန် ဆီဖြည့်ပြီးနောက် ဆီတိုင်ကီအဖုံးကို သတ်မှတ်ချက်အတိုင်း လုံအောင်ပိတ်ထားရမည်။ |
| 589 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ ဆောင်းသည့် ဘေးကင်းဦးထုပ်တွင် စီးပွါးရေး ဝန်ကြီးရုံး စံချိန်စစ်ဆေးမှုဌါနမှ စစ်ဆေးပြီးသော စံချိန်မှီ အမှတ်အသားကို ကပ်ထားရမည်။ |
| 590 | ○ | မော်တော်ဆိုင်ကယ်စီးရာမှာ သင့်လျော်သော ဘေးကင်းဦးထုပ်ကို ဆောင်းရမည်။ ခေါင်းနှင့် ကိုက်ညီပြီး နားထင်နှင့် ခေါင်းအနောက်ပိုင်းကို ဖုံးရမည်။ အကောင်းဆုံးမှာ လေကာမှန်ကို တပ်ဆင်ရမည်။ |
| 591 | ○ | ဘေးကင်းဦးထုပ်ကို ဆောင်းရာမှာ ၎င်းအခြေခံသဘောတရားသည် ခေါင်းပိုင်းက လွတ်လပ်စွာ လှည့်နိုင်၍ လည်ပင်းတွင် ကျပ်နေမှု မရှိခြင်းဖြစ်သည်။ |
| 592 | X | စီးပွါးရေး ဝန်ကြီးရုံး စံချိန်သတ်မှတ်စစ်ဆေးမှုဌါနမှ စစ်ဆေးပြီး စံချိန်မှီသော အမှတ်အသားကို ကပ်ထားသည့် ဘေးကင်းဦးထုပ်သည် အပြင်းအထန်တိုက်မှုခံနိုင်ရည် စံချိန်ကိုမှီသည်။ထို.ကြောင်. ၎င်းသည် ပြင်းထန်စွာ တိုက်ခံရသော်လည်း အက်ကြောင်းမရှိလျှင် ဆက်လက်သုံးနိုင်သည်။ |
| 593 | ○ | ဘေးကင်းဦးထုပ် ဆောင်းပြီးနောက် ခေါင်းညိတ်၊ ခေါင်းမော့စသည့် လှုပ်ရှားမှုပြုရာတွင် ဘေးကင်းဦးထုပ်သည် မရွေ့လျားလျှင် သင့်လျော်ပါသည်။ |
| 594 | X | သင့်လျော်သော ဘေးကင်းဦးထုပ်ကို ရွေးချယ်ခြင်းသည် အရောင် မပါဝင်ပေ။ |

| | | |
|---|---|---|
| 595 | ○ | ကာကြယ်တွင် သင့်အကြောင်း မက်ရှိပါက အမျိုးသားရောင်းစွာရှင်းရန် ကာကြယ်တွင် အလွန်အဆင့်မျှင့်ကန်းတန်းသောကို ရွေးချယ်ပါ။ |
| 596 | X | မော်တော်ဆိုင်ကယ်စီးပုံသည် သက်သာသည့်ပုံစံအနေအထားနှင့် သက်ဆိုင်ပြီး ယာဉ်မောင်း အန္တရာယ်ကင်းရှင်းရေးကို မထိခိုက်ပေ။ |
| 597 | ○ | မော်တော်ဆိုင်ကယ်စီးနင်းရာမှာ ခါးပိုင်းသည် သက်တောင့်သက်သာစွာ မတ်ထားရမည်။ ကျောရိုးတွင် ဒဏ်မဖြစ်စေရန်အတွက် တောက်လျောက်မောင်းနှင်ချိန် ၅၀မိနစ်ပြည့်ပြီးလျှင် အနည်းဆုံး ၁၀မိနစ် အနားယူရမည်။ |
| 598 | ○ | မော်တော်ဆိုင်ကယ်စီးရာတွင်ဝတ်ရန် မိုးကာအင်္ကျီသည် အကောင်းဆုံးမှာ အပေါ်အောက်နှစ်ထည်ပုံဖြစ်သည်။ ကိုယ်နှင့်သင့်တော်၍ တောက်ပထင်ရှားခြင်းကို ဦးစားပေး ရွေးချယ်ပြီး ရေစိုခံဖိနပ် သို့မဟုတ် ရေစိုခံဖိနပ်အိတ်နှင့်အတူ ဝတ်လျှင် ကောင်းမွန်ပါသည်။ |
| 599 | ○ | တဆက်တည်းမိုးကာအင်္ကျီသည် လေတိုက်ခံရာတွင်လေခုခံအား ပိုများသဖြင့် ယာဉ်မောင်းနှင်မှုကို ထိခိုက်စေပြီး ယာဉ်အပြင်သို့ ပိုထွက်လာသော အင်္ကျီအစသည် ယာဉ်ကြီးများနှင့် ချိတ်တွယ်မိလျှင် မည်သို့ဖြစ်မည်ကိုမတွေးရဲပါ။ ထို့ကြောင့် ၎င်းကို သုံးရန် အကြံမပြုပါ။ |
| 600 | ○ | မော်တော်ဆိုင်ကယ် မောင်းနှင်ရာမှာ ကျွတ်ကျလွယ်သော ဖိနပ်ကို စီးပါက ခြေထောက်ဖြင့် ယာဉ်ဟန်ချက်ညီအောင် ထိန်းရန်လိုအပ်သည့် အချိန်တွင် လုပ်ဆောင်မှု အဆင်မပြေပဲ ထိခိုက်ပြီး ခြေထောက်ကိုဒဏ်ရာရ နိုင်မည်။ |
| 601 | ○ | ကားမမောင်းခင်မှာ ကား မီးများကို စစ်ဆေးရမည်။ ဘရိတ်မီး မလင်းပါက နောက်ကားက လိုက်၍တိုက်မိနိုင်သည်။ |
| 602 | ○ | မော်တော်ဆိုင်ကယ် နောက်မီးမလင်းပါက ညပိုင်းစီးနင်းရာမှာ ယာဉ်ကို ဝင်တိုက်မိနိုင်သောကြောင့် အန္တရာယ်ရှိသည်။ |
| 603 | ○ | ကားမမောင်းခင်မှာ ယာဉ်ကို စစ်ဆေးရမည်။ ဘရိတ်ပိုင်းဆိုင်ရာစစ်ဆေးရာတွင် ဘရိတ်ဆွဲတံလှုပ်ရှားနိုင်သည်.အကွာအဝေးမှန်မမှန်၊ ဘရိတ်ကြိုး အပြင်ပိုင်းဒဏ်ရာရှိမရှိ သို့မဟုတ်သံကြိုးပြတ်တောက်ခြင်းရှိမရှိ၊ ကြိုးမှာ ချောမွေ့မှု ကောင်းမကောင်း၊ ဘရိတ်ဖမ်းရာတွင် လုပ်ဆောင်ချက် ကောင်းမကောင်း စသည်တို့ကို စစ်ဆေးရမည်။ |

| | | |
|---|---|---|
| 604 | X | တာယာစစ်ဆေးခြင်း အဓိကအကြောင်းအရင်းသည် တာယာပန်း အတိမ်အနက်ကိုသာ စစ်ဆေးခြင်း ဖြစ်သည်။ |
| 605 | X | တာယာအပြင်တွင် အက်ကွဲကြောင်းရှိသော်လည်း တာယာပန်း  အတိမ်အနက် လုံလောက်ပါက သတ်မှတ်သော အရှိန်ထက် မကျော်လျှင် စိတ်ချစွာ ဆက်လက်သုံးနိုင်သည်။ |
| 606 | ○ | ဘတ်ထရီအိုးစစ်ဆေးခြင်း အဓိကအကြောင်းအရင်းသည် ဘတ်ထရီအိုး နေရာ ချောင်၍လှုပ်ရှားမှု ရှိမရှိ၊ ဘတ်ထရီအိုးအရည် လုံလောက်ခြင်း ရှိမရှိ၊ ဘတ်ထရီအိုးငုတ်တိုင် သံချေးတက်မတက်၊ လေဝင်လေထွက်ပေါက်တွင် ပိတ်မပိတ် စသဖြင့် စစ်ဆေးခြင်းဖြစ်သည်။ |
| 607 | X | ကားမီးလင်းမှု စစ်ဆေးခြင်း အဓိကအကြောင်းအရင်းသည် ရှေ့မီးနှင့် နောက်မီးပုံမှန်မမှန်ကိုသာ စစ်ဆေးခြင်းဖြစ်သည်။ |
| 608 | ○ | ကားမောင်းရာမှာ တာယာကွဲပါက ကားမောင်းသူက လီဗါလွှတ်ပြီး လက်ကိုင်ကို ခပ်မြဲမြဲ ကိုင်ပြီးဦးတည်ချက်ကို ထိန်းထားရမည်။ အရေးပေါ် အမြန်ဘရိတ် ဖမ်းခြင်းကို လုံးဝမလုပ်ရပါ။ |
| 609 | X | မော်တော်ဆိုင်ကယ်စီးရာမှာ လမ်းဘေးကပ်၍ စီးနင်းရမည်။ ရှေ့ကားကို ကျော်တက်လိုပါက ရှေ့ကား ညာဘက်မှ ကျော်တက်ရမည်။ |
| 610 | ○ | တရားမဝင် ကားကျော်ဖြတ်ခြင်းသည်  ယာဉ်တိုက်မှု ဖြစ်ရသည့် အဓိက အချက်တစ်ချက် ဖြစ်သည်။ လမ်းကြောတစ်ခုတည်း၌ သွားနေသော အရှေ့က ကားကို ကျော်ဖြတ်သွားလိုပါက ဟွန်းကို နှစ်ကြိမ် တီးခြင်း (သို့) ပြောင်လဲအလင်းမီးကို တစ်ကြိမ် ပြောင်း ရမည်။ ရှေ့တွင်ရှိသော  ယာဉ်သည် အရှိန် လျှော့ပြီး ဘေးသို့ ဆွဲသည်နှင့် တပြိုင်နက် (သို့) လက်ဟန် အမူအရာဖြင့် ခွင့်ပြုခဲ့လျှင် ကျော်ဖြတ်ပြီး၊ ကျော်တက် သော အခါ ဘယ်ဘက်လှည့် အချက်ပြမီးကို ပြပြီး၊  ယာဉ် ဘယ်ဘက်ကို မီတာဝက်ကျော် အကွာအဝေး တွင် ထားသင့်သည်။ ဘေးကင်းလုံခြုံသော အကွာ အဝေးသို့ ရောက်ပြီးနောက် မူရင်း လမ်းကြောင်း သို့ မောင်းရန် ညာဘက်လှည့် အချက်ပြ အလင်းမီးကို ပြပါ။ |
| 611 | X | မီးနီ၊ မီးဝါအချက်ပြအရောင်လက်နေသော လမ်းဆုံကို ဖြတ်ကူးရာမှာ မီးနီအရောင် လက်သောဘက်မှ ဦးစွာသွားခွင့်ရှိသည်။ |

| | | |
|---|---|---|
| 612 | ○ | မော်တော်ဆိုင်ကယ်စီး၍ လမ်းဆုံကို ဖြတ်ကူးရာတွင် မီးစိမ်းဖြစ်သော်လည်း ဘေးကင်းရန်အတွက် ဘရိတ်ဖမ်းရန် ပြင်ဆင်ထားရမည်။ |
| 613 | ○ | မော်တော်ဆိုင်ကယ်သည် ယာဉ်တန်းများအတွင်း အတင်းတိုး၍ မောင်းနှင်ခြင်းသည် အခြားသူများကိုစိတ်ရှုပ်စေသည်။ ထို့အပြင် မြင်ကွင်းကို ရှေ့ကားမှ ကာရံထားသဖြင့် ရုတ်တရက်အရေးပေါ် ဖြစ်ပါက ရှောင်ရန် အချိန်မရှိပဲ ယာဉ်တိုက်မှုဖြစ်စေနိုင်သည်။ |
| 614 | X | မော်တော်ဆိုင်ကယ်စီးရာမှာ လမ်းဘေးကပ်၍ မောင်းနှင်ရမည်။ ဘေးကင်းရန်အတွက် အကောင်းဆုံးမှာ လမ်းပေါ် ရှိဘေးဖက်အစွန်းစည်း အပြင်နေရာမှ မောင်းနှင်ရမည်။ |
| 615 | ○ | ဘရိတ်ဖမ်းအားထိန်းချုပ်မှုသည် အတွေ့အကြုံနှင့် လမ်းပေါ်မှအခြေအနေအရ ဆောင်ရွက်ရမည်။ ကားကိုယ်ထည် ဟန်ချက်တည်ငြိမ်ပြီး အရှိန်ကို လိုအပ်သည်အထိ လျှော့ချခြင်းသည် ကောင်းမွန်သော ဘရိတ်ဖမ်းနည်းဖြစ်သည်။ |
| 616 | ○ | ကားရပ်ရန်နေရာသို့ ချဉ်းကပ်ရာမှာ အကွေ့အချက်ပြမီးကို ၃၀မီတာမတိုင်မီ ကြိုတင်ဖွင့်၍ နောက်ကားကို သတိပေးပြီးမှ အရှိန်လျှော့ပြီး ညာဘက်ကပ်၍ မောင်းနှင်ရမည်။ |
| 617 | ○ | ရှေ့ကားက ဘေးကပ်၍ ကားရပ်ပြီးချိန်တွင် မော်တော်ဆိုင်ကယ်သည် ၎င်းနှင့် အလွန်ချဉ်းကပ်၍ မောင်းနှင်ခြင်းမပြုရ။ သို့မဟုတ်လျှင် ရုတ်တရက် ကားတံခါး ဖွင့်လိုက်သဖြင့် မတော်တဆ ထိမိမှုဖြစ်နိုင်သည်။ |
| 618 | ○ | ကောက်ကွေ့သောလမ်း မောင်းနှင်ရာတွင် တာယာချော်သွားပါက ဘရိတ်ဖမ်းခြင်းကို လုံးဝမပြုလုပ်ရပါ။ |
| 619 | ○ | ကိုယ်ခန္ဓာ ပင်ပန်းသော်လည်း ဆက်လက်ယာဉ်မောင်းနှင်ခြင်းသည် ကားတိုက်မှု ဖြစ်စေသော အဖြစ်နိုင်ဆုံးအကြောင်းအရင်း တခုဖြစ်သည်။ |
| 620 | ○ | ယာဉ် အစိတ်အပိုင်းထဲတွင် ဘရိတ်စနစ်၊ ဓါတ်မီးစနစ်နှင့် တာယာစသည်တို.သည် ကားမောင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တိုက်ရိုက်သက်ဆိုင်သဖြင့် နေ့စဉ်စစ်ဆေးမှုလုပ်ဆောင်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို သေချာစေသည်။ |
| 621 | ○ | ညပိုင်းမော်တော်ဆိုင်ကယ်စီးရာမှာ ရောင်ပြန်အဝတ်အစားကို ဝတ်ခြင်း၊ ယာဉ်ကိုယ်ထည်တွင် သင့်လျော်သည့်နေရာမှာ ရောင်ပြန်စက္ကူကို ကပ်ထားခြင်းသည် ကားမောင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို များစွာ မြှင့်တင်နိုင်သည်။ |

| | | |
|---|---|---|
| 622 | ○ | အကျင့်သိက္ခာသည် လူမှုဖြစ်သော သဘောတရားနှင့် သဘောထား ဖြစ်သည်။<br>ယာဉ်မောင်းမှု အကျင့်သိက္ခာသည် ယာဉ်မောင်းသူ မောင်းနှင်ရာတွင် ရှိသင့်သော<br>တရားမျှတသည့်.သဘောထား ဖြစ်သည်။ |
| 623 | ○ | လက်ကိုင်တုတ်အဖြူကို ကိုင်ဆောင်သူ သို့မဟုတ် မျက်မမြင်လမ်းလျှောက်ခြင်း<br>သို့မဟုတ် လမ်းဖြတ်ကူးခြင်းကို တွေ့ရှိပါက ၎င်းကို ကူညီပေးပြီး သို့မဟုတ် ဦးစားပေး<br>လမ်းဖြတ်ကူးစေရမည်။ |
| 624 | ○ | လမ်းပေါ်တွင် ယာဉ်တိုက်မှုတွေ့ရှိပါက ရဲကအခင်းတွင်ရှိပြီးဖြေရှင်းနေလျှင်<br>ကွေ၍ထွက်ခွါရမည်။ အခင်းတွင် သိလိုစိတ်ဖြင့် ရပ်၍ကြည့်ရှုခြင်း မပြုရပါ။ |
| 625 | ○ | ကားမောင်းသူတွင် အရေးကြီးဆုံးမှာ လူ့အသက်ကို ရိုသေလေးစားသော  အကျင့်သိက္ခာ<br>အသိတရားရှိရမည်။ |
| 626 | ○ | လက်များကြေးကန်းခြင်းမှာ ကျက်ခြင်းကို သာသနာများထံမှနေမည်ဆိုလိုက်ပါက<br>မောင်းလှမ်းခြင်းအားမရွေ့ရှိသည်မဟုတ်သောအခါတို့ ပက်ဖြစ်မှုသားနဲ့<br>မကျော်ကျန်းမှုရရှိနိုင်ခွင့်ဖြစ်ပါသည်။ |
| 627 | X | ကားတိုက်မှုတွေ့ရှိပါက  မိမိနှင့်မသက်ဆိုင်ဟုယူဆပြီး ၎င်းနေရာမှ အမြန်ဆုံး ထွက်ခွါကာ<br>ရဲစခန်းသို့ သတင်းပို့ရန်လည်းမလိုပါ။ သို့မှသာ မိမိနှင့် ပတ်သက်မှုမရှိနိုင်ပေ။ |
| 628 | ○ | မော်တော်ဆိုင်ကယ်က လိုင်းကျော်၍ ကားကျော်တက်ခြင်းကြောင့် အခြားကားကို<br>အနှောက်အယှက်ပေးပြီး လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့ရှုပ်ထွေးစေခြင်းသည်<br>ကားမောင်းအကျင့်သိက္ခာ မရှိသော စည်းကမ်းဖောက်ဖျက်မှု ဖြစ်သည်။ |
| 629 | ○ | ညပိုင်းတွင် အခြားကားနောက်မှလိုက်မောင်းရာမှာ မီးကြီးဖြင့် ရှေ့ကားကို<br>အဝေးထိုးမီးရောင်ထိုးလျှင် ရှေ့ကားမောင်းသူသည် ပြင်းထန်သော အလင်းရောင်ကြောင့်<br>မြင်စွမ်းအားထိခိုက်စေသည်၊၎င်းအပြုအမူသည် ကားမောင်းအကျင့်သိက္ခာမရှိသော<br>စည်းကမ်းဖောက်ဖျက်မှု ဖြစ်သည်။ |
| 630 | ○ | ရွှံ့ညွှန်နှင့်ရေအိုင်နေသော လမ်းကြောင်းကို ဖြတ်မောင်းရာတွင် အရှိန်မလျှော့ခြင်း<br>သို့မဟုတ် ရှောင်၍မမောင်းသောကြောင့် လမ်းသွားလမ်းလာ အဝတ်နှင့် ဖိနပ်ကို<br>ရေစင်ခြင်းသည် ကားမောင်းအကျင့်သိက္ခာမဲ့သော စည်းကမ်းဖောက်ဖျက်မှု ဖြစ်သည်။ |

| | | |
|---|---|---|
| 631 | X | မီးပွိုင့်ရှိသော လမ်းဆုံကို ဖြတ်ကူးရာ သို့မဟုတ် ညဥ့်နက်၍ လူခြေတိတ်ချိန်မှာ ရဲမရှိပါက မီးနီ သို့မဟုတ် မီးဝါကို ဆက်လက်မောင်းနှင်မှုသည် ကားမောင်းအကျင့်သိက္ခာအပိုင်းသာ ဖြစ်သည်။ |
| 632 | ○ | ရှေ့ကားသည် အကြောင်းတခုခုကြောင့် ကားရပ်ပြီး နောက်ကားမောင်းသူက စိတ်ရှည်စွာ မစောင့်ခြင်း၊ ဟွန်းအရမ်းနှိပ်ခြင်း သို့မဟုတ် ကားများအကြားမှ သွားခြင်းသည် ကားမောင်းအကျင့်သိက္ခာမရှိသော စည်းကမ်းဖောက်ဖျက်မှု ဖြစ်ပြီး အန္တရာယ်ရှိသည်။ |
| 633 | ○ | မော်တော်ဆိုင်ကယ်မောင်းသူသည် တိတ်ဆိတ်သော ရပ်ကွက် သို့မဟုတ် ညပိုင်းတွင် လမ်းကြားအတွင်း ဟွန်းအရမ်းတီးခြင်းသည် ကားမောင်းအကျင့်သိက္ခာမဲ့သော စည်းကမ်းဖောက်ဖျက်မှု ဖြစ်သည်။ |
| 634 | ○ | မော်တော်ဆိုင်ကယ်မောင်းသူသည် အဆင်ပြေရန်အတွက် လူသွားလမ်းတွင် စီးနင်း၍ လမ်းသွားလမ်းလာများလုံခြုံရေးကို ထိခိုက်စေခြင်းသည် ကားမောင်း အကျင့်သိက္ခာမဲ့သော စည်းကမ်းဖောက်ဖျက်မှု ဖြစ်သည်။ |
| 635 | ○ | ကားမောင်းအကျင့်သိက္ခာမရှိခြင်းသည် ယာဉ်တိုက်မှု ဖြစ်စေသော ထာဝစဉ် အကြောင်းအရင်းတခုဖြစ်သည်။ |
| 636 | ○ | ယာဉ်မောင်းသူသည် ကျောင်းတက်ကျောင်းဆင်းချိန်တွင် လမ်းထိန်းသူ ကွပ်ကဲမှုကို မလိုက်နာခြင်းသည် ကားမောင်း အကျင့်သိက္ခာမဲ့သော ဆောင်ရွက်မှု ဖြစ်သည်။ |
| 637 | ○ | ယာဉ်မောင်းရာတွင် အနိုင်ယူလိုသူ၊ စည်းကမ်းချက် မသိသောသူနှင့် တွေ့ဆုံပါက ၎င်းတို့နှင့် ရန်ပြုခြင်း၊ တွက်ကတ်ခြင်း မလုပ်ရပေ။ အေးအေးဆေးဆေးနှင့် အလျှော့ပေးသည်းခံရမည်။ |
| 638 | X | ယာဉ်မေးမြန်းကြောင်းတာဝန်များသို့မဟုတ် လယ်ယာဆောင်ရွက်မရှိပါက လက်ခံရရှိနိုင်မည်သူများသည် ရောက်ဖျက်လှစ်ခွင့်တောင်းခံရရှိပါက ဘာသာစကားများနှင့် လက်ခံရရှိနိုင်ခွင့်ကို တက်ရောက်ဆိုကြည့်နိုင်ပါသည်။ |
| 639 | ○ | အော်တိုမက်တစ်ဂီယာ မော်တော်ဆိုင်ကယ် ညာဖက်ဆွဲတံသည် ရှေ့ဘရိတ်ကို ထိန်းချုပ်ပြီး ဘယ်ဘက်ဆွဲတံသည် နောက်ဘရိတ်ကို ထိန်းချုပ်သည်။ |
| 640 | ○ | ရှေ့ဘီးမှာ ဒစ်ကာပြားဘရိတ်စနစ်ဖြစ်ပါက အသုံးပြုရာတွင် ရုတ်တရက် ဖိအားပေးခြင်းမလုပ်ရ၊ သို့မဟုတ်လျှင် ရှေ့ဘီးကို အသေညှပ်ထားပေမည်။ |

| | | |
|---|---|---|
| 641 | ○ | စိုစွတ်သောကြွေပြားခင်းထားသောလမ်း သို့မဟုတ် သဲမြေလမ်းကို ဖြတ်ကျော်ရာတွင် နောက်ဘရိတ်ကို အတတ်နိုင်ဆုံးသုံးပါ၊ ရှေ့ဘရိတ်ကို သတိနှင့်.တဖြည်းဖြည်း ဖမ်းရမည်။ |
| 642 | ○ | မိုးရေချမ်းကုမ္ပဏီကြားနံပါတ်ကို ကီလိုမီတာအမြင့်ဖြစ်ပြီး မိုးယာလိုမီတာကို ကီလိုအမြင့်ဖြစ်ပါတယ်။ တစ်ခုမြန်မာလို 1မီလိုကီလိုဖြစ်ပါတယ်။ |
| 643 | X | ကားယာဉ် မောင်းနှင်းရာမှာ မြေပြင်နှင့် တာယာအကြား ပွတ်တိုက်မှုကိန်း ငယ်လေ ပို၍အန္တရာယ်ကင်းလေဖြစ်သည်။ |
| 644 | ○ | ကားယာဉ် မောင်းနှင်းရာမှာ မြေပြင်နှင့် တာယာအကြား ပွတ်တိုက်မှုကိန်း ကြီးလေ ပို၍အန္တရာယ်ကင်းလေဖြစ်သည်။ |
| 645 | ○ | ကားယာဉ် ကုန်းဆင်းရာမှာ အင်ဂျင်ဖြင့် ဘရိတ်ဖမ်းသင့်သည်။ ဘရိတ်ပြားနှင့်တာယာ ပွန်းစေမှုကို လျှော့ချနိုင်သည်။ |
| 646 | ○ | ဘရိတ်ဖမ်းခြင်းသည် တာယာနှင့် မြေပြင်အကြား ပွတ်တိုက်ခုခံအားဖြင့် အရှိန်လျှော့သဖြင့် တာယာ ပွန်းစေမှုကို ပိုမြန်စေသည်။ |
| 647 | X | ဘရိတ်ဖမ်းခြင်းသည် တာယာနှင့် မြေပြင်အကြား ပွတ်တိုက်ခုခံအားဖြင့် အရှိန်လျှော့သဖြင့် တာယာ ပွန်းစေမှုကို မဖြစ်စေပါ။ |
| 648 | ○ | မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ဆီပိုက်လိုင်းမှာ ဟောင်းဆွေးသဖြင့် ဆီယိုစိမ့်ခြင်းသည် မော်တော်ယာဉ်မီးလောင်ခြင်း အဓိက အကြောင်းအရင်း တစ်ခု ဖြစ်သည်။ |
| 649 | ○ | ဘက်ထရီအိုးအဖုံးကို ဖွင့်၍ ဘက်ထရီအိုးအတွင်းရှိမိုးရေကို စစ်ဆေးရာမှာ အိုးအဝမှအခြားအရာဝတ္ထုများ မဝင်စေရန် သတိပြုရမည်၊ သို့မဟုတ်လျှင် ဘက်ထရီအိုး ပေါက်ကွဲနိုင်သည်။ |
| 650 | ○ | ဆိုင်ကယ်ကို အချိန်ကြာရှည်စွာ ရပ်ပါက အဓိကဒေါက်ကိုသုံးရမည်။ ယာယီရပ်လျှင် ဘေးဒေါက်ကိုအသုံးပြုရမည်။ |
| 651 | ○ | မော်တော်ဆိုင်ကယ် မျဉ်းဖြောင့်အတိုင်းသွားရာမှ ဘရိတ်ဖမ်းရာတွင် ရှေ့နှင့် နောက်ဘရိတ်ကို တပြိုင်နက်သုံးသင့်သည်။ ထိုသို့.ပြုလုပ်ခြင်းသည် တိမ်းစောင်းမှုကို သိပ်မဖြစ်နိုင်စေဘဲ ဘရိတ်ဖမ်းရသော အကွာအဝေးကို လျှော့ချနိုင်မည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 652 | ○ | မော်တော်ဆိုင်ကယ် ရှေ့ဘရိတ်ကိုသုံး၍ ဘရိတ်ဖမ်းရာတွင် ရုတ်တရက်အမြန်ညှပ်အောင်မဖမ်းရ၊ သို့မဟုတ်လျှင် ရှေ့ဘားကိရိယာ အောက်သို့ဖိလွန်းသဖြင့် နောက်ဘီးက မြေပြင်နှင့် လွတ်သွားပြီး လဲကျမည်။ |
| 653 | ○ | ကားမောင်းအတွေ့အကြုံ မလုံလောက်ခြင်းနှင့် လမ်းစည်းကမ်းဥပဒေအခွင့်အရေးကို သေချာစွာမသိပါက သင်ကြားလေ့လာသင့်သည်။ မတော်တဆထိခိုက်မှုကို တားဆီးနိုင်မည်။ |
| 654 | ○ | လမ်းကွေ့မရောက်ခင်တွင် ဘေးအန္တရာယ်ကင်းသော အရှိန်ထိရောက်အောင် ဆိုင်ကယ်အရှိန်ကိုလျှော့ရမည်။ လမ်းကွေ့အရောက်တွင် လီဗာပုံမှန်အရှိန်ထိန်း၍ နောက်ဘီးယက်အားဖြင့် တည်ငြိမ်စွာကွေ့ရမည်။ |
| 655 | ○ | တောင်ပေါ်လမ်းတွင် မောင်းနှင်ချိန်တွင် လမ်းကွေ့ မရောက်ခင် လီဗာကို လွှတ်ပြီး အရှိန်လျှော့၍  ဘေးကင်းနိုင်သော အရှိန်ရောက်သည့်အထိ လျှော့ရမည်။ မှန်ကန်တိကျသောအယူအဆဖြင့်လမ်းကွေ့သို့ဝင်ရောက်ပြီး ကိုယ်ခန္ဓာက မော်တော်ဆိုင်ကယ်နှင့် တူညီသော ဘက်သို့ စောင်းကာ လီဗာကိုထိန်းပြီး နောက်ဘီးယက်အားဖြင့် ကွေ့ရမည်။ |
| 656 | ○ | တောင်ပေါ်လမ်းတွင်  မောင်းနှင်ချိန်တွင် ကိုယ်ခန္ဓာလှုပ်ရှားမှု အဓိကအချက်မှာ လမ်းကွေ့ မရောက်ခင် တင်ပါးကို ရှေ့သို့ ရွှေ့လျားပြီး ကိုယ်ခန္ဓာက မော်တော်ဆိုင်ကယ်နှင့် တူညီသောဘက်သို့ စောင်းသင့်သည်။ ဘယ်ဘက်သို့ ကွေ့လျှင် ဘယ်ဘက်ပခုံး၊ ဘယ်တံတောင်ဆစ်၊ ဘယ်လက်ကောက်ဝတ်ကို ဖြေလျှော့ရမည်။ ညာဘက်သို့ ကွေ့လျှင် ညာဘက်ပခုံး၊ ညာတံတောင်ဆစ်၊ညာ လက်ကောက်ဝတ်ကို ဖြေလျှော့ရမည်။ ယာဉ်ကိုညာလက်ကအဓိကထိန်းချုပ်၍ လီဗာကိုထိန်းပြီး နောက်ဘီးယက်အားဖြင့် ကွေ့ရမည်။ |
| 657 | ○ | တောင်ပေါ်လမ်းတွင်  မောင်းနှင်ချိန်မှာ  လမ်းကွေ့တွင် ဗဟိုခွါအားကြောင့် မော်တော်ဆိုင်ကယ်က အပြင်သို့ ရွှေ့လျားပါက လီဗာကိုထိန်းပြီး ကိုယ်ခန္ဓာက မော်တော်ဆိုင်ကယ်နှင့် တူညီသော ဘက်သို့ လိုက်စောင်းသင့်သည်။ လီဗာလွှတ်ပြီး ဘရိတ်ဖမ်းခြင်း လုံးဝမပြုလုပ်ရ။ |

| | | |
|---|---|---|
| 658 | X | တောင်ပေါ်လမ်းတွင်  မောင်းနှင်ချိန်မှာ ကောက်ကွေ့သောလမ်းတွင် ဗဟိုခွါအားကြောင့် မော်တော်ဆိုင်ကယ်သည် အပြင်သို့ ပစ်လွှင့်ရွှေ့လျားခြင်းကဲ့သို့ခံစားရပါက အမြန်ဆုံး လီဗာလွှတ်ပြီး ဘရိတ်ဖမ်းသင့်သည်။ |
| 659 | ○ | တောင်ပေါ်လမ်းတွင်  မောင်းနှင်ချိန်မှာ ကောက်ကွေ့သောလမ်းတွင် လီဗာကို လုံးဝလွှတ်လိုက်ပါက နောက်ဘီးယက်အားမရှိသဖြင့် မော်တော်ဆိုင်ကယ်သည် ဗဟိုခွါအားကြောင့် အပြင်သို့ ပစ်လွှင့်ရွှေ့လျားနိုင်မည်။ |
| 660 | ○ | ကောက်ကွေ့သောလမ်းတွင် မောင်းနှင်ချိန်မှာ လီဗာအားလုံးလျော့ပြီး ဘရိတ်ကိုဖမ်းလျှင်တဖြောင့်တည်းရပ်နားခြင်းဖြစ်၍ မော်တော်ယာဉ်လမ်းကြောင်းပြောင်းလဲပြီး လမ်းအကွေ့အတိုင်းမလိုက်ပဲ အန္တရာယ် ဖြစ်လွယ်သည်။ |
| 661 | ○ | တောင်ကြားလမ်းတွင် မောင်းနှင်ချိန်မှာ ကောက်ကွေ့သောလမ်းတွင် ယာဉ်ကိုယ်ထည်သည် ဗဟိုခွါအားများလွန်းပြီး  အပြင်ဘက်သို့ ရွှေ့လျားခြင်းကိုခံစားရသည်။ အဓိက အကြောင်းအရင်းမှာ လမ်းကွေ့အယူအဆ မှားယွင်းခြင်း သို့မဟုတ် အရှိန်မြန်လွန်းခြင်း ကြောင့်ဖြစ်သည်။ |
| 662 | ○ | တောင်ကြားလမ်းတွင် မောင်းနှင်ချိန်မှာ ဗဟိုခွါအားကြောင့်  ယာဉ်ကိုယ်ထည်က အပြင်ဘက်သို့ ရွှေ့လျားခြင်းသည် လမ်းကွေ့အယူအဆ မှားယွင်းမှုကြောင့် ဖြစ်သည်။ လီဗာထိန်းပြီး ကိုယ်ခန္ဓာက မော်တော်ဆိုင်ကယ်နှင့် တူညီရာဘက်သို့ စောင်း၍ အလိုက်သင့်သွားခြင်းဖြင့် အန္တရာယ်ကို ဖြေရှင်းနိုင်မည်။ |
| 663 | ○ | မော်တော်ဆိုင်ကယ်ကို စီးရာမှာ ရှေ့တွင် ချိုင့်ကို တွေ့ရှိပြီး အချိန်မီ မရှောင်ရှားနိုင်ပါက အရှိန်လျှော့ပြီး ဟန်ချက်ညီအောင်ထားရမည်။ ချိုင့်ကို ကျော်ရာမှာ ဘရိတ်လွှတ်ပြီး ကိုယ်ခန္ဓာကို ဖြေလျှော့၍  အလိုအလျောက် ခုန်နိုင်ရန် ပေါင်ဖြင့်ထောက်ပံ့ခြင်းသည် အန္တရာယ်ကို ဖြေရှင်းနိုင်သည်။ ဘရိတ်ဖမ်းရင်း ချိုင့်ကို ဖြတ်ကျော်ခြင်းကို လုံးဝမပြုရ၊ သို့မဟုတ်လျှင် ရှော့ဘားကိရိယာသည် ဘရိတ်ဖမ်းသဖြင့် အောက်သို့ဖိပြီး စွမ်းဆောင်မှု ဆုံးရှုံးနိုင်မည်။ |
| 664 | X | အော်တိုမက်တစ်ဂီယာသုံး မော်တော်ဆိုင်ကယ်သည် အင်ဂျင်ဘရိတ် မရှိပေ။ |

| | | |
|---|---|---|
| 665 | ○ | မော်တော်ဆိုင်ကယ်သည် ရေရှိသော မြေပြင်ကို ဖြတ်ကျော်ရာမှာ ဗုံပုံစံဘရိတ် ထဲသို့ ရေဝင်သောကြောင့် ဘရိတ်ဖမ်းလျှင် ဘရိတ်မမိ ဖြစ်တတ်သည်၊ ရေရှိသော မြေပြင်ကို ဖြတ်ပြီးနောက် ဘရိတ်စမ်းဖမ်းကြည့်ခြင်းအားဖြင့် ဘရိတ်ပြားကို ပွတ်တိုက်သဖြင့် ရေကို ဖယ်ထုတ်စေသည်။ |
| 666 | ○ | မှန်ကန်သော မော်တော်ဆိုင်ကယ်အရှိန်လျှော့ခြင်းသည် လီဗာလွှတ်၍ အင်ဂျင်ဘရိတ်ဖမ်းပြီးနောက် ရှေ့နှင့် နောက်ဘရိတ်ဖမ်းခြင်းဖြင့် အရှိန်လျှော့ရမည်။ |
| 667 | ○ | ပေဒသယ်လှမ်းအင်္ဂါယူအခြောက်ကွန့်ကြားခြင်းမှာ ဆံခြုံမလဲ ပေဒသယ်လှမ်းအင်္ဂါမှုလိုက်ပါက ဘီတူးနှင့်တွဲပေးလိုက်ပါက ချန်နယ်ဆီကိုအသုံးချုံမရွေ့ပါကဆိုလွှာအတွက် အနီးတွင်းသားဖြစ်လာခြင်းမရှိပါ။ |
| 668 | ○ | ဂီယာရှိ မော်တော်ဆိုင်ကယ် မောင်းနှင်ရာမှာ ကလပ်ကိုဆွဲပါက ယာဉ်သည် အင်နားရှားကြောင့် လျှောသွားနိုင်သည်။ |
| 669 | X | ဂီယာရှိ မော်တော်ဆိုင်ကယ် မောင်းနှင်ရာမှာ ကလပ်ကိုဆွဲပါက ယာဉ်သည် ရုတ်တရက် အရှိန်လျှော့မည်။ |
| 670 | ○ | ဂီယာရှိ မော်တော်ဆိုင်ကယ် မောင်းနှင်ရာမှာ ဂီယာလျှော့ခြင်း မသင့်လျော်ပါက အင်ဂျင်က ဘီးညှပ်ပြီး နောက်ဘီးကို တိမ်းစောင်း၍ ချော်လဲနိုင်သည်။ |
| 671 | X | သဲမြေ သို့မဟုတ် ပတ်ဝန်းကျင်အလွန်ညစ်ညမ်းသော နေရာတွင် အမြဲတမ်းမောင်းနှင်ပါက လေစစ်ကိရိယာသန့်ရှင်းမှုကို အကြိမ်တိုး၍လုပ်ရန် မလိုအပ်ပေ။ အင်ဂျင် သက်တမ်းအပေါ် ထိခိုက်မှုမရှိပေ။ |
| 672 | ○ | မော်တော်ဆိုင်ကယ်သည် ကောင်းမွန်သော မြေပြင်တွင် ဘရိတ်ဖမ်းရာမှာ ညာဘက်လက်က ရှေ့ဘရိတ်ဆွဲတံကို ဆွဲသည့်အားသည် ဘယ်ဘက်လက်က နောက်ဘရိတ်ဆွဲတံကို ဆွဲသည့်အားထက် အနည်းငယ်ပိုကြီးနိုင်သည်။ သို့ရာတွင် မြေပြင် အခြေအနေအလိုက် ဘရိတ်ဖမ်းအားကို ထိန်းညှိရမည်။ မြေပြင် အခြေအနေ ဆိုးဝါးလေ ရှေ့ဘရိတ်ဖမ်းအား လျော့ပါးလေဖြစ်သည်။ |
| 673 | X | မော်တော်ဆိုင်ကယ်ကို ဆေးကြောသန့်ရှင်းရာမှာ ပစ္စည်းထားသေတ္တာထဲတွင် စိုထိုင်းလွယ်သော ပစ္စည်းများရှိပါက ဖယ်ထုတ်ရန်မလိုပါ သို့မှသာ ပျက်စီးဆုံးရှုံးမှုကိုရှောင်ရှားနိုင်မည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 674 | X | ဆိုင်ကယ် အင်ဂျင်စက်အဖွင့်အပိတ်သော့ကို ON သို့မဟုတ် OFF နေရာသို့ လှည့်သည့်အချိန်တွင် ဆိုင်ကယ် မီတာဒိုင်ခွက်ရှိခါတ်ဆီပမာဏပြလက်တံအားလုံး လှုပ်ရှားညွှန်ပြသည်။ |
| 675 | X | ဘီတူးအင်္ဂါနီရှင်းဆက်သွယ်ခွင့်ကို ပြင်းဆင်းချက်မရွှေ့လိုက်ပါက ဘီတူးအင်္ဂါနီရှင်းကြားနေသည်မှာ မည်သည့်အကွက်ဖြင့် ရောက်လှန်သင့်လွှဲခွင့်မရှိပါ။ |
| 676 | ○ | အင်ဂျင် စက်နှိုးခလုတ်ကို နှိပ်၍စက်နှိုးရာတွင် ၃-၅ စက္ကန့်ကြာပြီးနောက် မော်တော်ဆိုင်ကယ် အင်ဂျင်စက်မနှိုးပါက လီဗာကို ၁/၈ မှ ၁/၄ အထိ လှည့်လျှင် စက်နှိုးလွယ်သည်။ |
| 677 | X | မော်တော်ဆိုင်ကယ် အင်ဂျင်စက်နှိုးခလုတ်ကို ၁၀ စက္ကန့်ကျော် နှိပ်သော်လည်း အင်ဂျင်စက်မနှိုးသေးပါက နောက်ထပ် ၁၀စက္ကန့် စောင့်ရန်မလိုပဲ ဆက်လက်နှိပ်နိုင်သည်။ အင်ဂျင် မပျက်ဆီးနိုင်ပါ။ |
| 678 | ○ | မော်တော်ဆိုင်ကယ်သည် ကြာရှည်စွာ မသုံးခြင်း သို့မဟုတ် ဓါတ်ဆီကိုလုံးဝကုန်အောင်သုံးပြီးမှ ဆီဖြည့်လျှင် စက်နှိုးဖို့ ခက်ခဲသည်။ လီဗာကို နည်းနည်းလှည့်၍ ပြန်ပိတ်ပြီးနောက် ထပ်မံနှိုးပါက စက်နှိုးနိုင်မည်။ |
| 679 | ○ | အင်ဂျင်ကို စက်နှိုးပြီးနောက် စက်ပူစေသည့်အချိန် ကြာလွန်းရန် မသင့်လျော်ပေ။ |
| 680 | | မူရင်းခေတ်ဖျက်ပါ |
| 681 | ○ | မော်တော်ဆိုင်ကယ် ထိုင်ခုံအောက်ရှိ ပစ္စည်းထားသေတ္တာအတွင်းမှ အပူချိန်သည် အင်ဂျင် အပူချိန်လောက် မြင့်မားသည်။အပူဒဏ်မခံနိုင်သည့်.ပစ္စည်းများဖြစ်သော အီလက်ထရွန်နစ်ပစ္စည်း၊လတ်ဆတ်သော အစားအစာ၊ အငွေ့ပျံလွယ်သော ပစ္စည်းများကို ပစ္စည်းထားသေတ္တာထဲတွင် မထည့်ရ၊ သို့မှသာ ပျက်စီးဆုံးရှုံးမှုကိုရှောင်ရှားနိုင်မည်။ |
| 682 | X | မော်တော်ဆိုင်ကယ် လုံးဝရပ်သွားချိန်တွင် အကွေ့အချက်ပြမီးခလုတ်ကို မူလအတိုင်းထားပြီး အဓိကခလုတ်သော့ကို ON သို့ လှည့်ပါက အင်ဂျင်ရပ်သွားမည်။ |
| 683 | X | မော်တော်ဆိုင်ကယ်စီးရာမှာ အဓိကခလုတ်သော့ကို အချိန်မရွေး လှည့်နိုင်သည်။ သို့မှသာ မတော်တဆမှုနှင့် အန္တရာယ်ကို ရှောင်ရှားနိုင်သည်။ |

| | | |
|---|---|---|
| 684 | ○ | မော်တော်ဆိုင်ကယ် ရပ်ပြီးနောက် လူသည် ဘယ်ဘက်မှ ဆင်းရမည်။ လမ်းပန်းဆက်သွယ်ရေးကို မပိတ်ဆို့သော မြေညီသည့်နေရာတွင် အဓိကဒေါက်ကို ထောက်ပြီးရပ်ပါ။ |
| 685 | ○ | ခိုးယူမှုကို ကာကွယ်ရန်အတွက် မော်တော်ဆိုင်ကယ်ရပ်ပြီးနောက် လက်ကိုင်တံကိုချုပ်ပြီး သော့နှုတ်ယူလိုက်ရမည်။ |
| 686 | ○ | မော်တော်ဆိုင်ကယ် အင်ဂျင်ဝိုင်ကို စစ်ဆေးရာမှာ ပြန့်ပြူးသော မြေပြင်တွင် အဓိကဒေါက်ကိုထောက်၍ အင်ဂျင်စက်ပိတ်ပြီး ၂-၃ မိနစ်အကြာနောက်ပိုင်းမှ အင်ဂျင်ဝိုင်တိုင်းပေတံကိုထုတ်၍ သန့်ရှင်းပြီး ထပ်မံထိုးသွင်းရမည်။ ပြီးလျှင် အင်ဂျင်ဝိုင်တိုင်းပေတံကို ထပ်မံ ထုတ်f၍ အင်ဂျင်ဝိုင်ပမာဏသည် ပေတံ အမြင့်ဆုံးနှင့် အနိမ့်ဆုံးအမှတ်ကြားတွင် ရှိမရှိ စစ်ဆေးပါ။ |
| 687 | ○ | မော်တော်ဆိုင်ကယ် ရောင်းချဌါန သို့မဟုတ် အကျိုးဆောင်စင်တာသို့ အချိန်မှန် သွား၍ ဘရိတ်ပြား ပွန်းသည့်ပမာဏကို စစ်ဆေး သင့်သည်။ ဘရိတ်ပြားသည် အန္တရာယ်ရှိသည့် သတိပေးအမှတ်ထိ တိုက်စားနေပါက ချက်ခြင်းလဲလှယ်ရမည်။ |
| 688 | ○ | ဘတ်ထရီအိုးငုတ်တိုင်တွင် လှိုက်စားသဖြင့် အဖြူရောင်အမှုန့်ရှိပါက ပူနွေးသောရေဖြင့် တိုက်ချွတ်ဆေးကြောပြီး အမဲဆီ(ချောဆီ)ကို ကာကွယ်ရန်သုတ်လိမ်းရမည်။ |
| 689 | ○ | ညပိုင်း မော်တော်ဆိုင်ကယ်စီးရာမှာ ဆိုင်ကယ်မီး ရုတ်တရက် ပိတ်သွားခြင်းသည် ဖျူးကြိုး ပြတ်သွာခြင်းဖြစ်နိုင်သည်။ |
| 690 | ○ | လေစစ်ကိရိယာ စွမ်းဆောင်မှုသည် ဆလင်ဒါသို့ ဝင်သော ဖုံမှုန့်ကို စစ်ပေးခြင်းဖြစ်သည်။ ရေငွေ့သို့မဟုတ် ဖုံမှုန့်အလွန်များပါက လေဝင်လေထွက်မကောင်းသောကြောင့် ဓါတ်ဆီနှင့် လေထုရောစပ်မှု အချိုးအစားမြင့်လွန်းစေပြီး လောင်ကျွမ်းမှု မပြည့်စုံခြင်း၊ အင်ဂျင် အင်အားနည်းခြင်း၊ ဆီကုန်များခြင်းတို့ဖြစ်စေသည်။ |
| 691 | X | မော်တော်ဆိုင်ကယ် လက်ကိုင်လေကာအိတ်ကို တပ်ဆင်ခြင်းသည် မိုးလေကာ၍ ပူနွေးစေသည်။ မောင်းနှင်ရာတွင်လည်း အန္တရာယ်မဖြစ်နိုင်ပါ။ |
| 692 | ○ | အင်ဂျင်သည် အေးရာမှ အရှိန်မြင့် လည်ပတ်လျှင် သက်တမ်း တိုနိုင်မည်။ |
| 693 | ○ | ကားမောင်းသူက ကားပိုင်ရှင်လက်စွဲစာအုပ်အရ သင့်လျော်သော အောက်တိန်းဓါတ်ဆီကို သုံးရမည်။ |

| | | |
|---|---|---|
| 694 | ○ | အောက်တိန်းနိမ့်လွန်းသော ခါတ်ဆီကို သုံးပါက ပုံမှန်မဟုတ်သော လောင်ကျွမ်းခြင်းဖြစ်စေပြီး ပေါက်ကွဲခြင်း၊ ဆီသုံးနှုန်းများခြင်း၊ အင်ဂျင်အားနည်းခြင်း စသောအခြေအနေ ဖြစ်နိုင်မည်။ |
| 695 | ○ | ကားဆီဖြည့်ရာတွင် ဆီဖြည့်အပေါက်ကို လှည့်ဖွင့်ချိန်မှာ ဆီတိုင်ကီအတွင်းမှာ ဖိအားရှိနိုင်ပြီး လက်ဝဲရစ် တစ်ဝက်ဖွင့်၍ 「စီစီ」 ဟူသော အသံရပ်ပြီးမှ အကုန်ဖွင့်ရမည် သို့မဟုတ်လျှင် ကျန်ရှိသော ခါတ်ဆီပန်းထွက်၍ ထိခိုက်စေနိုင်မည်။ |
| 696 | ○ | ကားမမောင်းခင် မော်တော်ကား အင်ဂျင်ဝိုင်ကို  အရင်စစ်ဆေးလျှင် အကောင်းဆုံးဖြစ်သည်။ အင်ဂျင်ဝိုင် မျက်နှာပြင်သည် အညွှန်းပေတံ အတိုင်းအတာအတွင်းတွင် ရှိစေရမည်။ အင်ဂျင်ဝိုင်ပမာဏ များလွန်းလျှင် အင်ဂျင်လုပ်ဆောင်ချက် ပိုများသဖြင့် ဆီသုံးနှုန်း များစေမည်။ |
| 697 | ○ | အင်ဂျင်ဝိုင်ပမာဏကို စစ်ဆေးရာတွင် ကားသည် ရေပြင်ညီမြေနှာပြင်တွင် ရပ်နားရမည်။ |
| 698 | X | အင်ဂျင်ဝိုင်ပမာဏနှင့် အရည်အချင်းကို စစ်ဆေးရာတွင် အင်ဂျင်စက်နိှုးချိန်တွင် ဆောင်ရွက်ရမည်။ |
| 699 | X | အင်ဂျင်စက်ရပ်ပြီးနောက် အင်ဂျင်ဝိုင်ပမာဏကို ချက်ခြင်းစစ်ဆေးနိုင်သည်။ |
| 700 | X | တာယာပေါ် ရှိ ပန်းများ ပွန်း၍တိုက်စားမှုများသော်လည်း ကားမောင်းရာတွင်  အန္တရာယ် မဖြစ်နိုင်ပါ။ |
| 701 | X | ရာသီဉတုအေးချိန်တွင် ဘယ်လက်ကို အနွေးအင်္ကျီအိတ်ကပ်ထဲတွင်ထဲ့၍ ညာလက်ဖြင့် မော်တော်ဆိုင်ကယ်စီးနိုင်သည်။သို့သော် အရှိန်လျှော့ပြီး ညာဘက်ကပ်၍ မောင်းနှင်ရမည်။ |
| 702 | X | ယာဉ်မောင်းသူသည် ကားနှင့် ရထားလမ်းဆုံကို စည်းကမ်းဖောက်ဖျက်၍ ဖြတ်ကူးပါက ယာဉ်တိုက်မှုမဖြစ်စေသော်လည်း ဒဏ်ငွေချပြီး စည်းကမ်း ဖောက်ဖျက်မှုမှတ်တမ်းတွင် ထည့်သွင်းမှတ်သားရန် မလိုပါ။ |
| 703 | ○ | မော်တော်ကားသည် ရထားလမ်းဆုံသို့ ရောက်ရှိချိန်တွင် ရှေ့ကားရှိလျှင် ခဏစောင့်ရမည်။ရှေ့ကားက လမ်းဆုံကို ထွက်ခွါပြီး ဘေးကင်းရာအကွာအဝေးရောက်မှသာ မိမိကားကို ဖြတ်ကျော်နိုင်မည်။ |
| 704 | ○ | ယာဉ်မောင်းသူက ကားနှင့် ရထားလမ်းဆုံ ထိုးဝင်သောကြောင့် အမှုအခင်း ဖြစ်စေပါက ဒဏ်ငွေမှလွဲ၍ ကားမောင်းလိုင်စင်ကို ဖျက်သိမ်းပြီး တသက်လုံး မလျှောက်ထားနိုင်ပေ။ |

| | | |
|---|---|---|
| 705 | X | ယာဉ်မောင်းသူသည် ရထားလမ်းဆုံထိန်းသိမ်းသူ ကွပ်ကဲမှုကို မလိုက်နာခြင်း၊ သို့မဟုတ် အချက်ပေးခေါင်းလောင်းသံမြည်ခြင်း၊ အချက်ပြအမှတ်အသားမှ အရောင်လက်ခြင်း၊ ရထားလမ်းအကာ စတင်ကျပြီး အတင်းအကြပ် ဖြတ်ကူးပါက ထိုင်ဝမ်ငွေ ၁၅၀၀၀-၃၀၀၀၀ ဒဏ်ငွေချခံရမည်။ |
| 706 | X | ယာဉ်မောင်းသူသည် ရထားလမ်းဆုံထိန်းသိမ်းသူမရှိ၊ ရထားလမ်းအကာမရှိ၊ အချက်ပေးခေါင်းလောင်းသံမရှိ အချက်ပြမီးမရှိဘဲ သတိပေးဆိုင်းပုဒ်နှင့် လမ်းပေါ်တွင်ပြုလုပ်ထားသော အတားအဆီးရှိသောလမ်းဆုံတွင် စည်းကမ်းဖောက်၍ ဆက်လက်ဖြတ်ကျော်မောင်းနှင်ပါက ထိုင်ဝမ်ငွေ ၁၅၀၀၀-၂၀၀၀၀ ဒဏ်ငွေချခံရမည်။ |
| 707 | ○ | ကားမောင်းသူသည် ကားနှင့်ရထားလမ်းဆုံတွင် ကားကျော်တက်ခြင်း၊ နောက်ပြန်သွားခြင်း၊ နောက်ဆုတ်ခြင်း သို့မဟုတ် ယာယီကားရပ်ပါက ထိုင်ဝမ်ငွေ ၁၅၀၀၀-၉၀၀၀၀ယွမ် ငွေဒဏ်ချပြီး ကားမောင်းလိုင်စင်ကို ထိန်းချုပ်ရမည်။ ကားတိုက်မှုဖြစ်ပါက ကားမောင်းလိုင်စင်ကို ဖျက်သိမ်းရမည်။ |
| 708 | X | ကားနှင့် ရထားလမ်းဆုံတွင် လာရာလမ်းသို့ပြန်လှည့်ခြင်း၊ ကားနောက်ဆုတ်ခြင်း၊ ယာယီရပ်ခြင်း မပြုရ။ လိုအပ်ပါက ကားကျော်တက်နိုင်သည်။ |
| 709 | ○ | ကားနှင့် ရထားလမ်းဆုံတွင် ချွတ်ယွင်းမှုကြောင့် ကားစက်ရပ်သွားပါက လမ်းဆုံရှိ {အရေးပေါ်ခလုတ်}ကို ချက်ချင်းနှိပ်ရမည်။ |
| 710 | ○ | ကားနှင့် ရထားလမ်းဆုံတွင် ရထားလမ်းအကာ သို့မဟုတ် ထိန်းသိမ်းကွပ်ကဲသူရှိပြီး ထိန်းသိမ်းသူက ရပ်ဆိုင်းရန် မဖေါ်ပြသော်လည်း ရထားလမ်းနှစ်ဘက်ကို ကြည့်၍ နားထောင်ရမည်။ ရထားလာခြင်းမရှိမှသာ ဖြတ်ကူးနိုင်မည်။ |
| 711 | X | ကားနှင့် ရထားလမ်းဆုံတွင် ရထားလမ်းအကာ သို့မဟုတ် ထိန်းသိမ်းကွပ်ကဲသူရှိပြီး ရထားလမ်းအကာ မချပါက အရှိန်တိုးပြီး အမြန်ဖြတ်ကူးရမည်။ |
| 712 | ○ | ကားနှင့် ရထားလမ်းဆုံတွင် အချက်ပေးခေါင်းလောင်း၊ အရောင်လက်အချက်ပြမီး ရှိသည်။ အချက်ပေးခေါင်းလောင်းသံမမြည်၊ အရောင်လက်အချက်ပြမီး မလင်းသော်လည်း ရထားလမ်းနှစ်ဘက်ကို ကြည့်၍ နားထောင်ရမည်။ ရထားလာခြင်းမရှိမှသာ ဖြတ်ကူးနိုင်မည်။ |
| 713 | ○ | ကားနှင့် ရထားလမ်းဆုံတွင် ထိန်းသိမ်းကွပ်ကဲသူ သို့မဟုတ် ရထားလမ်းအကာ၊ အချက်ပေးခေါင်းလောင်း၊ အရောင်လက်အချက်ပြမီး စသည်တို့. မရှိသော်လည်း |

| | | |
|---|---|---|
| | | ယာဉ်မောင်းသူသည် ရထားသံလမ်းမရောက်မီ ၃-၆ မီတာအကွာတွင် ယာယီရပ်ဆိုင်းပြီး ရထားလမ်းနှစ်ဘက်ကို ကြည့်၍ နားထောင်ရမည်။ ရထားလာခြင်းမရှိမှသာ ဖြတ်ကူးနိုင်မည်။ |
| 714 | ○ | မောင်းနှင်ရာတွင် ကားမောင်းသူသည် ကားနှင့်ရထားလမ်းဆုံ အမှတ်အသားကို တွေ့လျှင် အရှိန်ကို တစ်နာရီလျှင် ၁၅ကီလိုမီတာအောက်အထိ လျှော့ရမည်။ |
| 715 | ○ | ချွတ်ယွင်းမှု သို့မဟုတ် လမ်းပိတ်ဆို့မှုကြောင့် မော်တော်ကားသည် ကားနှင့် မီးရထားလမ်းဆုံတွင် မရွေ့လျားနိုင်ဘဲပိတ်မိနေပါက သို့မဟုတ် အခြားအတားအဆီး တွေ့ရှိပါက အရေးပေါ် ခလုတ်ကို အမြန်ဆုံး နှိပ်သင့်သည်။ |
| 716 | ○ | ကားနှင့် မီးရထားလမ်းဆုံ အရေးပေါ် ခလုတ်သည် အသက်ကယ်ရန်အတွက် သုံးသည်။ ၎င်းကို သုံးလျှင် မီးရထားသွားလာခြင်း ထိခိုက်မှု အလွန်ကြီးသဖြင့် အရေးကြီးအခြေအနေမရှိပါက လျှောက်အသုံးမပြုရ။ |
| 717 | X | ကားနှင့် မီးရထားလမ်းဆုံကို ဖြတ်ကျော်ချိန်မှာ အရေးပေါ်ခလုတ်ကို အလျဉ်းသင့်နှိပ်နိုင်သည်။ ၎င်း ဆောင်ရွက်မှုကို စမ်းသပ်၍ အရေးပေါ် အခြေအနေတွင် အလုပ်မလုပ်ခြင်းကို ရှောင်ရှားနိုင်သည်။ |
| 718 | ○ | ကားနှင့် မီးရထားလမ်းဆုံ အနားရှိ အနီရောင် အရေးပေါ် ခလုတ်ကိုနှိပ်ပါက ၎င်းတကယ်စတင်အလုပ်လုပ်ပါက လည်နေသော အနီရောင်အဝိုင်းပုံမီးသည် အဆက်မပြတ် တလက်လက်အရောင်ထွက်မည်။ |
| 719 | ○ | ထုတ်ဝေမြင့်တားရေးတစ်ခုနှင့် ပြန်ကြားကားတစ်ရပ်ရှိပြီးမှတ်ပုံတင် ကြာရှည်ခွင့်ကို ပြင်းပေးနိုင်သည်မဟုတ်သောကားတန်းမြင့် ထုတ်ဝေဖြစ်နိုင်ပါသည်။ |
| 720 | ○ | မော်တော်ယာဉ်သည် ကားနှင့် မီးရထားလမ်းဆုံတွင်  မရွေ့လျားနိုင်ချိန်မှာ ယာဉ်မောင်းသူ သို့မဟုတ် လမ်းသွားလမ်းလာက ဝင်းထရံနားရှိ အနီရောင် အရေးပေါ်ခလုတ်ကို နှိပ်နိုင်သည်။ သို့မှသာ မီးရထားယာဉ်မောင်းသူသည် ဘရိတ်ဖမ်း သို့မဟုတ် အရှိန်လျှော့စေ၍  အသက်နှင့် ဥစ္စာပစ္စည်းအလကား မဆုံးရှုံးသွားပါ။ |
| 721 | ○ | မော်တော်ယာဉ်သည် ချွတ်ယွင်းမှု သို့မဟုတ် လမ်းပိတ်ဆို့မှုကြောင့် ကားနှင့် မီးရထားလမ်းဆုံတွင် မရွေ့လျားနိုင်ပါက ကားမောင်းသူ သို့မဟုတ် လမ်းသွားလမ်းလာက အရေးပေါ်ခလုတ်ကို အမြန်ဆုံး နှိပ်ပြီးမှ ကားယာဉ်ကို လမ်းဆုံမှ တွန်း၍ဖယ်ရှားရမည်။ |

| | | |
|---|---|---|
| | | ကားယာဉ်ကို မတွန်းနိုင်ပါက အရေးပေါ်ခလုတ်မှ 「ရထားလာတော့မယ်၊ လမ်းဆုံမှ အမြန်ဆုံး ထွက်ခွါပါ」 ဟူသောအသံကို ကြားရချိန်မှာ လမ်းဆုံမှ အမြန်ဆုံး ထွက်ခွါရမည်။ |
| 722 | X | မော်တော်ယာဉ်သည် ချွတ်ယွင်းမှုကြောင့် ကားနှင့် မီးရထားလမ်းဆုံတွင် မရွေ့လျားနိုင်ပါက ကားယာဉ်ကို လမ်းဆုံမှ ဦးစွာရွှေ့လျားရန် တွန်းထုတ်ရမည်။ အကယ်၍ကားယာဉ်ကို မတွန်းနိုင်ပါက အရေးပေါ်ခလုတ်ကို နှိပ်ပြီး ရထားမောင်းသူကို ဘရိတ်ဖမ်းရန်သတိပေးခြင်းဖြင့် အတိုက်ခံခြင်းမှ ရှောင်ရှားနိုင်သည်။ |
| 723 | ◯ | ကားနှင့် မီးရထားလမ်းဆုံရှိ အရေးပေါ်ခလုတ် စတင်ပြီးနောက် လမ်းဆုံမှ ၈၀၀မီတာ အကွာတွင် အရှေ့တွင်အခြေအနေရှိကြောင်း ရထားမောင်းသူအား သတိပေးသည့်အချက်ပြမည်ဖြစ်ပြီး အရှိန်လျှော့မောင်းစေသည်။ |
| 724 | X | ကားနှင့် မီးရထားလမ်းဆုံတွင် ရှေ့ကားက ရပ်နားခြင်း၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်း မပြုဘဲ အန္တရာယ်ကင်းစွာ ဖြတ်ကျော်သဖြင့် မိမိကလည်း ရပ်နားခြင်း၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်း မပြုပဲ အမြန် ဖြတ်ကျော်နိုင်သည်။ |
| 725 | ◯ | မော်တော်ဆိုင်ကယ် ဖျက်သိမ်းပြီးသော်လည်း အစိုးရသတ်မှတ်ထားသည့် ယာဉ်အာမခံ သက်တမ်းမကုန်သေးပါက အာမခံထားသူသည် အာမခံကြေးကို ပြန်ထုတ်ရန် လျှောက်ထားနိုင်မည်။ |
| 726 | X | မော်တော်ဆိုင်ကယ် ဖျက်သိမ်းပြီးသော်လည်း အစိုးရသတ်မှတ်ထားသည့်ယာဉ်အာမခံ သက်တမ်းမကုန်သေးပါက အာမခံကိုသာ ဖျက်သိမ်းပြီး အာမခံကြေးကိုပြန်ထုတ်၍မရပါ။ |
| 727 | X | အစိုးရသတ်မှတ်ထားသည့်ယာဉ်အာမခံသည် အမှားရှိတာဝန်ယူ အာမခံဖြစ်သည်။ ယာဉ်မောင်းသူသည် အမှားတာဝန် ရှိမှသာ အာမခံကြေးကို လျှောက်ထားနိုင်ပြီးလျော်ကြေးပေးမည်။ |
| 728 | ◯ | အစိုးရသတ်မှတ်ထားသည့်ယာဉ်အာမခံသည် အမှားမဲ့တာဝန်ယူ အာမခံဖြစ်သည်။ ယာဉ်မောင်းသူသည် အမှားတာဝန် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သတ်မှတ်ချက်အရ အာမခံကြေး လျှောက်ထားနိုင်ပြီးလျော်ကြေးပေးမည်။ |

| | | |
|---|---|---|
| 729 | X | အစိုးရသတ်မှတ်ထားသည့် ယာဉ်အာမခံလျော်ကြေးပေးသည့် အကန့်အသတ်တွင် လူ့အသက်နှင့် ကိုယ်ခန္ဓာထိခိုက်မှု၊ ယာဉ်တိုက်မှု ဖြစ်သည့်ယာဉ်နှင့် အခြားဥစ္စာပစ္စည်း ဆုံးရှုံးမှုများပါဝင်သည်။ |
| 730 | ◯ | အစိုးရသတ်မှတ်ထားသည့် ယာဉ်အာမခံလျော်ကြေးပေးသည့် အကန့်အသတ်တွင် လူ့အသက်နှင့် ကိုယ်ခန္ဓာထိခိုက်မှုသာ ပါဝင်သည်။ ယာဉ်တိုက်မှုဖြစ်သည့်ယာဉ်နှင့် အခြားဥစ္စာပစ္စည်း ဆုံးရှုံးမှုများ မပါဝင်ပါ။ |
| 731 | X | မော်တော်ဆိုင်ကယ် မောင်းသူသည် မိုးရွာချိန်တွင် လမ်းချောသဖြင့် မိမိသတိမထားမှုကြောင့် မှောက်လဲပြီး ထိခိုက်မှုဖြစ်လျှင် အစိုးရသတ်မှတ်ထားသည့်ယာဉ်အာမခံ အာမခံလျော်ကြေးရရန် လျှောက်ထားနိုင်သည်။ |
| 732 | ◯ | အစိုးရသတ်မှတ်ထားသည့် ယာဉ်အာမခံကို တာဝန်အရ မဝယ်သူ သို့မဟုတ် အာမခံသက်တမ်းကုန်ပြီးနောက် ဆက်လက်မဝယ်ပါက အာမခံဦးစီးဌါနက စစ်ဆေးပြီးဒဏ်ငွေချခံရမည်။ |
| 733 | ◯ | မဝယ်မနေရ မော်တော်ယဉ်တာဝန်ယူမှု အာမခံဥပဒေအရ အာမခံမဝယ်ယူထားလျှင် မတော်တဆမှုဖြစ်ပွားပါက ကုန်းလမ်းကြီးကြပ်ရေး ဦးစီးဌာနမှ ဒဏ်ငွေရိုက်မည်။ |
| 734 | X | ဥပဒေအရ အစိုးရသတ်မှတ်ထားသည့်.ယာဉ်အာမခံကို ဝတ္တရားအရ ဝယ်ရမည်ဟု ကန့်သတ်ထားခြင်းမရှိပါ။ |
| 735 | ◯ | မော်တော်ဆိုင်ကယ်လိုင်စင် လက်ခံရရှိချိန်တွင် သတ်မှတ်ချက်အရ အစိုးရသတ်မှတ်ထားသည့်.ယာဉ်အာမခံကို ဝယ်ယူရမည်။ |
| 736 | X | အစိုးရသတ်မှတ်ထားသည့်ယာဉ်အာမခံဥပဒေအရ လျော်ကြေးပေး အချက်အလက်များတွင် မော်တော်ဆိုင်ကယ် အခိုးခံဆုံးရှုံးမှု လျော်ကြေးပါဝင်သည်။ |
| 737 | ◯ | ယာဉ်တိုက်မှုကြောင့် ဖြစ်သော ဥစ္စာပစ္စည်း ဆုံးရှုံးမှုနှင့် ဆေးဖိုးဝါးခများကို တဖက်လူအား လျော်ကြေးပေးရန် တောင်းခံနိုင်သည်။ |
| 738 | ◯ | လမ်းဘေးတွင် ကာဗွန်မီးခိုးထုတ်လွတ်မှုစစ်ဆေးခြင်းကို တိမ်းရှောင်၊ တားဆီး၊ ငြင်းပယ်ပါက ဒဏ်ငွေ ချခံရမည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 739 | X | သတ်မှတ်ချက်အရလေထုညစ်ညမ်းစေသော ကာဗွန်မီးခိုးထုတ်လွှတ်မှုကို သတ်မှတ်ထားသော အချိန်အတွင်း စစ်ဆေးခြင်းမပြုလုပ်ပါက ကားပိုင်ရှင်ကို ဒဏ်ငွေမချသော်လည်း ၎င်းကားအား စည်းကမ်းဖောက်ဖျက်မှု ၁ကြိမ် မှတ်သားရမည်။ |
| 740 | ○ | ပင်မစက်ရုံမှ အကြံပြုသည့် သင့်လျော်သော လောင်စာဆီကိုသုံးရမည်။ မသင့်လျော်သော လောင်စာဆီသည် အင်ဂျင်ကိုပျက်ဆီးစေပြီး ဆီပိုကုန်သည်။ |
| 741 | ○ | သင့်လျော်သော တာယာလေဖိအားသည် ဘေးအန္တရာယ်ကင်းဝေးရေး၊ ဆီချွေတာရေးကို အကျိုးပြုခြင်းသာမက တာယာသက်တမ်းကိုလည်း တိုးမြှင့်စေသည်။ |
| 742 | ○ | ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုဖြင့် မောင်းနှင်ခြင်းသည် ဘေးအန္တရာယ်ကင်းဝေးခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းနှင့်.ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်သော မောင်းနှင်မှု တစ်မျိုး ဖြစ်သည်။ |
| 743 | X | ပုံသေအရှိန်ဖြင့် စီးနင်းခြင်းသည် မော်တော်ဆိုင်ကယ် ပြုပြင်စရိတ်ကို တိုးမြှင့်စေပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်စောင်.ရှောက်မှုဖြင့် မောင်းနှင်ခြင်း မဟုတ်ပါ။ |
| 744 | ○ | မော်တော်ဆိုင်ကယ်မှ ထုတ်လွှတ်သော မီးခိုးအငွေ့ထဲတွင် ကမ္ဘာအပူချိန်ကိုတိုးမြင့်စေသော မှန်လုံအိမ်အကျိုး ဖြစ်စေသည့် အဓိကဓါတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုက် ဖြစ်သည်။ |
| 745 | X | မော်တော်ဆိုင်ကယ်သည် ကောင်းမွန်သောစွမ်းဆောင်ရည်ကို ထိန်းသိမ်းရန်၊ လေထု ညစ်ညမ်းမှုကို လျှော့ချရန်၊ ဆီချွေတာရန်အတွက် ပုံမှန်အားဖြင့် ထိန်းသိမ်းပြုပြင်ရန် မလိုအပ်ပါ။ |
| 746 | ○ | မော်တော်ဆိုင်ကယ်သည် ဟောင်းသွားခြင်းသို့မဟုတ် ပွတ်တိုက်စားမှုကြောင့် ဓါတ်ဆီ၊ အင်ဂျင်ဆီကို စားလွန်းပါက  ပွတ်တိုက်စားခံသော အစိတ်အပိုင်းကို ချက်ချင်း စစ်ဆေးပြုပြင်ရမည်။ သို့မှသာ ဆီသုံးဆွဲမှုလျော့.နည်းစေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်မည်။ |

| | | |
|---|---|---|
| 747 | ○ | ကားမောင်းရာတွင် လီဗါကို လျှော့၍နင်းရမည်၊ စိတ်မလောရ။ အကောင်းဆုံးမှာ အရှိန်ကို ပုံမှန်ထား၍ မောင်းနှင်ရမည်။ လီဗါကို အကြောင်းမဲ့ တိုးခြင်း၊ လျှော့ခြင်းမပြုရ။ သို့မှသာ ဆီချွေတာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချနိုင်မည်။ |
| 748 | ○ | မော်တော်ဆိုင်ကယ်သည် အသုံးပြုနည်းစာအုပ်ရှိ ထိန်းသိမ်းရေးဇယားတွင် သတ်မှတ်သော အချိန် သို့မဟုတ် ခရီးတာအတိုင်း အချိန်မှန် ထိန်းသိမ်းပြုပြင် ရမည်။ |
| 749 | ○ | လမ်းဆုံရောက်ခါနီးတွင် မီးပွိုင့်သည် မီးနီသို့ပြောင်းခဲ့လျှင် အရှိန်နှင့် အကွာအဝေးကို တွက်ဆပြီး အရှိန်ကို ထင်သလို မြှင့်ခြင်းသို့မဟုတ်လျှော့ခြင်းနှင့်ဘရိတ်ဖမ်းခြင်း မပြုရ။ ကားကိုထိန်းနိုင်သည့်အရှိန်ဖြင့် ဆက်လက်မောင်းပါက ဆီချွေတာ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်မည်။ |
| 750 | ○ | အရှိန်ပုံသေဖြင့်စီးနင်းခြင်းသည် မော်တော်ဆိုင်ကယ် ပြုပြင်စရိတ်ကို လျှော့ကျစေပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုဖြင့် မောင်းနှင်ခြင်း ဖြစ်ပါသည်။ |
| 751 | X | ကားမောင်းရာတွင် ခဏခဏ အမြန်အရှိန်မြှင့်ခြင်း၊ အမြန်ဘရိတ်ဖမ်းခြင်းသည် အရှိန်ပိုမြှင့်ပြီးမောင်းနှင်ခြင်းဖြစ်၍ သွားလိုရာသို့ ပို၍အမြန်ရောက်နိုင်သောကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်မည်။ |
| 752 | ○ | မော်တော်ဆိုင်ကယ်သည် အမြန်ပို့ဆောင်ရေးစနစ်ယာဉ်နှင့် အတူမောင်းနေသော ယာဉ်သွားလမ်းတွင် စီးနင်းရာမှာ အမြန်ပို့ဆောင်ရေးစနစ်ကားရဲ့အသံကိုကြား သို့မဟုတ် မီးရောင်ကိုတွေ့လျှင် သတ်မှတ်ချက်အရ ယာဉ်သွားလမ်းကို လွှဲပြောင်း၍ ရှောင်ဖယ်ပေးရမည်။ လိုက်လံစီးနင်းခြင်း မပြုရ။ ကားလမ်းဦးစီးဌာနမှ အခြားသတ်မှတ်ချက်ရှိလျှင် ကင်းလွှတ်မည်။ |
| 753 | X | မော်တော်ဆိုင်ကယ်သည် အမြန်ပို့ဆောင်ရေးစနစ်ယာဉ်နှင့် အတူမောင်းနေ၍ မီးပွိုင့်ရှိသော လမ်းကြားသို့ ရောက်ရှိချိန်မှာ သတိပေးဉာသသံထွက်၊ မီးပွိုင့် အရောင်ထွက်လာလျှင် ကားမောင်းသူသည် အမြန်ပို့ဆောင်ရေးစနစ်ကားကို မရှောင်ဖယ်လိုပေ။ နှစ်ဘက်မှလာသော အမြန်ပို့ဆောင်ရေးစနစ်ကား မရှိလျှင် တိုက်ရိုက်စွာ အရှိန်တိုး၍ ဖြတ်ကူးနိုင်မည်။ |

# 機車法規是非題(မြန်မာ)

| | | |
|---|---|---|
| 754 | X | မော်တော်ဆိုင်ကယ်စီးနင်းသူသည် အမြန်ပို့ဆောင်ရေးစနစ်ယာဉ်နှင့် အတူမောင်းနေ၍ မီးပွိုင့်ရှိသော လမ်းကြားသို့ ရောက်ရှိချိန်မှာ မီးနီရာ ညာဘက်ကွေ့ပါက ဒဏ်ငွေ ထိုင်ဝမ်ငွေ ၆၀၀-၁၈၀၀ယွမ်ကို ချပေးရမည်။ |
| 755 | X | အချိန်ကို ချွေတာရန် (သို့) လောလောဆယ် အဆင်ပြေစေရန် ပန်းခြံတွင်းသို့ မော်တော်ဆိုင်ကား စီးဝင်ခြင်းသည် မောင်းနှင်မှု ကျင့်ဝတ် အတိုင်းသာဖြစ်သည်။ ယာဉ်မောင်း ကျွမ်းကျင်သူအတွက် အန္တရာယ် မရှိနိုင်ပါ။ |
| 756 | ○ | ယာဉ်မောင်းသူသည် ယာဉ် အရှေ့ဘက်၌ရှိသော အခြေအနေများကို အမြဲသတိထားပြီး၊ စည်းမျဉ်းများနှင့်အညီ မောင်းနှင်သင့်သည်။ စက်ဘီးစီးသူများနှင့် တွေ့ဆုံခဲ့လျှင် အန္တရာယ်ကင်း လုံခြုံသည့် အကွာအဝေးကို ထိန်းသိမ်းရမည့်အပြင် စက်ဘီးစီးသူ လမ်းပြောင်းလဲမှု လက်အမူအရာများကိုလည်း ဂရုပြုရမည်။ |
| 757 | ○ | မီးရထားလမ်းဆုံကို လျင်မြန်စွာ ဖြတ်ကျော်ပြီး၊ လမ်းကြောင်းရေိယာ၌ ရပ်နားခြင်း မပြုပါနှင် |
| 758 | X | လျှပ်စစ်သုံး နှစ်ဘီးတပ်ယာဉ်ငယ်စီးသောအခါ အရှိန်အတော်နှေးသောကြောင့် (တစ်နာရီလျှင် ၂၅ ကီလိုမီတာအောက်) ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် မလိုပါ။ |
| 759 | ○ | 2023 ခုနှစ် ဇွန်လ 30 ရက်နေ့နောက်မှ ရယူထားသည့် ယာဉ်မောင်းလိုင်စင်များဖြင့် စကူတာဆိုင်ကယ်စီး၍ မရပါ။ |